# ကြေးမုံ
The Mirror
Established in 1957

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်၊ စနေနေ့၊ (17-10-2015) (၈၃၅၆)


## အေးစေ မြစေ မေတ္တာရေ

- နှစ်ရွာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး။
- မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး။
- အေးစေမြစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး။
- မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး။
- မေတ္တာရနံ့၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နှယ်မဆုံး။
- မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး။
- တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှုံမမုန်း။
- တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း။
- မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

စံကင်းဆရာတော်

# နိုင်ငံတော်မှ ကူညီကယ်ဆယ်ရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အားသွန်ခွန်စိုက်ဆောင်ရွက်ပေးခဲ့ မူလဘဝထက် ပိုမိုကောင်းမွန်သော အခြေအနေသို့ရောက်ရှိအောင် စီမံဆောင်ရွက်နေ

**နေပြည်တော် အောက်တိုဘာ ၁၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးအုန်းမြင့်၊ ဒေါက်တာမြင့်အောင်၊ ဦးရဲထွဋ်တို့နှင့်အတူ ယနေ့မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြပြီး ကယားပြည်နယ် လွိုင်ကော်မြို့သို့ ရောက်ရှိရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ တိုင်းမှူး ဗိုလ်ချုပ် အေးဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဖားဆောင်းမြို့နယ် မော်ချီးဒေသ၌ မိုးသည်းထန်စွာ ရွာသွန်းပြီး မြေပြိုမှုများဖြစ်ပွားမှုကြောင့် ပြန်လည်ထွက်ခွာလာကြသည့် ဘေးသင့်ပြည်သူများအတွက် ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားသော လွိုင်ကော်မြို့ရှိ သာသနာ့ဗိမာန်တော်သို့သွားရောက်ကြကာ စခန်းတွင် ရောက်ရှိနေကြသည့် ဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးပြီး ထောက်ပံ့ငွေများပေးအပ်သည်။

အဆိုပါ ယာယီကယ်ဆယ်ရေးစခန်းတွင် ဘေးသင့်ပြည်သူ ၁၂၉ ဦးကို လိုအပ်သည့်ကူညီထောက်ပံ့မှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ❖



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မော်ချီးဒေသမှ ဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစဉ်။ (သတင်းစဉ်)

# စားနပ်ရိက္ခာဖူလုံစေရေးအတွက် မြန်မာ့အရန်ဆန်လုံလောက်မှုရှိ မိုးစပါးပေါ်ချိန်တွင် ဆန်ဈေးများ ပြန်လည်တည်ငြိမ်လာနိုင်

**နေပြည်တော် အောက်တိုဘာ ၁၆**

မြန်မာနိုင်ငံတွင် ရေကြီးနစ်မြုပ်မှုများကြောင့် လယ်ဧက ၁ ဒသမ ၄ သန်း ရေနစ်မြုပ်ခဲ့ပြီး ရှစ်သိန်းကျော် ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သော်လည်း စားနပ်ရိက္ခာအတွက် အရန်ဆန်လုံလောက်မှုရှိကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာ စားနပ်ရိက္ခာနဲ့ပတ်သက်ပြီး အရန်ဆန်က လုံလောက်တဲ့ ပမာဏရှိနေပါတယ်။ ပုဂ္ဂလိကအနေနဲ့ကတော့ အသင်းဝင်ကုမ္ပဏီတွေ၊ စက်ပိုင်တွေမှာ သင့်တင့်တဲ့ ဆန်သိုလှောင်မှုတွေရှိပါတယ်။ အရန်ဆန်မရှိတော့တာ မဟုတ်ပါဘူး။ ဆန်စပါးအသင်းချုပ်ရဲ့ အသင်းဝင်တွေမှာ စုဆောင်းသိုလှောင်ထားတာတွေရှိပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အာဆီယံခွဲတမ်းအရ ထားရှိရမယ့်အရန်ဆန်က တန်ချိန် တစ်သောင်းလေးထောင် အိတ်ရေနဲ့ဆို အိတ်ပေါင်း တစ်သိန်းရှစ်သောင်းရှိပါတယ်။ ဒါတွေဟာ အစိုးရမှာလည်းရှိတယ်။ ပုဂ္ဂလိကမှာလည်းရှိတယ်"ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးစိုးထွန်းက ပြောသည်။

ယခုလက်ရှိတွင် ဆန်ဈေးမတည်ငြိမ်မှုနှင့်ပတ်သက်ပြီး "လောလောဆယ် စပါး စပေါ်ပေါ်ချင်းမှာ ဈေးက ငါးသိန်းခွဲ၊ ခြောက်သိန်းဝန်းကျင်ဖြစ်နေတယ်။ ဆန်ဈေးကတော့ မာနေတယ်။ ပေါ်ဦးပေါ်ဖျားမှာ ဒီလိုပဲဈေးတက်တတ်ပါတယ်။ ဒီနှစ်အတွင်းမှာ ရာသီဥတုဖောက်ပြန်တာရယ်၊ ရေလွှမ်းမိုးခံရတာရယ်၊ ပြည်ပတင်ပို့မှု ပြန်လည်ဖွင့်ပေးလိုက်တာတွေကြောင့် **စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ✪




**ကြေးမုံစာတည်းရှုထောင့်** **၁၇-၁၀-၂၀၁၅၊ စနေနေ့**

# ရာသီဥတုပြောင်းလဲမှုသတိပြု

ကမ္ဘာကြီးသည် တစ်နေ့တခြားပူနွေးလာသည်။ ပူနွေးလာခြင်း၏ အကျိုးဆက်အဖြစ် ကမ္ဘာမြေတွင် ရေခန်းခြောက်ခြင်း၊ ရေကြီးရေလျှံဖြစ်ခြင်းတို့ ဆက်တိုက်ဖြစ်ပေါ်လာသည်။ ရေ၏သဘောမှာ မြင့်ရာမှနိမ့်ရာသို့ စီးဆင်းတတ်သည်။ ကမ္ဘာမြေ၏အမြင့်ပိုင်းမှ ရေခဲတောင်များနှင့် ရေခဲပြင်များမှာ ပူနွေးခြင်း၏အကျိုးဆက်ကြောင့် တစ်နေ့တခြား ရေခဲများ အရည်ပျော်ဆင်းနေသည်။

အမှန်တွင် ကမ္ဘာကြီး၏ သုံးပုံနှစ်ပုံသည် ရေများဖုံးလွှမ်းလျက်ရှိသည်။ ကုန်းပြင်မြင့်များရှိလာသောအခါ ထိုကုန်းပြင်များတွင် ရှေးဦးကာလကတည်းက လူတို့နေထိုင်ကြသည်။ အကယ်၍ ရေထုသည် သုံးပုံနှစ်ပုံမက ဖုံးလွှမ်းလာမည်ဆိုလျှင် ပင်လယ်ရေပြင်အောက်နှင့် ပင်လယ်ရေပြင်ညီ ဒေသများမှာ ဦးစွာရေဖုံးလွှမ်းလာမည်မှာ သဘာဝပင်ဖြစ်သည်။

ကမ္ဘာကြီး၏ နိယာမသဘောတရားအရ မူလက ရေများဖုံးလွှမ်းလျက်ရှိပြီး ရေများခန်းခြောက်လာသဖြင့် ကုန်းပြင်မြင့်များ ပေါ်ထွန်းလာကာ ယခုလူတို့နေထိုင်နိုင်ခြင်းဖြစ်သည်။ ယခုတစ်ဖန် ကမ္ဘာလောက သံသရာအရ ကမ္ဘာကြီးပူနွေးမှုဖြစ်စဉ်များကြောင့် ရေခဲတောင်များ အရည်ပျော်ဆင်းကာ ၂၁ ရာစုအကုန်တွင် ကမ္ဘာ့မြေနိမ့်ပိုင်းများအားလုံး ရေဖုံးလွှမ်းမှုဖြစ်စဉ်များနှင့် ကြုံတွေ့ရမည်ဟု ပညာရှင်များက သတိပေးထားသည်။

သိပ္ပံပညာရှင်များက ပင်လယ်ရေမျက်နှာပြင်အထက် မြို့တော်ကြီးဖြစ်သော ဗန်ကောက်မြို့ကြီးသည် နောင်လာမည့်ကာလတွင် ပင်လယ်ရေအောက်သို့ ရောက်ရှိသွားနိုင်သဖြင့် ယခုကတည်းက ကြိုတင်သတိပေးနှိုးဆော်ဆောင်ရွက်မှုများ ပြုလုပ်နေသည်ဟု ကြားခဲ့ဖူးသည်။ အလားတူ ပင်လယ်နှင့်တစ်ဆက်တစ်စပ်တည်းဖြစ်သော ရန်ကုန်မြို့ကိုလည်း နောင်လာမည့် (၆၅)နှစ်အကြာတွင် ပင်လယ်ရေဖုံးလွှမ်းသွားနိုင်သည်ဟု ပညာရှင်များက မကြာမီက သတိပေးလာကြသည်။

ဗုဒ္ဓဘာသာမြန်မာရာဇဝင်သမိုင်းတွင် လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ အထက်က ရန်ကုန်မြို့ဟူသော မြေနေရာတွင် ပင်လယ်ရေများဖုံးလွှမ်းလျက်ရှိပြီး ရွှေတိဂုံဘုရားတည်ရှိသည့် သိင်္ဂုတ္တရကုန်းတော်တစ်ခုတည်းသာ ပင်လယ်ပြင်တွင် ထီးတည်းပေါ်ထွက်နေသည်ဟု ဆိုထားသည်။ ပင်လယ်ရေပြင်သည် ပြည်မြို့အထိရောက်ခဲ့ပြီး မင်းဘူးရွှေစက်တော်အထိ သင်္ဘောဆိပ်ကမ်းများ တည်ရှိခဲ့သည်ဟု အဆိုရှိသည်။

မည်သို့ပင်ရှိစေကာမူ ရာသီဥတုပြောင်းလဲခြင်းနှင့် ကမ္ဘာကြီးပူနွေးလာမှုသည် လူတို့၏ပယောဂကြောင့် ပျက်စီးခဲ့ရသည်မှာ အမှန်ဖြစ်သည်။ ကမ္ဘာကြီးတွင် ရင်ဆိုင်ကြုံတွေ့နေရသည့် ရာသီဥတုပြောင်းလဲခြင်းကြောင့် ပေါ်ထွက်လာသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် ကမ္ဘာမြေကို ချစ်ခင်မြတ်နိုးသူများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများက စဉ်ဆက်မပြတ်ကြိုးပမ်းနေကြသော်လည်း မီးများမီးနိုင်၊ ရေများရေနိုင်ဆိုသကဲ့သို့ ဆက်လက်ရင်ဆိုင်နေကြရဆဲဖြစ်သည်။

ထို့ကြောင့် ပညာရှင်များခန့်မှန်းထားသကဲ့သို့ ကမ္ဘာကြီးပူနွေးမှုကြောင့် ရေခဲတောင်များ၊ ရေခဲပြင်များ တစ်စတစ်စအရည်ပျော်ဆင်းနေသည်မှာ အမှန်ဖြစ်သည်။ မြင့်ရာမှနိမ့်ရာသို့ စီးဆင်းသည့်သဘောအရ ရေများမှာ ပင်လယ်ပြင်သို့စီးဝင်ပြီး တစ်စတစ်စမြင့်တက်လာမည်မှာ အမှန်ဖြစ်သည်။ ၂၁ ရာစုအကုန်တွင် ပင်လယ်ရေပြင် မြင့်တက်လာနိုင်ပေသည်။ ထိုအခါ ပင်လယ်ရေပြင်အောက်၊ ပင်လယ်ရေပြင်ညီ၊ ပင်လယ်ရေပြင်ထက် အနည်းငယ်သာမြင့်သည့် ကုန်းပြင်မြင့်ဒေသများ ရေဖုံးလွှမ်းနိုင်သည်မှာ သိပ္ပံနည်းကျဖြစ်စေ၊ ဘာသာတရားအရဖြစ်စေ မှန်ကန်သောအကြောင်းတရားများသာ ဖြစ်သည်။

ဗန်ကောက်မြို့၊ ရန်ကုန်မြို့တို့ကဲ့သို့ ပင်လယ်ဆိပ်ကမ်းမြို့များအားလုံး ထိုအချက်ကို ထည့်သွင်းတွက်ချက်ထားကြရမည်သာဖြစ်သည်။ ကြိုတင်ပြင်ဆင်ထားရမည်သာဖြစ်သည်။ "မပြေးသော် ကန်ရာရှိ" အစဉ်အမြဲသတိရှိကြဖို့လိုမည်ဖြစ်သည်။ တရားသဘောအရ မည်သည့်ရုပ်ဝတ္ထုပစ္စည်းမဆို ဖြစ်ခြင်း၊ ပျက်ခြင်းသဘောတရားကို လွန်ဆန်နိုင်မည် မဟုတ်ချေ။

သို့ဖြစ်ရာ ဖြစ်ပျက်သဘောကို မလွန်ဆန်နိုင်သော်လည်း ကမ္ဘာမြေကြီးတည်တံ့ခိုင်မြဲအောင်၊ ကမ္ဘာကြီး ပူနွေးမှုနည်းပါးအောင် လူသားတိုင်းက အသိတရားဖြင့် ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ရမည်ဖြစ်သည်။ ။

# ပုဂံဒေသသို့ ယခုနှစ်တွင် နိုင်ငံခြားသားခရီးသွားဧည့်သည်လာရောက်မှု ယခင်နှစ်ထက်ပိုမိုများပြားနိုင်ပြီး ရွေးကောက်ပွဲအပြီးတွင် အများဆုံးဖြစ်နိုင်

**ရန်ကုန် အောက်တိုဘာ ၁၆**

မြန်မာနိုင်ငံ၏ ခရီးသွားဆွဲဆောင်ရာ ဒေသများတွင် နိုင်ငံခြားသား ခရီးသွားဧည့်သည်များ အများဆုံး လာရောက်သည့်ဒေသဖြစ်သော ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေသို့ နိုင်ငံတကာဧည့်သည်များ လာရောက်လည်ပတ်မှုမှာ ယခင်နှစ်ကထက် ပိုမိုများပြားမည်ဟု သိရပြီး လာမည့် နိုဝင်ဘာလ ၈ ရက် အထွေထွေရွေးကောက်ပွဲကြီးအပြီးတွင် လာရောက်လည်ပတ်မှု အများဆုံးဖြစ်နိုင်သည်ဟု မျှော်မှန်းထားကြောင်း ပုဂံဒေသ ခရီးသွားလုပ်ငန်းများမှ သိရသည်။

ယခုနှစ်တွင် ပုဂံဒေသသို့ နိုင်ငံခြားသား ခရီးသွားဧည့်သည်လာရောက်လည်ပတ်မှုမှာ စက်တင်ဘာလကုန်အထိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပုဂံရုံးခွဲ၏ စာရင်းများအရ ဧည့်သည် တစ်သိန်းကျော်အထိ လာရောက်မှုရှိခဲ့သည်ဟု သိရသည်။ ယခင်နှစ် တစ်နှစ်လုံးတွင် ပုဂံဒေသသို့ နိုင်ငံခြားသားဧည့်သည် လာရောက်လည်ပတ်မှုမှာ နှစ်သိန်းကျော်ရှိခဲ့သောကြောင့် ယခုနှစ်တွင် ယခင်နှစ်ကထက် ပိုမိုများပြားနိုင်မည်ဟု မျှော်မှန်းထားကြောင်း သိရသည်။

လက်ရှိအချိန်ကာလသည် မိုးရွာသွန်းမှုများဖြစ်ပေါ်နေပြီး မကြာမီ ပွင့်လင်းရာသီ ခရီးသွားရာသီအချိန်အခါသို့ ကျရောက်တော့မည်ဖြစ်သည့်အပြင် မြန်မာနိုင်ငံ၏ ပါတီစုံအထွေထွေ ရွေးကောက်ပွဲကြီးမှာလည်း နိုဝင်ဘာလ ၈ရက်တွင် ကျင်းပပြုလုပ်တော့မည်ဖြစ်ရာ နိုင်ငံတကာဧည့်သည်များအနေဖြင့် နိုင်ငံရေးအခြေအနေများကို လေ့လာစောင့်ကြည့်မှုအချို့ရှိနေရာ ယင်းကာလအပြီးတွင် ခရီးသွားဧည့်သည်မှာ ပိုမိုများပြားမည်ဟု ဒေသခံခရီးသွားလုပ်ငန်းများက မျှော်လင့်ထားသည်။

"အခုအချိန်ကတော့ နိုင်ငံခြားသားဧည့်သည်တွေ လာနေကြပါပြီ။ ဒါပေမယ့် နည်းတော့နည်းသေးတယ်။ မိုးဆက်တိုက်ရွာတာလည်း ပါသလို ရွေးကောက်ပွဲအခြေအနေကို စောင့်ကြည့်နေတဲ့သူတွေကလည်း ရှိတယ်ဆိုတော့ အောက်တိုဘာလကုန် သီတင်းကျွတ်အပြီး ရွေးကောက်ပွဲအပြီးကာလမှာတော့ တော်တော်များလာမယ်လို့ ထင်ပါတယ်။ ခရီးသွားများတဲ့အချိန်ဆိုရင် အနားမရအောင်ကို အလုပ်များပါတယ်။ မနှစ်ကထက် ဒီနှစ်ခရီးသွားဧည့်သည် ပိုများမယ်လို့ မျှော်လင့်ထားကြပါတယ်" ဟု ပုဂံဒေသခံ ကားအငှားဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သူ ဦးမြင့်စိုးကပြောသည်။

ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေသည် မြန်မာနိုင်ငံ၏ ခရီးသွားဆွဲဆောင်ရာဒေသများအနက် နိုင်ငံခြားသား ခရီးသွားဧည့်သည်များ အများဆုံး လာရောက်လည်ပတ်လေ့လာသော ဒေသတစ်ခုဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင် ပုဂံဒေသသို့ နိုင်ငံခြားသား ခရီးသွားဧည့်သည် စုစုပေါင်း နှစ်သိန်းကျော် လာရောက်ခဲ့ရာတွင် အမေရိကန်နိုင်ငံမှ အများဆုံးဖြစ်ပြီး ထိုင်းနိုင်ငံမှ ဒုတိယအများဆုံးဖြစ်ကြောင်း၊ ယခုနှစ် စက်တင်ဘာလကုန်အထိ စာရင်းများအရ နိုင်ငံခြားသား ခရီးသွားဧည့်သည် တစ်သိန်းကျော်အထိ လာရောက်မှုရှိခဲ့ရာတွင် အမေရိကန်နိုင်ငံမှပင် အများဆုံးလာရောက်မှုရှိခဲ့ပြီး ဒုတိယအများဆုံး လာရောက်သူများမှာ ဂျပန်နိုင်ငံမှဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပုဂံရုံးခွဲ၏ စာရင်းများအရ သိရသည်။

နိုင်ငံတကာဧည့်သည်များ လာရောက်မှု တိုးတက်များပြားလာခြင်းနှင့်အတူ ပုဂံဒေသခရီးသွားမြှင့်တင်ရေး စီမံချက်များရေးဆွဲကာ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီနှင့် မြန်မာနိုင်ငံရှိ ယဉ်ကျေးမှုနှင့် ခရီးသွားကဏ္ဍဆိုင်ရာ ဝန်ကြီးဌာနများ၊ ဒေသအုပ်ချုပ်ရေးများနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်တို့အပါအဝင် ဟိုတယ်များ၊ စားသောက်ဆိုင်များနှင့် ဒေသခံများ ပူးပေါင်းပါဝင်လှုပ်ရှားသော စီမံချက်များစွာဖြင့် ခရီးသွားကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေး၊ ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရေးတို့အတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆုနှင်းလဲ့**

## ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ သတင်းနှင့်မှတ်တမ်းရယူနိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်ထား

**နေပြည်တော် အောက်တိုဘာ ၁၆**

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲတွင် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များအလိုက် သတင်းနှင့် မှတ်တမ်းရယူနိုင်ရန် ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ တာဝန်ထမ်းဆောင်မည့် အင်အားစုစုပေါင်း ၁၃၄၇ ဦး စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် လက်အောက်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်း ၉၂ ဦး၊ နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ထမ်းဆောင်မည့် ဝန်ထမ်း ၈၈၈ ဦး၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ သတင်းရယူမည့် သတင်းထောက် ၃၆၇ ဦးတို့ဖြင့် ရွေးကောက်ပွဲ သတင်းနှင့် မှတ်တမ်းများရယူနိုင်ရန် ဆောင်ရွက်ထားသည်။

ထိုသို့ သတင်းနှင့်မှတ်တမ်းများရယူရာတွင် သက်ဆိုင်ရာဦးစီးဌာနနှင့် လုပ်ငန်းများအလိုက် ထုတ်ပေးထားသည့် အသိအမှတ်ပြုကတ်ပြား၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပေးထားသည့် သတင်းရယူရန် အသိအမှတ်ပြုကတ်ပြားများ ပါရှိရမည့်အပြင် သတင်းမီဒီယာကျင့်ဝတ်များ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားထားကြောင်း သိရသည်။

**(သတင်းစဉ်)**


## အပ်ချုပ်စက်သင်တန်း အမှတ်စဉ်(၃/၂၀၁၅)ဖွင့်

**ကျောက်တန်း အောက်တိုဘာ ၁၆**

ရန်ကုန်တောင်ပိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်း (အပ်ချုပ်စက်သင်တန်း) အမှတ်စဉ်(၃/၂၀၁၅)ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၀ ရက် နံနက် ၈နာရီခွဲက တံတားမြို့ အမှတ်(၁) ရပ်ကွက်ရှိ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းကျောင်းခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်ကျေးလက်ဦးစီးမှူး ဦးကျော်လင်းသန်းက အဖွင့်အမှာစကားပြောကြားပြီး တံတားမြို့မှ အထောက်အကူပြုအဖွဲ့ဝင် ဦးလှဝင်း၊ အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ဆန်းငွေ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင် ဒေါ်စန်းမြင့်၊ ဒေါ်သိန်းကြည်၊ စက်ချုပ်သင်တန်းသူ မစိုးယုမော်နှင့် ကွန်ပျူတာ သင်တန်းသူ မနှင်းသက်အေးတို့က ကျေးဇူးတင်စကားပြောကြားခဲ့ကြသည်။ သင်တန်းသို့ ကျောက်တန်းမြို့ဌာနဆိုင်ရာ အသီးသီးမှ ပုဂ္ဂိုလ်များ တံတားမြို့မှ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **အောင်ဆွေ(ရွှေတံတား)**

**ဥတုရာသီ တောကိုမှီ၏**



## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် အောက်တိုဘာ ၁၆**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၉၉၀၀၀ | - | ၇၉၉၀၀၀ |
| မန္တလေး | ရွှေဈေး | ၇၉၉၀၀၀ | - | ၇၉၉၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | |
|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၄၀/၆၅၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၇၉၀/၈၀၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၉၀/၇၀၀ ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | |
|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = ၁၂၈၄.၀ |
| (ခ) ဥရောပ | တစ်ယူရို | = ၁၄၅၉.၅ |
| (ဂ) တရုတ် | တစ်ယွမ် | = ၂၀၂.၃၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = ၃၆.၄၃၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = ၃၀၉.၉၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = ၁၉.၈၁၈ |
| (ဆ) ဂျပန် | တစ်ရာယန်း | = ၁၀၇၈.၄ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၁၃.၇၉ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = ၉၃၉.၁၈ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = ၉၂၈.၆၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလဲ့၊ သီရိ

# လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှု ရေရှည်တည်တံ့ဖွံ့ဖြိုးရန်နှင့် လူမှုစီးပွားဘဝတိုးတက်နိုင်စေရန် ပြည့်ဆည်းဆောင်ရွက်

**နေပြည်တော်  အောက်တိုဘာ  ၁၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည့် ၂၀၁၅ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်သမ္မတ၏ အကြံပေးအဖွဲ့၊ နေပြည်တော်ကောင်စီဝင်များ၊ နိုင်ငံခြားသံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ FAO ရှိ အလှူရှင်နိုင်ငံများမှ သံတမန်များ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ INGO အဖွဲ့အစည်းများ၊ ဖိတ်ကြားထားသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့် နေပြည်တော်တွင် ကျင်းပခဲ့ပြီးဖြစ်သည့် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်မှတ်တမ်းများအား ဗီဒီယိုဖြင့်ပြသသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် ကမ္ဘာ့ကုလသမဂ္ဂမှ ချမှတ်ထားသည့် ထောင်စုနှစ်ရည်မှန်းချက် (Millennium Development Goals-MDGs) (၁) (ဂ) အရ ၂၀၁၅ ခုနှစ်တွင် ကမ္ဘာတစ်ဝန်းလုံး ငတ်မွတ်သူဦးရေကို ထက်ဝက်အထိလျှော့ချရန် ရည်မှန်းထားရှိပါကြောင်း၊ ၂၀၁၅ ခုနှစ် ဇွန်လအတွင်းက ကျင်းပခဲ့သည့် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ (၃၉)ကြိမ်မြောက် ညီလာခံတွင် အဆိုပါထောင်စုနှစ်ရည်မှန်းချက် ပြည့်မီစေရန် ဆောင်ရွက်နိုင်သည့် နိုင်ငံပေါင်း (၇၂)နိုင်ငံတွင် မြန်မာနိုင်ငံ ပါဝင်ခဲ့ပြီး အသိအမှတ်ပြု ဂုဏ်ပြုလွှာချီးမြှင့်ခြင်းခံရသည့်အတွက် မြန်မာနိုင်ငံသူ နိုင်ငံသားများနှင့်အတူ ထပ်တူထပ်မျှဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ် ဂုဏ်ပြုမှတ်တမ်းလွှာကို ဂျပန်သံအမတ်ကြီးအား ပေးအပ်ချီးမြှင့်စဉ်။**
(သတင်းစဉ်)

ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၏ နောက်ဆုံးခန့်မှန်းစစ်တမ်းများအရ လက်ရှိကမ္ဘာ့လူဦးရေ ခုနစ်ဘီလီယံအနက်မှ လူဦးရေ ၇၉၅ သန်းခန့်သည် အာဟာရချို့တဲ့မှုပြဿနာကို နေ့စဉ်နှင့်အမျှ ခံစားနေကြရကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ အာဟာရမပြည့်ဝသူ ရာခိုင်နှုန်းသည် ၁၉၉၀-၉၂ ခုနှစ်တွင် ၂၃ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့ရာမှ ယခု ၁၂ ဒသမ ၉ ရာခိုင်နှုန်းအထိ လျော့ကျသွားခဲ့ကြောင်း၊ ယနေ့ဖွံ့ဖြိုးဆဲနိုင်ငံများရှိ လူဦးရေ တစ်ဘီလီယံခန့်သည် ပြင်းထန်သည့် ဆင်းရဲနွမ်းပါးမှုကို ခံစားနေကြရကြောင်း၊ ယင်းတို့အနက် ၇၈ ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင် နေထိုင်ကြသည့် တောင်သူလယ်သမားများဖြစ်သည်ကို ထုတ်ပြန်ထားရှိကြောင်း၊ ထို့ကြောင့် ၎င်းတို့ကို ဆင်းရဲမှုသံသရာမှ လွတ်မြောက်ရေးအတွက် **"လူမှုဘဝ အကာအကွယ်ပေးရေး အစီအစဉ်များ"**ကို ထိရောက်စွာ လက်တွေ့ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း။

ကမ္ဘာကြီးပူနွေးလာမှုနှင့်အတူ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၊ ဒေသတွင်း စစ်ပွဲများ၊ မတည်မငြိမ်မအေးချမ်းမှုအန္တရာယ်တို့၏ ဆိုးကျိုးများသည် ကျေးလက်ဒေသနေ လုပ်ကွက်ငယ်တောင်သူလယ်သမားများနှင့် လယ်ယာလုပ်သားများ ဆင်းရဲတွင်းမှ လွတ်မြောက်နိုင်ရေးအပေါ် အဟန့်အတားဖြစ်စေမှုမှာ နိုင်ငံတိုင်းလက်ရှိ ရင်ဆိုင်နေကြရသည့် ကိစ္စတစ်ရပ်ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားများ၏ လယ်ယာသားငါးထွက်ကုန်များကို ခိုင်မာသောဈေးနှုန်းနှင့် ခိုင်မာသော ဈေးကွက်ရရှိရေး ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ထို့ကြောင့် လယ်ယာထွက်ကုန်များကို နိုင်ငံတကာအဆင့်မီ တန်ဖိုးမြှင့်ကုန်ချောအဖြစ် အဆင့်မြှင့်တင်ထုတ်လုပ်ကာ **ရေရှည်လုံခြုံစိတ်ချရပြီး ခိုင်မာသေချာတည်ငြိမ်သော ဈေးကွက်နေရာရရှိရေးနှင့် ချိတ်ဆက်တင်ပို့ရောင်းချနိုင်ရေး လိုအပ်ချက်များအား အလေးအနက်ထား အကောင်အထည်ဖော် ဆောင်ရွက်ပေးကြရမည်** ဖြစ်ပါကြောင်း။




**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ပြည်ထောင်စုဝန်ကြီးများ၊ အထူးဧည့်သည်တော်များ၊ ဂုဏ်ပြုမှတ်တမ်း ချီးမြှင့်ခံရသော ပုဂ္ဂိုလ်များနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်စဉ်။**
(သတင်းစဉ်)

ထို့အပြင် ဝင်ငွေရလမ်းနည်းပါးသည့် လယ်ယာလုပ်ငန်းခွင်ကို စွန့်လွှတ်ပြီး အခြားပိုမိုဝင်ငွေအခွင့်အရေးရလမ်းရှိသည့် လုပ်ငန်းများသို့ သွားရောက်လုပ်ကိုင်နေကြသည့်အတွက် လယ်ယာလုပ်သားရှားပါးလာခြင်းသည်လည်း မိမိတို့ ဖွံ့ဖြိုးဆဲနိုင်ငံများ ရင်ဆိုင်နေကြရသည့် ကိစ္စရပ်တစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့် လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှု ရေရှည်တည်တံ့ဖွံ့ဖြိုးရန်နှင့် ၎င်းတို့၏ လူမှုစီးပွားဘဝတိုးတက်နိုင်စေရန် လိုအပ်သည့် လူမှုဆိုင်ရာအကာအကွယ်များနှင့် ထောက်ပံ့ကူညီမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း လုပ်ကွက်ငယ် တောင်သူလယ်သမားမိသားစုများ၏ ဝင်ငွေတိုးတက် မြင့်မားလာရေးအတွက် မြေယာလုပ်ပိုင်ခွင့်နှင့် ပိုင်ဆိုင်မှုပေးခြင်း၊ သီးနှံရာသီအလိုက် ချေးငွေများ ပိုမိုထုတ်ချေးပေးခြင်း၊ သုတေသနနှင့် ပညာပေးစနစ်များ ပြုပြင်ပြောင်းလဲခြင်း၊ သိပ္ပံနည်းကျ စိုက်နည်းစနစ်များ ပညာပေးခြင်း၊ မျိုးကောင်းမျိုးသန့်မျိုးစေ့များ ဖြန့်ဖြူးခြင်း၊ စက်မှုလယ်ယာစနစ် ဖော်ဆောင်ခြင်း၊ ရေသွင်းရေထုတ်စနစ်များ၊ ကုန်ထုတ်လမ်းများ ကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်း၊ ကျေးလက်ဒေသ အခြေခံအဆောက်အအုံများ တည်ဆောက်ပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သဘာဝဘေးအန္တရာယ်များကြောင့် မျိုးစေ့များ၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ရာတွင် အချိန်နှင့်တစ်ပြေးညီ ပြန်လည်ထူထောင်စိုက်ပျိုးနိုင်ရန် လိုအပ်သည့် မျိုးစေ့၊ လယ်ယာသုံးသွင်းအားစုများ၊ စိုက်ပျိုးစရိတ် ချေးငွေများကို ထောက်ပံ့ကူညီပေးလျက်ရှိပါကြောင်း။

ယခုနှစ် မြန်မာနိုင်ငံနေရာဒေသ အနှံ့အပြားတွင် ရေလွှမ်းမိုးမှုဒဏ်ကို ခံစားခဲ့ကြရသည့် မြန်မာပြည်သူလူထုအပေါ် စာနာထောက်ထားမှုနှင့်အတူ အကူအညီများ ပံ့ပိုးပေးခဲ့ကြသော ကမ္ဘာ့နိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အဖွဲ့အစည်းများအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အဓိကအရေးပါသည့် ကျေးလက်နေ တောင်သူလယ်သမားမိသားစုများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားပြီး လယ်ယာလုပ်ငန်းခွင်တွင် ပျော်ရွှင်ချမ်းမြေ့နိုင်ရေးအတွက် လိုအပ်သည့် အစီအစဉ်များ၊ လုပ်ငန်းများကို မိမိတို့အားလုံး အတူတကွ ပူးပေါင်းလက်တွဲ ဖြည့်ဆည်းဆောင်ရွက်သွားကြခြင်းအားဖြင့် ၎င်းတို့၏ ဆင်းရဲမှုသံသရာမှ လွတ်မြောက်ရေးကို ကူညီကြိုးပမ်းဆောင်ရွက်သွားကြပါရန် တိုက်တွန်း ဆန္ဒပြုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ယခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ ဆောင်ပုဒ်ဖြစ်သည့် **"ကျေးလက်ဒေသ ဆင်းရဲမှုသံသရာကို တိုက်ဖျက်နိုင်ရေး၊ လယ်ယာကဏ္ဍ လူမှုစီးပွားဘဝ ကာကွယ်မြှင့်တင်ပေး" "Social Protection and agriculture: breaking the cycle of rural poverty"** ဆောင်ပုဒ်သည် နိုင်ငံတိုင်းရှိ လယ်ယာကဏ္ဍတွင် အဓိက မှီခိုဘဝရပ်တည်ကျင်လည်လှုပ်ရှားရုန်းကန်နေကြသော ကျေးလက်ဒေသနေ တောင်သူလယ်သမားများ၏ ဆင်းရဲမှုဘဝသံသရာမှ လွတ်မြောက်နိုင်စေရေးအတွက် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ကာကွယ်မှုနှင့် အရှိန်အဟုန်မြှင့်တင် အကောင်အထည်ဖော်ပေးကြရမည်ကို မီးမောင်းထိုးပြထားခြင်းပင် ဖြစ်ပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ငတ်မွတ်ခေါင်းပါးသူ ပပျောက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်များတွင် နီးနီးကပ်ကပ် ကူညီပူးပေါင်း ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ မိတ်ဖက်နိုင်ငံများမှ သံအမတ်ကြီးများ၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များကို အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

အစိုးရသစ် စတင်တာဝန်ထမ်းဆောင်သည့် ကာလမှာပင် နိုင်ငံတော်သမ္မတ၏ အခြေပြမိန့်ခွန်းတွင် **"ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းတာဝန်"**ကို နိုင်ငံ၏ အမျိုးသားရေးလုပ်ငန်းတာဝန်အဖြစ် ဦးစားပေးအကောင် အထည်ဖော်သွားမည်ဟု ကြေညာထားခဲ့ပါကြောင်း၊ နိုင်ငံတော်သမ္မတ၏ လယ်ယာကဏ္ဍ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကြီး (၅)ရပ်အား ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့မှု ရလဒ်ကောင်းများအဖြစ် ယနေ့ နေပြည်တော်ကောင်စီနယ်မြေတွင် တောင်သူလယ်သမားများအတွက် လက်မှုလယ်ယာစနစ်မှ ခေတ်မီစက်မှုလယ်ယာစနစ်သို့ ထင်ရှားမြင်သာစွာဖြင့် ပြုပြင်ပြောင်းလဲမှုများပြုလုပ်၍ အုတ်မြစ်ချဖော်ဆောင်ပေးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတ၏ လယ်ယာကဏ္ဍ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများအပေါ် မိမိတို့၏ သက်တမ်းကာလအတွင်း ကန့်သတ်ချက်များ၊ အခက်အခဲများ၊ ပြစ်တင်ဝေဖန်မှုများ၊ စိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသော်လည်း နောက်အစိုးရသက်တမ်းကာလများအတွက် ရေရှည်နိုင်ငံသူ နိုင်ငံသားများ၏ အမျိုးသားရေး အကျိုးစီးပွားအလို့ငှာ ရေရှည်တည်တံ့ခိုင်မာသည့် အုတ်မြစ် (Foundation)များ ချမှတ်ပေးနိုင်ခဲ့ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် လမ်းညွှန်ထားရှိပါကြောင်း။

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များသည် လူပုဂ္ဂိုလ်တစ်ဦးချင်း၊ တစ်ယောက်ချင်း၊ မိသားစုတစ်စုချင်းစီ၏ ကိုယ်ကျိုးစီးပွားအတွက် သက်သက်သာ မဟုတ်ဘဲ မိမိတို့တစ်နိုင်ငံလုံး၊ ပြည်သူအားလုံးတို့အတွက်၊ မိမိတို့အာရှဒေသကြီးတစ်ခုလုံး၊ ကမ္ဘာသူကမ္ဘာသားအားလုံးတို့အတွက် လူသားအားလုံးတို့၏ **"နေ့စဉ်လိုအပ်ချက် အခြေခံအခွင့်အရေး" "Basic Human Rights"**အကျိုးစီးပွားကိုဖော်ဆောင်ပေးသည့် လုပ်ငန်းကြီးဖြစ်သည့်အားလျော်စွာ မိမိတို့အားလုံး၏ သားစဉ်မြေးဆက်ရေရှည်အကျိုးအတွက် အတူတကွ ခိုင်ခိုင်မာမာ လက်တွဲကြပြီး လက်ဆင့်ကမ်း ဆက်လက်အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် မစ္စ ဘူသီလန်က ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာနှင့်ငွေကြေး အထောက်အကူအပါအဝင် ထိထိရောက်ရောက် ပူးပေါင်းပါဝင်ကူညီခဲ့ကြသော အာဆီယံမိတ်ဖက် သုံးနိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံများမှ သံအမတ်ကြီးများကိုလည်းကောင်း၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းကြီးများဖြစ်ကြသည့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၊ ကိုရီးယားသမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA)၊ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန (IRRI)၊ အရှေ့တောင်အာရှဒေသဆိုင်ရာ စိုက်ပျိုးရေးပညာနှင့် သုတေသနဌာန (SEARCA)၊ ကမ္ဘာ့ဘဏ် (WB)၊ အာရှဖွံ့ဖြိုးရေးဘဏ်(ADB)၊ Mokpo National University၊ အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု ရန်ပုံငွေအဖွဲ့ (IFAD) စသည့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများကိုလည်းကောင်း ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုဝန်ကြီးများ၊ အထူးဧည့်သည်တော်များ၊ ဂုဏ်ပြုမှတ်တမ်းချီးမြှင့်ခံရသော ပုဂ္ဂိုလ်များနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်သည်။ **(သတင်းစဉ်)**

# အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိမြို့တွင် ရေကြီးရေလျှံမှုများဖြစ်ပွား

**ကယ်လီဖိုးနီးယား အောက်တိုဘာ ၁၆**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် တောင်ဘက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများဖြစ်ပွားလျက်ရှိကြောင်း သတင်းများအရ သိရသည်။

မိုးရေနှင့်အတူ ရွှံ့နှင့်နုံးများမျောပါလာပြီး လော့စ်အိန်ဂျလိမြို့ရှိ လူနေအိမ်အများအပြားနှင့် မော်တော်ကားများကို ဖုံးလွှမ်းသွားခဲ့သည်။



ကယ်ဆယ်ရေးသမားများက မော်တော်ယာဉ်ထဲတွင် ပိတ်မိနေသူများကို ကယ်ဆယ်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ အချို့ကို မော်တော်ယာဉ်အပြင်ဘက်သို့ ကယ်ထုတ်နိုင်ခဲ့သော်လည်း အချို့မှာ ကားထဲတွင် ဆက်လက်ကျန်ရစ်နေဆဲဖြစ်သည်။ ကားထဲတွင် ကျန်ရစ်နေသူများက ယင်းတို့အား ကယ်ဆယ်နိုင်ရန် အရေးပေါ်ဖုန်းနံပါတ် ၉၁၁ သို့ ဖုန်းဆက်အကြောင်းကြားကြကြောင်း လော့စ်အိန်ဂျလိမြို့ အရေးပေါ်စီမံခန့်ခွဲရေးဌာနကဆိုသည်။ အဝေးပြေးလမ်းများပေါ်တွင်လည်း မြေပြိုမှုများကြောင့် သောင်တင်နေသည့် လူအများအပြားရှိနိုင်ကြောင်း ၎င်းက ဆက်ပြောသည်။

ရွှံ့များဖုံးလွှမ်းမှုကြောင့် အချို့မော်တော်ယာဉ်များကို ခေါင်မိုးပိုင်းလောက်သာ မြင်နိုင်တော့သည်။ ဂေါက်သီးလုံးအရွယ်လောက်ရှိသည့် မိုးသီးများလည်း ကြွေကျခဲ့ကြောင်းသိရသည်။

ထိုမျှလောက်ကြီးသည့် မိုးသီးများကို မည်သူတစ်ဦးတစ်ယောက်ကမှ မြင်တွေ့ဖူးခြင်း မရှိနိုင်ကြောင်း အမျိုးသားမိုးလေဝသဌာနမှ မိုးလေဝသပညာရှင်တစ်ဦးက ဆိုသည်။

ယခင်နှစ်များက ယင်းဒေသ၌ ဆောင်းရာသီတွင် ရံဖန်ရံခါ မိုးရွာသော်လည်း အောက်တိုဘာလတွင် မိုးရွာသွန်းမှုအလွန်နည်းပါးသည်ဟု ၎င်းက ဆက်လက်ပြောသည်။

လော့စ်အိန်ဂျလိနှင့် ကီးယန်မြို့များတွင် တောင်ကုန်းများထူထပ်သည့်အတွက် မိုးရွာသွန်းသည့်အခါတွင် ရွှံ့များနှင့်နုံးများက တောင်ကုန်းများပေါ်မှ စီးဆင်းကျစေသည်။

ရေကြီးရေလျှံမှုများဖြစ်ပေါ်နေသည့်အတွက် လော့စ်အိန်ဂျလိမြို့ အနောက်မြောက်ဘက်နှင့် ဗန်တူရယ်မြို့ အရှေ့မြောက်ဘက်ရှိလမ်းများ ယာယီပိတ်ထားကြောင်း အမျိုးသားမိုးလေဝသဌာနက သတိပေးချက်ထုတ်ပြန်ကြေညာထားသည်။ **ရိုက်တာ။**

# မော်လ်ဒိုဗာဝန်ကြီးချုပ်ဟောင်းအား အကျင့်ပျက်ချစားမှုဖြင့် ဖမ်းဆီး

**ချီစီနော် အောက်တိုဘာ ၁၆**

အာဏာရလစ်ဘရယ်ဒီမိုကရက်တစ်ပါတီ ခေါင်းဆောင်နှင့် မော်လ်ဒိုဗာဝန်ကြီးချုပ်ဟောင်း ဗလတ်ဖီလတ်အား အကျင့်ပျက်ချစားမှု၊ ဩဇာအရှိန်အဝါသုံး၍ လှည့်လည်မဲဆွယ်မှုတို့ဖြင့် ဖမ်းဆီးလိုက်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်အရသိရသည်။

အစိုးရရှေ့နေချုပ် ကော်နီလူဂူရင်၏အဆိုအရ ဖီလတ်သည် ဘဏ်လိမ်လည်မှုတွင်ပါဝင်သူ စီးပွားရေးသမား အိုင်လန်ရှိုး၏အကူအညီဖြင့် အမေရိကန်ဒေါ်လာသန်းပေါင်းများစွာ ခိုးယူမှုကျူးလွန်ခဲ့သည်ဟု ဆိုသည်။ ဖီလတ်၏ ဘဏ်လိမ်လည်မှုတွင်ပါဝင်မှု၊ မျက်မြင်သက်သေများ၏ တရားရုံးထွက်ဆိုချက်နှင့် သူပါဝင်ကြောင်း ပြသနေသော အတည်ပြုချက်များ သက်သေပြနေသည့် အထောက်အထားများရှိကြောင်း အစိုးရရှေ့နေချုပ်က ဆိုသည်။



အောက်တိုဘာ ၁၄ ရက် အစောပိုင်းက ၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်း ပဟေဠိဆန်စွာ ပျောက်ဆုံးသွားသော တိုင်းပြည်၏ဂျီဒီပီ ၁၂ ရာခိုင်နှုန်းနှင့်ညီမျှသည့် မော်လ်ဒိုဗာနိုင်ငံ၏ ဦးဆောင်ဘဏ်သုံးခုအနက် တစ်ခုဖြစ်သော Banca de Economii (ငွေစုဘဏ်) မှ အမေရိကန်ဒေါ်လာတစ်ဘီလီယံလိမ်လည်မှုတွင် ပါဝင်ပတ်သက်မှုအား စုံစမ်းစစ်ဆေးမှုစတင်ရန်အတွက် အစိုးရရှေ့နေများအားခွင့်ပြုရန် ဥပဒေပြုလွှတ်တော်အမတ်တစ်ယောက်အဖြစ်ရရှိခံစားခဲ့သော ဖီလတ်၏ကင်းလွတ်ခွင့်ကို မပေးဘဲ ပိတ်ပင်ထားရန် ဂူရင်က တောင်းဆိုခဲ့သည်။

၎င်း၏ကင်းလွတ်ခွင့်နှင့်ပတ်သက်၍ ဖျက်သိမ်းရန်အတွက် လွှတ်တော်၌ မဲခွဲမှုမပြုလုပ်မီ ဖီလတ်ထုတ်ပြန်ခဲ့သော ကြေညာချက်တစ်ရပ်အရ ယခုအချိန်မှစ၍ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီအား ဝန်ကြီးချုပ် ဗယ်လာရီစထရီလတ်က ဦးဆောင်သွားမည်ဖြစ်သည်။ ဖီလတ်အား ဖမ်းဆီးမှုနှင့်ပတ်သက်၍ ပြောကြားရာတွင် ဖီလတ်သည် အပြစ်ကင်းစင်ကြောင်း သက်သေပြလိမ့်မည်ဟု မျှော်လင့်ကြောင်း စထရာလတ်က ပြောကြားသည်။ **ဆင်ဟွာ။**

# ထိပ်တန်းတရားသူကြီးများအား ခန့်အပ်သည့်စနစ် အိန္ဒိယတရားလွှတ်တော်ချုပ် ကန့်ကွက်

**နယူးဒေလီ အောက်တိုဘာ ၁၆**

နိုင်ငံတော်၏ ထိပ်တန်းတရားသူကြီးများအား ခန့်အပ်ရာတွင် အစိုးရအဖွဲ့၏ ပြောရေးဆိုခွင့် ပိုမိုရရှိလာစေမည့် စနစ်တစ်ရပ်ကို အိန္ဒိယတရားလွှတ်တော်ချုပ်က ကန့်ကွက်လျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။

ဝန်ကြီးချုပ် နရိန္ဒြာမိုဒီ၏ အစိုးရအဖွဲ့သည် တရားစီရင်ရေးစနစ် ပြုပြင်ပြောင်းလဲရေးအစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော်ရန် ကြိုးပမ်းနေချိန်တွင် တရားလွှတ်တော်ချုပ်က ယင်းသို့ ကန့်ကွက်ခြင်းဖြစ်သည်။

လွန်ခဲ့သည့်နှစ်တွင် မိုဒီ၏အစိုးရအဖွဲ့က ပြဋ္ဌာန်းခဲ့သောစနစ်သစ်အရ အထက်တန်းတရားသူကြီးများအား ခန့်အပ်မည့် ရွေးချယ်ရေးအဖွဲ့တွင် ဖက်ဒရယ်အစိုးရ ဥပဒေရေးရာဝန်ကြီး ပါဝင်လာမည်ဖြစ်သည်။

အထက်တန်းတရားသူကြီးများအား ခန့်အပ်သည့် စနစ်သစ်သည် ကမ္ဘာ့အကြီးဆုံး ဒီမိုကရေစီနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံ၏ တရားစီရင်ရေးစနစ် လွတ်လပ်မှုကို ထိပါးရာရောက်လိမ့်မည်ဟု နိုင်ငံရေးလှုပ်ရှားတက်ကြွသူများက ပြောကြားကြသည်။

အိန္ဒိယနိုင်ငံ၌ အစိုးရအဖွဲ့နှင့် တရားသူကြီးများအကြား အင်အားပြိုင်မှုဖြစ်ပေါ်သည့် အစဉ်အလာ ရှိခဲ့ဖူးသည်။

ယခင်စနစ်အရ နိုင်ငံတော်၏ အထက်တန်းတရားသူကြီးများပါဝင်သည့် ရွေးချယ်ရေးအဖွဲ့တစ်ဖွဲ့ကိုသာ တရားသူကြီးများ ခန့်အပ်နိုင်သည့် အခွင့်အာဏာကို အပ်နှင်းခဲ့သည်။ ဝန်ကြီးချုပ်မိုဒီသည် တရားစီရင်ရေးစနစ်တွင် ကြားဝင်စွက်ဖက်နေသည်ဟု စွပ်စွဲမှုများပေါ်ထွက်ခဲ့သည်။ **ရိုက်တာ။**



# ဆီးရီးယားနယ်စပ်အနီး မောင်းသူမဲ့ လေယာဉ်တစ်စင်းကို တူရကီ စစ်လေယာဉ်များ ပစ်ချ

**အန်ကာရာ အောက်တိုဘာ ၁၆**

ဆီးရီးယားနိုင်ငံနှင့် နယ်စပ်ချင်း ထိစပ်နေသော တူရကီနိုင်ငံလေကြောင်းပိုင်နက်အတွင်း အမျိုးအမည်ခွဲခြားနိုင်ခြင်းမရှိသော မောင်းသူမဲ့ လေယာဉ်တစ်စင်းကို တူရကီစစ်လေယာဉ်များက အောက်တိုဘာ ၁၆ ရက်တွင် ပစ်ချခဲ့ကြောင်း၊ ယင်းမောင်းသူမဲ့ လေယာဉ်မှာ ရုရှားလေယာဉ်ဖြစ်သည်ဟု ယုံကြည်ရကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောကြားကြသည်။

ဆီးရီးယားတွင်ရှိနေသည့် မိမိ၏စစ်လေယာဉ်များအားလုံး ယင်းတို့၏ အခြေစိုက်စခန်းသို့ ဘေးကင်းလုံခြုံစွာ ပြန်လည်ရောက်ရှိလာကြောင်း၊ မောင်းသူမဲ့လေယာဉ်များအားလုံးမှာလည်း စီစဉ်ထားသည့်အတိုင်း စစ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

တူရကီနိုင်ငံနှင့် ထိစပ်နေသည့် နယ်စပ်ဒေသအနီးတွင် ဆီးရီးယား၊ ရုရှားနှင့် အမေရိကန် ဦးဆောင်သည့် ညွန့်ပေါင်းအဖွဲ့မှ စစ်လေယာဉ်များ၊ စစ်ရေးတာဝန်များ ထမ်းဆောင်နေချိန်တွင် အဆိုပါမောင်းသူမဲ့လေယာဉ် ပစ်ချခံရမှုသည် နေတိုးအဖွဲ့ဝင် တူရကီအတွက် ဘေးအန္တရာယ်ရှိနေပုံကို ဖော်ညွှန်းနေကြောင်း အမေရိကန် တာဝန်ရှိသူများက ပြောကြားကြသည်။

တူရကီဂျက်တိုက်လေယာဉ်များသည် မိမိ၏ပိုင်နက်အတွင်း ဆက်လက်ပျံသန်းမှုမပြုရန် စစ်ပွဲဆိုင်ရာစည်းမျဉ်းများနှင့်အညီ သုံးကြိမ်သတိပေးခဲ့ကြောင်း၊ မောင်းသူမဲ့လေယာဉ်သည် တူရကီလေကြောင်းပိုင်နက်အတွင်းသို့ သုံးကီလိုမီတာ (၁ ဒသမ ၉ မိုင်) ဝင်ရောက်လာခဲ့ကြောင်း တူရကီစစ်ဘက်က ပြောကြားသည်။

အဆိုပါ မောင်းသူမဲ့လေယာဉ်သည် ရုရှား၏လေယာဉ်ဖြစ်နိုင်ကြောင်း အမေရိကန် တာဝန်ရှိသူများက ပြောကြားသည်။

မည်သည့်နိုင်ငံမှ မောင်းသူမဲ့လေယာဉ် ဖြစ်သည်ကို စုံစမ်းဖော်ထုတ်နေကြောင်း တူရကီအစိုးရ တာဝန်ရှိသူများက ရိုက်တာသို့ ပြောကြားသည်။

**ရိုက်တာ။**

## ပြည်တွင်းရေးရာ

### ❖ နိုင်ငံတော်မှ

ယင်းနောက် နိုင်ငံတော်သမ္မတသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးတို့နှင့်အတူ လွိုင်ကော်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ ဖားဆောင်းမြို့နယ် မော်ချီးဒေသရှိ လိုခါးလိုကျေးရွာသို့ ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် မော်ချီးဒေသ လိုခါးလို ကျေးရွာ ခရစ်ယာန်နှစ်ခြင်းဘုရားရှိခိုးကျောင်းတွင် ဖွင့်လှစ်ထားသည့် ယာယီကယ်ဆယ်ရေးစခန်း၌ ဘေးသင့်ပြည်သူများအား တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက အားပေးအမှာစကားပြောကြားရာတွင် ရာသီဥတုပြောင်းလဲမှုဒဏ်ကြောင့် မိမိတို့နိုင်ငံသာမက ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဆိုးရွားသော သဘာဝဘေးဒဏ်ကျရောက်မှုများနှင့် ရင်ဆိုင်နေရကြောင်း။

ဇူလိုင်လမှစတင်ကာ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရေကြီးရေလျှံမှု၊ မြေပြိုမှုများဖြစ်ပေါ်ခဲ့သည့်အတွက် နိုင်ငံတော်မှ ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အားသွန်ခွန်စိုက်ဆောင်ရွက်ပေးခဲ့ပြီး မူလဘဝထက် ပိုမိုကောင်းမွန်သော အခြေအနေသို့ရောက်ရှိအောင် စီမံဆောင်ရွက်နေကြောင်း။

မော်ချီးဒေသမှ သဘာဝဘေးဒဏ်ခံရသော ပြည်သူများအနေဖြင့်လည်း စိတ်ပျက်အားငယ်မှုမဖြစ်စေလိုကြောင်း၊ အစိုးရ၊ တပ်မတော်နှင့် စေတနာရှင် ပြည်သူများ၊ အဖွဲ့အစည်းများက ရှင်သန်ရပ်တည်နိုင်ရေး၊ ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အစွမ်းကုန်ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။

ရပ်ဝေးမှ လာရောက်လုပ်ကိုင်နေသည့် အလုပ်သမားများ နေရပ်ပြန်နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးမည်ဖြစ်သကဲ့သို့ ဒေသခံပြည်သူများအတွက်လည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ စားနပ်ရိက္ခာ ဖူလုံရေးအတွက်လည်း ကူညီထောက်ပံ့သွားမည်ဖြစ်ကြောင်း။

ဆက်လက်အသုံးပြုရန်အတွက် လုံခြုံမှုမရှိတော့သည့် မူလတန်းကျောင်းများကို နေရာသစ်ရွေးချယ်ဆောက်လုပ်ပေးမည်ဖြစ်ကြောင်း။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လွိုင်ကော်မြို့ သာသနာ့ဗိမာန်ရှိ ဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။ (သတင်းစဉ်)





နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မော်ချီးဒေသတွင် မြေပြိုမှုအခြေအနေအား ကြည့်ရှုစဉ်။ (သတင်းစဉ်)

မော်ချီးမြို့အနေဖြင့်လည်း မြို့ပြအင်္ဂါရပ်များနှင့်ကိုက်ညီပြီး လုံခြုံစိတ်ချရသော၊ ရေရှည်တည်တံ့နိုင်သော၊ သဘာဝဘေးဒဏ်ကို ကာကွယ်နိုင်သော မြို့အဖြစ် ပြန်လည်တည်ဆောက်ရန်အတွက် ပြည်နယ်အစိုးရက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုအစိုးရမှလည်း ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း။

သတ္တုတူးဖော်ရာတွင်လည်း သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင် စီမံဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အားပေးအမှာစကားပြောကြားရာတွင် မော်ချီးမြို့ မြေပြိုမှုဖြစ်စဉ်များအတွင်း တပ်မတော်မှ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သကဲ့သို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင်လည်း ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ နေရပ်ပြန်လိုသည့် အလုပ်သမားများကို မော်ချီးမှ လွိုင်ကော်အထိ တပ်မတော် မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးနေကြောင်း၊ မော်ချီးမြို့ ပြန်လည်တည်ဆောက်ရာတွင် တပ်မတော်မှလည်း ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ ဒေသခံများအနေဖြင့်လည်း ပြည်နယ်အစိုးရ၏ မြို့ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် အပြည့်အဝပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အစိုးရ၊ တပ်မတော်နှင့် ပြည်သူများ အားလုံးပူးပေါင်းဆောင်ရွက်မှ အောင်မြင်မည်ဖြစ်ကြောင်း ပြောကြားသည်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မော်ချီးဒေသတွင် ဖွင့်လှစ်ထားသည့် ယာယီကယ်ဆယ်ရေးစခန်း၌ ဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်သမ္မတက ဘေးသင့်ပြည်သူများအတွက် ပစ္စည်းအမျိုးအစား(၃၀) ပါရှိသည့် ထောက်ပံ့ရေးပစ္စည်းပုံး(၁၀၀)နှင့် ဘေးသင့်ပြည်သူများ လတ်တလော စားသောက်နိုင်ရန်အတွက် ထောက်ပံ့ငွေကျပ် သိန်း ၅၀ ကို လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စားသောက်ဖွယ်ရာများနှင့် မော်ချီးဒေသပြည်သူများ ဆက်သွယ်ရေးအဆင်ပြေစေရန်အတွက် (MEC) ဆင်းမ်ကတ် ၃၀၀ ကိုလည်းကောင်း တာဝန်ရှိသူများထံပေးအပ်ပြီး ဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး အားပေးသည်။

မော်ချီးဒေသတွင် အောက်တိုဘာ ၁၀ ရက်နှင့် ၁၁ရက်တို့က မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် နေအိမ် (၆၀) ခန့် ပြိုကျပျက်စီးခဲ့ရာ အမျိုးသား ၁၀ ဦး၊ အမျိုးသမီးခုနစ်ဦး စုစုပေါင်း ၁၇ ဦး သေဆုံးခဲ့ပြီး အမျိုးသားသုံးဦး၊ အမျိုးသမီးလေးဦး စုစုပေါင်း ခုနစ်ဦး ပျောက်ဆုံးခဲ့ကာ အိမ်ထောင်စု ၉၈ စုမှ လူဦးရေ ၃၆၉ ဦးမှာ သဘာဝဘေးဒဏ်ကြုံတွေ့ခဲ့ရသဖြင့် ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်၍ ရွှေ့ပြောင်းနေရာချထားပေးခြင်း၊ မော်ချီးတောင်ပေါ်ကျေးရွာများမှာ နေထိုင်ရန် အန္တရာယ်ရှိသဖြင့် ထပ်မံရွှေ့ပြောင်းလာသော ဒေသခံပြည်သူ ၁၁၈၆ ဦးအား ကယ်ဆယ်ရေးစခန်းများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စီစဉ်ဆောင်ရွက်ပေးခြင်း၊ နေရပ်သို့ ပြန်လိုသော ခဲတွင်းများတွင်လာရောက်လုပ်ကိုင်လျက်ရှိသည့် လုပ်သား ၂၀၁၄ ဦးကို တပ်မတော် မော်တော်ယာဉ်များအပါအဝင် မော်တော်ယာဉ်များဖြင့် လွိုင်ကော်မြို့သို့ ပို့ဆောင်ပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ယခုအခါ မော်ချီးဒေသ လိုခါးလိုကျေးရွာ ခရစ်ယာန်နှစ်ခြင်းဘုရားရှိခိုးကျောင်း၊ လိုခါးလိုအလယ်တန်းကျောင်း၊ ဆေးရုံဟောင်းနေရာနှင့် မော်ချီးအထက်တန်းကျောင်းတို့တွင် ဘေးသင့်ပြည်သူ ၇၂၉ ဦး ရှိသဖြင့် လိုအပ်သည့် ကူညီထောက်ပံ့မှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် မော်ချီးဒေသ လိုခါးလိုကျေးရွာမှ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် လွိုင်ကော်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**

*ယခုဆောင်းပါးသည် ဂျပန်နိုင်ငံ NIKKEI ASIA REVIEW တွင် ဖော်ပြပါရှိခဲ့သည့် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ရေးသားခဲ့သော ဆောင်းပါးဖြစ်ပြီး စာရေးသူ၏ခွင့်ပြုချက်ဖြင့် ဘာသာပြန်ဆို၍ ဖော်ပြခြင်းဖြစ်ပါသည်။*

# မြန်မာနိုင်ငံငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ထားရှိသင့်သော အမြင်မှန်နှင့် လက်ရှိဖြစ်ပေါ်နေသော အမြင်မှားများ

ဦးအောင်မင်း






မြန်မာနိုင်ငံရဲ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်ပြီးတော့ အွန်လိုင်း၊ မီဒီယာနှင့် နောက်ကွယ်မှာ ထင်ကြေးပေးပြောဆိုမှုတွေ အများကြီးရှိပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ နှစ်ပေါင်း (၆၀)ကျော် ဖြစ်ပွားနေခဲ့တဲ့ ပဋိပက္ခနှင့် ပြည်တွင်းစစ်ပွဲတွေကို အဆုံးသတ်နိုင်အောင် လွန်ခဲ့တဲ့(၄)နှစ်ကစပြီး ကျွန်တော်တို့ ကြိုးပမ်းလုပ်ဆောင်နေချိန်မှာ ဒီလုပ်ဆောင်ချက်တွေနဲ့ ပတ်သက်ပြီး ထင်မြင်ယူဆချက်တွေအများကြီး ထွက်ပေါ်လာခဲ့ပါတယ်။ ကောက်ချက်မျိုးစုံချခဲ့ကြပါတယ်။ ခန့်မှန်းချက်ပေါင်းစုံလည်း ပေးခဲ့ကြပါတယ်။ ငြိမ်းချမ်းရေးရအောင် လုပ်ဆောင်နေချိန်မှာ အခက်အခဲတွေရှိမယ်ဆိုတာကို ကျွန်တော်သိပြီးဖြစ်ပါတယ်။ အဲဒီ အခက်အခဲတွေကို ရင်ဆိုင်ဖို့ကိုလည်း ကျွန်တော်ပြင်ဆင်ထားပြီးဖြစ်ပါတယ်။ ဒါပေမယ့် ငြိမ်းချမ်းရေး ရရှိအောင် လုပ်ဆောင်တဲ့အပေါ်မှာ အဲဒီလောက်အထိ အဆိုးမြင်မှုတွေ၊ သံသယတွေ ရှိကြလိမ့်မယ်လို့ ကျွန်တော် မမျှော်လင့်ခဲ့မိပါဘူး။ မြန်မာနိုင်ငံရဲ့ဒေသအများစုမှာ ပဋိပက္ခဖြစ်ပွားမှုကို သိသိသာသာ ကျဆင်းသွားအောင် စွမ်းဆောင်မှုတွေလုပ်ဆောင်နိုင်ခဲ့ပေမယ့်လည်း ကျရှုံးမှုတွေကို အချိန်မရွေး ရင်ဆိုင်ရနိုင်တယ်ဆိုတာ ကျွန်တော်တို့ အစကတည်းက မျှော်လင့်ထားပြီးသား ဖြစ်ပါတယ်။ ကျွန်တော်တို့လုပ်ဆောင်မှုတွေမှာ အခက်အခဲတွေကြုံတွေ့ရတိုင်း ဒါတွေကို လွန်ခဲ့တဲ့ရက်သတ္တပတ်က ဖြစ်ပျက်ခဲ့တဲ့ အကြီးအကျယ်ဆုံးရှုံးမှုတစ်ခု ပုံစံမျိုးနဲ့ပုံကြီးချဲ့ပြောဆိုကြတာကို ခံကြရပါတယ်။ တကယ့်ကို ထိလွယ်ရှလွယ်တဲ့ အချိန်ကတည်းက ဒီလုပ်ငန်းစဉ်မှာ ပါဝင်ခဲ့သူတစ်ယောက်အနေနဲ့ပြောရမယ်ဆိုရင် အပြင်ကနေ စောင့်ကြည့်လေ့လာသူတွေရဲ့ အလျင်စလို ဝေဖန်သုံးသပ်ချက်တွေနှင့် မျှော်လင့်ချက်ကို ဆုတ်ယုတ်စေတဲ့ ခန့်မှန်းချက်တွေကြောင့် အခက်အခဲကြုံခဲ့ရတဲ့အချိန်တွေ အများကြီး ရှိခဲ့ပါတယ်။ အဲဒီအခက်အခဲတွေဟာ မြန်မာနိုင်ငံငြိမ်းချမ်းရေး ရရှိဖို့အတွက် လုပ်ဆောင်နေသူတွေရဲ့ မျှော်လင့်ချက်တွေ၊ ငြိမ်းချမ်းရေးရရှိဖို့ စဉ်းစားတွေးတောရဲသူတွေရဲ့ သတ္တိတွေကိုထိခိုက်စေပါတယ်။

ကျွန်တော်တို့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးဖို့ ပြင်ဆင်နေတာနဲ့အမျှ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ဆိုတာဘာလဲ၊ မြန်မာနိုင်ငံမှာ ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီပေါ်ထွန်းဖို့အရေးအစီအစဉ်ကို ဖော်ဆောင်ရေးဆွဲရာမှာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်က ဘာကြောင့်အရေးပါတာလဲ၊ ပြီးတော့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်က ကျွန်တော်တို့ရဲ့ အနာဂတ်မျိုးဆက်တွေအပေါ်မှာ ဘယ်လိုအကျိုးသက်ရောက်မှုတွေ ရှိလာနိုင်သလဲဆိုတာတွေ အပေါ်မှာထားရှိတဲ့ ကျွန်တော့်ရဲ့သဘောထားကို ဝေမျှပေးဖို့ အချိန်ကျရောက်လာပြီလို့ ယူဆပါတယ်။ ကျွန်တော်တို့ လူ့အဖွဲ့အစည်းထဲမှာ တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ဘာသာမျိုးစုံနှင့် အမျိုးမျိုးအထွေထွေ ကွဲပြားမှုတွေရှိနေပါတယ်။ ဆွေးနွေးပွဲစကားဝိုင်းတစ်ခုတည်းမှာထိုင်ပြီး သာတူညီမျှရှိတဲ့ အနာဂတ်တစ်ရပ်ကို ကျွန်တော်တို့ တစုတစည်းတည်းပုံဖော်နိုင်ရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ဟာ ပထမဆုံးသော သေးငယ်တဲ့ခြေလှမ်းတစ်လှမ်းဖြစ်ပါတယ်။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ဟာ ရည်မှန်းချက်ပန်းတိုင်သုံးရပ်ကို ဖော်ဆောင်နိုင်ဖို့အတွက် ရည်ရွယ်ပြီးရေးဆွဲထားတာပါ။ ပထမဆုံးအနေနဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ဟာ လက်နက်ကိုင်တပ်ဖွဲ့များအကြားမှာ ရန်လိုတိုက်ခိုက်မှုတွေကို လျှော့ချရုံတင်မကဘဲ တိုက်ခိုက်မှုတွေမရှိရေးအတွက် လက်ရှိကနဦး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို တစ်နိုင်ငံလုံးအတိုင်းအတာအထိ အသွင်ကူးပြောင်းပေးနိုင်သော ခိုင်မာတဲ့စနစ်တစ်ခုကို ဖော်ဆောင်နိုင်ရေးပင်ဖြစ်ပါတယ်။ လက်နက်ကိုင်တပ်ဖွဲ့များအားလုံးလိုက်နာရန် ကျင့်ဝတ်စည်းကမ်းများရေးဆွဲခြင်း၊ ပူးတွဲစောင့်ကြည့်လေ့လာရေးကော်မတီဖွဲ့စည်းခြင်း စတာတွေအပြင် အရပ်ဘက်ပြည်သူလူထုကို ကာကွယ်နိုင်ရေးအတွက် ကြိုတင်စီမံမှုတွေ လုပ်ရပါတယ်။ ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်ဖို့အတွက် ဒီနည်းလမ်းတွေက တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်နှင့်အတူ တစ်ပါတည်းလုပ်ဆောင်ရမည့် နည်းလမ်းအချို့ဖြစ်ပါတယ်။

ဒုတိယအနေနဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ဟာ စစ်မှန်ခိုင်မာပြီး အားလုံးပါဝင်ခွင့်ရှိတဲ့ နိုင်ငံရေးစကားဝိုင်းလုပ်ငန်းစဉ်တစ်ရပ်ကို လမ်းဖွင့်ပေးမှာဖြစ်ပါတယ်။ အဲဒီနိုင်ငံရေး စကားဝိုင်းမှာ နှစ်ဖက်လုံးမှာရှိတဲ့ လက်နက်ကိုင်ဆောင်ထားသူများသာမက အခြားသက်ဆိုင်သူပေါင်းစုံပါဝင်ပြီး အချိန်ကြာရှည်စွာ ကိုင်စွဲထားသော မကျေနပ်ချက်များနှင့် နစ်နာချက်များကို ဆွေးနွေးတိုင်ပင်ကြမှာဖြစ်ပါတယ်။ မည်သို့ပင်ဆိုစေကာမူ NCA ကို လက်မှတ်ထိုးခြင်းဟာ ဘာသာပေါင်းစုံ၊ တိုင်းရင်းသားလူမျိုးပေါင်းစုံဖြစ်တဲ့ မြန်မာနိုင်ငံသားတွေရဲ့ အသံတွေကို တစုတစည်းတည်း ဖြစ်သွားစေမှာဖြစ်ပါတယ်။ မိမိတို့နိုင်ငံကို ဘယ်လိုနိုင်ငံမျိုးဖြစ်စေချင်သလဲ ဆိုတဲ့အပေါ်မူတည်ပြီး ကျွန်တော်တို့ လူ့အဖွဲ့အစည်းကို ပြန်လည်ပုံဖော်ရမှာဖြစ်ပါတယ်။ နောက်ဆုံးအနေနဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခြင်းနှင့် နိုင်ငံရေးဆွေးနွေးပွဲလုပ်ငန်း စတင်ခြင်းဟာ လာမယ့်အနာဂတ်မှာ အနာဂတ် နိုင်ငံတော်အစိုးရနှင့် အဘက်ဘက်မှ ခေါင်းဆောင်များအနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆက်လက်လုပ်ဆောင်နိုင်ဖို့အတွက် စမှတ်တစ်ခုပဲဖြစ်ပါတယ်။ ကျွန်တော်အမြဲတမ်း ယုံကြည်ထားတာကတော့ ငြိမ်းချမ်းရေးမရှိဘဲနဲ့ ဒီမိုကရေစီမရနိုင်ပါဘူး။ နိုဝင်ဘာလ ရွေးကောက်ပွဲအပြီးမှာ ဘယ်သူပဲအာဏာရရ ငြိမ်းချမ်းရေးကို ဆက်လက်လုပ်ဆောင်နိုင်ဖို့အတွက် ကျွန်တော်တို့ဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အခြေခံခိုင်ခိုင်မာမာနဲ့ ထားခဲ့ရမှာဖြစ်ပါတယ်။ ဒါ ကျွန်တော်တို့နိုင်ငံမှာ ဒီမိုကရေစီအမြစ်တွယ်ခိုင်မာဖို့အတွက် လုပ်ဆောင်နေခြင်းလည်း ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ အချို့သော ကောလာဟလတွေကို ဒီထက်ပိုပြီး မကြီးထွားလာမီ ကိုင်တွယ်ဖြေရှင်းချင်ပါတယ်။ ရွေးကောက်ပွဲမှာ လက်ရှိအစိုးရအောင်နိုင်ရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို ရွေးကောက်ပွဲမတိုင်မီလက်မှတ်ထိုးနိုင်ဖို့ တွန်းအားပေးလုပ်ဆောင်နေတယ်လို့ တချို့က ကျွန်တော်နဲ့လက်ရှိအစိုးရကို စွပ်စွဲပြောဆိုထားတာတွေရှိပါတယ်။ အမှန်အတိုင်းပြောရရင် လူကြိုက်များ ထောက်ခံမှုရအောင်လုပ်ဖို့ဆိုရင် မြန်မာနိုင်ငံငြိမ်းချမ်းရေးရရှိအောင် လုပ်ဆောင်တာထက် လွယ်ကူတဲ့နည်းလမ်းတွေ အများကြီးရှိပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို စတင်လုပ်ဆောင်ကတည်းက အဲဒီလုပ်ငန်းစဉ်မှာပါဝင်တဲ့ ဘယ်သူကမှ အဲဒီလိုလွဲမှားတဲ့အတွေးမျိုးကို မတွေးဘူးဆိုတာ ကျွန်တော်ယုံကြည်ပါတယ်။ ကျွန်တော်တို့ အတူတကွရယူခဲ့တဲ့ အောင်မြင်မှုတွေ၊ ကျွန်တော်တို့ အစွမ်းကုန်အားထုတ်ကြိုးပမ်းပြီး ကျော်ဖြတ်ခဲ့တဲ့ အခက်အခဲအတားအဆီးတွေက ရွေးကောက်ပွဲအပြီး ပေါ်ပေါက်လာမယ့် နိုင်ငံရေးအခင်းအကျင်းအသစ်မှာ အဟန့်အတားမဖြစ်စေနိုင်ဖို့အတွက် အချိန်ကန့်သတ်ချက်အောက်မှာ အမြဲတမ်းလုပ်ကိုင်ဆောင်ရွက်နေရပါတယ်။ ပါဝင်သူတွေအကြားမှာ အဓိကကျတဲ့သဘောတူညီချက်များကို ခိုင်မာလာစေခြင်းအားဖြင့် ကျွန်တော်တို့ဟာ ပိုမိုတည်ငြိမ်တဲ့ အသွင်ကူးပြောင်းမှုတစ်ရပ်ကို ဖြစ်ပေါ်လာစေပြီး အသစ်အသစ်သော အနှောင့်အယှက်အဟန့်အတားများ (သို့မဟုတ်) အနှောင့်အယှက်အဟန့်အတားများ အသစ်တစ်ဖန်ပြန်လည်ပြီး မဖြစ်ပွားအောင် တားဆီးနိုင်မယ့်အခွင့်အလမ်းတွေ ပိုမိုရှိလာမှာဖြစ်ပါတယ်။

မီဒီယာမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအားလုံးက စာချုပ်ကို လက်မှတ်ရေးထိုးဖို့ အခုအချိန်မှာ အသင့်မဖြစ်ကြသေးတဲ့အတွက်၊ လက်မှတ်မရေးထိုးနိုင်သေးတဲ့အတွက် ကျွန်တော်တို့ အပစ်အခတ်ရပ်စဲရေးစာချုပ် (NCA) က မအောင်မြင်ဘူးလို့ ရေးကြ၊ ပြောကြ၊ ဝေဖန်ကြတာတွေရှိပါတယ်။ ဒါ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရဲ့ သဘောသဘာဝကို အမှန်တကယ် နားမလည်သေးလို့ပဲဖြစ်ပါတယ်။ စေ့စပ်ညှိနှိုင်းရေးလုပ်ဆောင်ရတယ်ဆိုတာ အရမ်းကို ခက်ခဲပါတယ်။ အရမ်းလည်း ရှုပ်ထွေးပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တစ်ခုချင်းစီရဲ့ သဘောသဘာဝ၊ တစ်ဖွဲ့ချင်းစီရဲ့ ကိုယ်ကျိုးစီးပွားတွေ၊ သူတို့ကို ထောက်ခံနေတဲ့ ပြည်သူလူထုတွေ၊ ပြီးတော့ သူတို့တွေရဲ့ ငြိမ်းချမ်းရေးရယူလိုစိတ်တွေ ဘယ်လောက်ထိ ပြင်းထန်လဲ၊ နောက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကို အခြားပြင်ပအဖွဲ့အစည်းတွေကနေ ဘယ်လောက်အထိ ဖိအားပေးနေတယ်ဆိုတာ ကြည့်ရပါတယ်။ နားလည်ရပါတယ်။ ကျွန်တော် လေ့လာမှတ်သားရသလောက် ပြောရမယ်ဆိုရင် ဘယ်နိုင်ငံကမှ တိုင်းပြည်တွင်းမှာ ဖြစ်ပွားနေတဲ့ ပဋိပက္ခအားလုံးကို တစ်ချိန်တည်း တစ်ပြိုင်နက်တည်းမှာပဲ တစုတစည်းတည်း ဖြေရှင်းနိုင်တာ မရှိသေးပါဘူး။ အကြောင်းရင်းကတော့ ရှင်းပါတယ်။ အားလုံးရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မယ့်အဖြေမရှိပါဘူး။

**စာမျက်နှာ ၇ သို့** *

* စာမျက်နှာ ၆ မှ

ကာလရှည်ကြာစွာ လက်နက်ကိုင်ပဋိပက္ခတွေ ဖြစ်ပွားနေတဲ့ ကျွန်တော်တို့နိုင်ငံမှာ လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့နှင့် လက်မှတ်ရေးထိုးနိုင်မယ်ဆိုရင်လည်း ဒါ အောင်မြင်မှုပါပဲ။ ဒီအောင်မြင်မှုကို ကျွန်တော်တို့ ကြိုဆိုရမှာပါပဲ။ ကျွန်တော် ဒီလိုပဲခံယူပါတယ်။

ငြိမ်းချမ်းရေး မလိုချင်လို့ NCA ကို လက်မှတ်မထိုးလိုတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ တစ်ဖွဲ့မှ မရှိပါဘူး။ တစ်ခါမှလည်း သူတို့ အဲဒီလိုမျိုး လူသိရှင်ကြားမပြောဖူးပါဘူး။ အချင်းချင်းထဲမှာလည်း မပြောဖူးပါဘူး။ ဒါကို ကျွန်တော်ယုံကြည်ပါတယ်။ ဒီတစ်ခေါက် လက်မှတ်မရေးထိုးနိုင်သေးတဲ့ အဖွဲ့တွေအပါအဝင် အားလုံးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေက NCA မှာပါတဲ့ အခန်းတွေနှင့် အချက်တွေကို သဘောတူညီထားပြီးဖြစ်ပါတယ်။ ဒီတစ်ခေါက် NCA မှာ လက်မှတ်မရေးထိုးနိုင်သေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့ ရှိပါသေးတယ်။ ကျန်ပါသေးတယ်။ ကျန်သေးတယ်ဆိုတာက အနာဂတ်မှာ သူတို့တွေလက်မှတ်မရေးထိုးနိုင်ဘူးလို့ ဆိုလိုတာမဟုတ်ပါဘူး။ နိုင်ငံတကာစာချုပ်တွေ လေ့လာကြည့်မယ်ဆိုရင်လည်း တွေ့ရမှာဖြစ်ပါတယ်။အဲဒီတော့ လက်မှတ်မရေးထိုးရသေးတဲ့ အဖွဲ့တွေ အချိန်မရွေးလာပြီးတော့ လက်မှတ်ရေးထိုးနိုင်ဖို့အတွက် တံခါးကို အမြဲတမ်းဖွင့်ထားပေးမှာဖြစ်ပါတယ်။

လေးနှစ်တာကာလအတွင်းမှာ ကျွန်တော်တို့ အစွမ်းကုန်အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ အောင်မြင်မှုတွေ အများကြီးရရှိခဲ့သလို အခက်အခဲအတားအဆီးတွေလည်း အများကြီး တွေ့ကြုံခဲ့ရပါတယ်။ အစိုးရကိုယ်စားလှယ်တွေနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ တစ်ဖွဲ့ချင်းစီရဲ့ တွေ့ဆုံညှိနှိုင်းမှုတွေ၊ အောက်ခြေအဆင့်မှာလည်း လက်နက်ကိုင်ပဋိပက္ခတွေ မဖြစ်ပွားစေဖို့အတွက် စီမံဆောင်ရွက်မှုတွေရှိတာကြောင့် လက်နက်ကိုင်ပဋိပက္ခတွေ နေရာဒေသအနှံ့အပြားမှာ သိသိသာသာနှင့် လျော့ကျလာတာကို တွေ့နိုင်ပါတယ်။ ဒါပေမယ့်လည်း အချို့နေရာဒေသတွေမှာ စစ်ပွဲတွေ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်တဲ့အတွက် ဒီအောင်မြင်မှုရလဒ်တွေကို မှေးမှိန်သွားစေပါတယ်။ ကျွန်တော့်ကို ဒီထက်ပိုလိုချင်သလားလို့ မေးမယ်ဆိုရင် မှန်ပါတယ်။ကျွန်တော် ဒီထက်အများကြီးပိုလိုချင်ပါတယ်။ ကျွန်တော့်ကိုယ်ကျွန်တော်လည်း ဒီထက်အများကြီး ပိုလုပ်နိုင်သေးလားဆိုပြီး အမြဲတမ်းပြန်ဆန်းစစ်လေ့ရှိပါတယ်။ ဒါပေမယ့်လည်း အတိတ်က အခြေအနေတစ်ရပ်ကို လက်ရှိအခြေအနေနှင့် နှိုင်းယှဉ်ကြည့်ပြီး ကောက်ချက်ချမယ်ဆိုရင် အများကြီး လွဲချော်နိုင်ပါတယ်။ ကိုယ်လိုချင်နေတာကိုပဲ မျှော်ကြည့်ပြီး လက်တွေ့ရရှိနေတဲ့ အတိုင်းအတာတစ်ခုကို မျက်နှာလွှဲခဲပစ်လျစ်လျူရှုလိုက်မယ်ဆိုရင် အရမ်းကို အန္တရာယ်ကြီးပါတယ်။ လက်နက်ကိုင်ပဋိပက္ခတိုင်းက အရမ်းကို ခက်ခဲပါတယ်။ အရမ်းကို ရှုပ်ထွေးပါတယ်။ ကျွန်တော်တို့ ဘက်ပေါင်းစုံကနေ စဉ်းစားရပါတယ်။ အပေါ်ယံကြည့်ရုံ၊ အကဲဖြတ်ရုံနဲ့ မရပါဘူး။

* ငြိမ်းချမ်းရေးလုပ်ရတာ တကယ့်မလွယ်ကူတဲ့ အလုပ်ပါ။ ကိုယ်နဲ့အရင်တုန်းက ရန်သူဖြစ်ဖူးတဲ့ သူတွေနှင့် သူငယ်ချင်းလုပ်ရတဲ့ အလုပ်၊ တစ်ခါတလေ ကိုယ်နဲ့ သေတူရှင်ဖက်ဖြစ်နေတဲ့ ကိုယ့်ရဲဘော်တွေကိုတောင် မာမာထန်ထန် ပြောရတဲ့အလုပ်လည်း ပါဝင်ပါတယ်။


* အခုတော့ ငြိမ်းချမ်းရေးအတွက် ကျားကုတ်ကျားခဲ ဆောင်ရွက်နေကြတဲ့ အကျိုးတူပါတနာတွေဖြစ်ပါတယ်။



ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်လား၊ မအောင်မြင်ဘူးလားဆိုတာ NCA ကို အကောင်အထည်ဖော်တဲ့အခါ တွေ့ရမှာဖြစ်ပါတယ်။ လက်မှတ်ရေးထိုးလိုက်ခြင်းက ရှေ့ဆက်သွားမယ့်လုပ်ငန်းစဉ်ရဲ့ ကနဦးခြေလှမ်းပဲဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အခက်အခဲ၊ အတားအဆီးတွေကို အားလုံးနဲ့အတူတကွ ရင်ဆိုင်ဖြေရှင်းပြီး သွားချင်ပေမယ့်လည်း ကိုးကန့်ဒေသမှာ မမျှော်လင့်ဘဲ ဖြစ်ပွားခဲ့တဲ့ ပဋိပက္ခတွေက ကျွန်တော်တို့ကို ဘေးကျပ်နံကျပ်ဖြစ်စေခဲ့ပါတယ်။ ကိုးကန့်ပဋိပက္ခကို ဖြေရှင်းဖို့အတွက် ကျွန်တော်တို့ရဲ့ စိတ်ခံစားချက်တွေကို ဘေးချိတ်ပြီး အောက်ခြေအဆင့်မှာ အများကြီးစီမံဆောင်ရွက်ဖို့ လိုအပ်ခဲ့ပါတယ်။ လက်နက်ကိုင်ပဋိပက္ခတွေ ဆက်လက်ဖြစ်ပွားနေသေးတဲ့ နေရာဒေသတွေအတွက် ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးရဖို့အတွက်ဆိုရင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ် NCA နှင့် နိုင်ငံရေးဆွေးနွေးပွဲတွေက အကောင်းဆုံးနည်းလမ်းပဲ ဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ ခိုင်ခိုင်မာမာ ယုံကြည်ပေမယ့်လည်း အချို့သော လက်နက်ကိုင်အဖွဲ့တွေက အဲဒါကို တစ်မျိုးတစ်ဖုံရှုမြင်ကြပါတယ်။ ဒါကိုလည်း ကျွန်တော်နားလည်ပါတယ်။ အတိတ်ရဲ့နာကြည်းချက်တွေကို ကိုင်စွဲထားပြီး အနာဂတ်ကို ပုံဖော်မလား၊ ကျွန်တော်တို့ တစ်ဦးနှင့် တစ်ဦး သံသယတွေနဲ့ ရှင်သန်နေထိုင်ကြမလားဆိုတာ ကိုယ့်ကိုယ်ကိုယ်ပဲ ပြန်မေးကြည့်ရမှာဖြစ်ပါတယ်။

မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်ဆိုတာ မြန်မာနိုင်ငံသားတွေကိုယ်တိုင်က တယုတယ ပြုစုပျိုးထောင်ကြိုးပမ်းခဲ့တဲ့ လုပ်ငန်းစဉ်ဖြစ်ပါတယ်။ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ ရှုထောင့်ကနေကြည့်မယ်ဆိုရင် အပြည့်အဝ နားလည်နိုင်မှာမဟုတ်ပါဘူး။ ဆိုလိုချင်တာကတော့ နိုင်ငံတကာသူငယ်ချင်းတွေရဲ့ အကူအညီ၊ အထောက်အပံ့တွေကို အများကြီးကျေးဇူးတင်ပါတယ်။ ရှေ့ဆက် လုပ်ဆောင်သွားရမယ့် လုပ်ငန်းစဉ်မှာလည်း အကောင်အထည်ဖော် ဆောင်ရွက်စရာတွေ အများကြီးရှိသေးတာ ဖြစ်တဲ့အတွက် သူတို့ရဲ့ အကူအညီတွေကို ဆက်လက်လိုအပ်နေဦးမှာ ဖြစ်ပါတယ်။ဒါပေမယ့်လည်း နိုင်ငံတကာအသိုင်းအဝိုင်းက ပညာရှင်တွေအနေနဲ့ သိထားရမယ့်အရာတစ်ခုက ၄င်းတို့အနေနဲ့ ကျွန်တော်တို့နိုင်ငံအတွင်း ရင်ဆိုင်ကြုံတွေ့နေရတဲ့ တကယ့်လက်တွေ့ပြဿနာတွေကို သေသေချာချာ နားမလည်သေးဘူးဆိုတာပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ပထဝီနိုင်ငံရေး (သို့မဟုတ်) မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာကို အလေးအနက်မထားဘဲ မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်ကို ဝင်ရောက်စွက်ဖက်ဖို့ ကြိုးစားနေခြင်းက အဖြေရရှိရေးနည်းလမ်းတွေထက် ပြဿနာတွေကိုသာ ပိုပြီးဖြစ်လာစေပါတယ်။ ကျွန်တော်တို့ကနေ နိုင်ငံတကာအသိုင်းအဝိုင်းကို အကူအညီတောင်းခံတဲ့အခါ ကျွန်တော်တို့ရဲ့ တောင်းဆိုချက်တွေနှင့် ဦးစားပေးရမယ့်အချက်တွေကို နားလည်ပြီး တုံ့ပြန်ပေးဖို့ နိုင်ငံတကာအသိုင်းအဝိုင်းကို မေတ္တာရပ်ခံလိုပါတယ်။ ပြီးတော့ ဒီငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ပါဝင်ပတ်သက်ကြတဲ့ ကျွန်တော်တို့နိုင်ငံသား Stakeholders တွေကိုသာ ဒီအခင်းအကျင်းအတွင်းက လုပ်ဆောင်ရန်ရှိတာတွေကို ကိုယ်တိုင်ပြင်ဆင်စေပြီး အခက်အခဲအတားအဆီးတွေကိုလည်း ကိုယ်တိုင်ကိုယ်ကျ ကိုင်တွယ်ဖြေရှင်းစေသင့်ပါတယ်။ တစ်နေ့မှာတော့ မြန်မာနိုင်ငံသားတွေကိုယ်တိုင် လိုချင်တောင့်တနေကြတဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးကို ကိုယ်တိုင်ဆွတ်ခူးရယူနိုင်ကြမှာပါ။

ငြိမ်းချမ်းရေးလုပ်ရတာ တကယ့်မလွယ်ကူတဲ့ အလုပ်ပါ။ ကိုယ်နဲ့အရင်တုန်းက ရန်သူဖြစ်ဖူးတဲ့ သူတွေနှင့် သူငယ်ချင်းလုပ်ရတဲ့ အလုပ်၊ တစ်ခါတလေ ကိုယ်နဲ့ သေတူရှင်ဖက် ဖြစ်နေတဲ့ ကိုယ့်ရဲဘော်တွေကိုတောင် မာမာထန်ထန်ပြောရတဲ့ အလုပ်လည်း ပါဝင်ပါတယ်။ လေးနှစ်တာကာလပတ်လုံး ကျွန်တော်နှင့်အတူ ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံကနေပြီးတော့ ငြိမ်းချမ်းရေးအတွက် အားသွန်ခွန်စိုက် မနားမနေ ကြိုးပမ်းအားထုတ်ခဲ့တဲ့သူတွေကို ပြောချင်ပါတယ်။ ကျွန်တော်တို့က အရင်တုန်းက ရန်သူတွေပါ၊ အခုတော့ ငြိမ်းချမ်းရေးအတွက် ကျားကုတ်ကျားခဲ ဆောင်ရွက်နေကြတဲ့ အကျိုးတူပါတနာတွေဖြစ်ပါတယ်။ လက်နက်ကိုင်ပဋိပက္ခတွေရဲ့ ဒဏ်ကိုလည်း တိုက်ရိုက်ခံစားခဲ့ကြဖူးပါတယ်။ အခုတော့ ကျွန်တော်တို့အားလုံးက ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ အတိတ်ဒဏ်ရာကိုယ်စီနှင့်အတူ ရောက်ရှိနေပြီဖြစ်ပါတယ်။ ကျွန်တော်တို့အရှေ့က သွားနှင့်လေပြီးတဲ့ ရဲဘော်တွေလိုပဲ ကျွန်တော်တို့ မသေဆုံးခင်အချိန်လေးမှာ ကျွန်တော်တို့ ခံစားနာကျင်ခဲ့သလိုမျိုး ကျွန်တော်တို့ရဲ့ အနာဂတ်ကလေးတွေ မခံစားရစေမယ့် လမ်းကြောင်းအသစ်တစ်ခုကို ကျွန်တော်တို့ ရှာဖွေတွေ့ရှိပြီးဖြစ်ပါတယ်။ နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ကျွန်တော်တို့အားလုံးအတူတူ ရယူဆွတ်ခူးနိုင်ခဲ့တဲ့ အောင်မြင်မှုတွေကို ခင်ဗျားတို့အားလုံးနှင့် မျှဝေခံစားခွင့်ရတဲ့အတွက် ကျွန်တော်အတိုင်းမသိဂုဏ်ယူမိပါတယ်။ ကျွန်တော်တို့အားလုံးရဲ့ အနာဂတ်ကောင်းတစ်ခုအတွက် ကျွန်တော်တို့ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားနိုင်ကြပါစေ။ ။



ဦးအောင်မင်းသည် နိုင်ငံတော်သမ္မတရုံး၏ ပြည်ထောင်စုဝန်ကြီးဖြစ်ပြီး မြန်မာနိုင်ငံ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် နိုင်ငံတော်အစိုးရကို ကိုယ်စားပြုရသော စေ့စပ်ညှိနှိုင်းရေးခေါင်းဆောင် (Chief Negotiator) ဖြစ်ပါသည်။

## နိုင်ငံတကာသတင်းမီဒီယာများ ရွေးကောက်ပွဲသတင်းလာရောက်ရယူရာတွင် ပြည်ဝင်ဗီဇာရရှိရေးအတွက် ထောက်ခံဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၆**

နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွင် နိုင်ငံတကာသတင်းမီဒီယာများ သတင်းရယူနိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာများနှင့်ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတကာမှ သတင်းမီဒီယာများကို ရွေးကောက်ပွဲရက်အပါအဝင် တစ်လ သာမန်ပြည်ဝင်ဗီဇာရရှိရေးအတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ထောက်ခံညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပြီး ယနေ့အထိ နိုင်ငံတကာသတင်းမီဒီယာသမား ၂၄၇ ဦးအား ပြည်ဝင်ဗီဇာရရှိရန်အတွက် ထောက်ခံဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် ရွေးကောက်ပွဲမကျင်းပမီ ကာလများအတွင်း သတင်းရယူရန်အတွက် လျှောက်ထားလာသော သတင်းမီဒီယာများအား ပြည်ဝင်ဗီဇာရရှိရန် ဆက်လက်ထောက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ဖားဆောင်းမြို့နယ် မော်ချီးဒေသတွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**လွိုင်ကော် အောက်တိုဘာ ၁၆**

ကယားပြည်နယ် မီးသတ်ဦးစီးဌာန ပြည်နယ်မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း ဦးဆောင်သော ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်၊ သန္ဓေတပ်ဖွဲ့ဝင် ၁၀ ဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၆၀ တို့သည် အောက်တိုဘာ ၁၅ ရက်တွင် မိုးရွာသွန်းမှုကြောင့် လမ်းကြောင်းများတွင် ပိတ်ဆို့နေသည့် ရွှံ့ညွန်နှင့် သစ်ပင်များအား ဖယ်ရှားခြင်း၊ ဘေးသင့်ပြည်သူများ ဖြတ်သန်းသွားလာနိုင်ရေးအတွက် ဆောက်လုပ်ရေးအဖွဲ့နှင့် ပူးပေါင်း၍ ခတ်တိုင်များဖြင့် ယာယီတံတားများ ပြုလုပ်ပေးခြင်း၊ တောင်ပေါ်ရွာ ယာယီကယ်ဆယ်ရေးစခန်းမှ နေရပ်သို့ပြန်မည့် ဘေးသင့်ပြည်သူများအား အမှတ်(၁) ဘေလီတံတားမှ စောင့်ကြို၍ ရေတိုက်စားပြီး ပျက်စီးနေသော ချဉ်းကပ်လမ်းတွင် ပစ္စည်းများနှင့်လူများ ဘေးအန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းနိုင်ရေးတို့ကို ကူညီဆောင်ရွက်ပေးခြင်း၊ တောင်ပေါ်ရွာရှိ ဘေးသင့်ပြည်သူများအသုံးပြုရန်အတွက် ဆေးနှင့်ပစ္စည်းများ သယ်ဆောင်ပေးခြင်းနှင့် နေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာမည့် ဘေးသင့်ပြည်သူများနှင့် ပစ္စည်းများအား မော်တော်ယာဉ်များပေါ်သို့ ကူညီတင်ဆောင်ပေးခြင်း၊ အသက်ကယ်ကြိုးသွယ်တန်း၍ ဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ဆောင်ရွက်ခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

■

# တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲမှတ်တမ်းဓာတ်ပုံများ



ဒီမိုကရေစီအကျိုးပြု ကရင်အမျိုးသားတပ်မတော် (DKBA) စစ်ဦးစီးချုပ် စောလားဘွယ် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်အား လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)



တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)



တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရှမ်းပြည်နယ် ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) (RCSS /SSA-S) ဥက္ကဋ္ဌ ဦးရွက်ဆစ်အား လက်ဆောင်ပစ္စည်းပေးအပ်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ချင်းအမျိုးသားတပ်ဦး (CNF) ဥက္ကဋ္ဌ ဦးပူးနန်လျန်ထန်အား လက်ဆောင်ပစ္စည်းပေးအပ်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) ဥက္ကဋ္ဌ ရဲဘော်သံခဲအား လက်ဆောင်ပစ္စည်းပေးအပ်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNU / KNLA-PC) မှ စောရင်နုအား လက်ဆောင်ပစ္စည်းပေးအပ်စဉ်။ (သတင်းစဉ်)

**ပြည်တွင်းရေးရာ**

# နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၆**

ဒီမိုကရေစီဆိုသည်မှာ ပြည်သူကိုအကာအကွယ်ပေးခြင်း၊ ပြည်သူ့အကျိုးစီးပွားကို ဖော်ဆောင်ခြင်းသည် အခြေခံအချက်ဖြစ်သည်ကို နားလည်လက်ခံထားပါကြောင်း၊ ဒီမိုကရေစီတွင် လွတ်လပ်ခွင့်ရှိသော်လည်း ဥပဒေနှင့်အညီ၊ စည်းမျဉ်းစည်းကမ်းနှင့်အညီသာ ဖြစ်ရမည်ဖြစ်ကြောင်း၊ ပြည်သူကို အကာအကွယ်ပေးခြင်း၊ ပြည်သူ့အကျိုးစီးပွား ဖော်ဆောင်ခြင်းတို့မှာလည်း ဥပဒေ၊ စည်းမျဉ်းစည်းကမ်းအတိုင်းသာ လုပ်ဆောင်ရမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့နံနက် ၉ နာရီတွင် ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီး မစ္စတာ အိုလီဗီယာ ရစ်ချတ် လာရောက်တွေ့ဆုံစဉ် ထည့်သွင်းပြောကြားသည်။



တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ)ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြထွန်းဦးတို့ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေး၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုအခြေအနေ၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်များတွင် တာဝန်ထမ်းဆောင်မှုအပါအဝင် ရနိုင်သည့်လမ်းကြောင်းမှ ဆောင်ရွက်မှုအခြေအနေ၊ နိုင်ငံရေးနှင့် လုံခြုံရေးအရ တည်ငြိမ်မှုများ ပြည့်စုံမှသာ ခိုင်မာသည့်ဒီမိုကရေစီနိုင်ငံ တည်ဆောက်နိုင်မည့်အခြေအနေ၊ စာမျက်နှာသစ် (New Page) စတင်မှုအတွက် ဆေးရောင်ခိုင်မာစေရေး၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(မြဝတီ)**

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၆**

ကျေးလက်နေလူဦးရေ များပြားသည့်နိုင်ငံအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လူနေမှုစနစ်မြှင့်တင်ရေးအတွက် ကျေးလက်အခြေခံစီးပွားရေးလုပ်ငန်းများကို မြှင့်တင်ပေးရန်လိုအပ်ကြောင်း၊ ကျေးလက်အခြေခံစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ဦးစွာ နည်းစနစ်ကျနအောင်လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ယင်းမှတစ်ဆင့် နည်းပညာမြင့်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တစ်ဆက်တည်း ကျေးလက်ပညာရည် မြှင့်တင်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ပါက ပိုမိုကောင်းမွန်မည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားနိုင်ငံသံအမတ်ကြီး H.E.Mr. Le Beak-Soonနှင့် တွေ့ဆုံစဉ် ထည့်သွင်းပြောကြားသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြထွန်းဦးတို့ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားနိုင်ငံ သံအမတ်ကြီးနှင့်အတူ စစ်သံမှူး Colonel Hong Jong-Kee နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။



တွေ့ဆုံစဉ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးတိုးတက်ကောင်းမွန်မှုနှင့် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအခြေအနေ၊ မြန်မာနိုင်ငံတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုနှင့် ကျေးလက်ဒေသတွင် အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်မည့်အခြေအနေ၊ နှစ်နိုင်ငံယဉ်ကျေးမှုချင်းနီးစပ်သည့်အခြေအနေ၊ လယ်ယာထွက်ကုန်ပစ္စည်းများ တန်းဖိုးမြှင့်ပို့ကုန်ဖြစ်စေရေး နည်းပညာပူးပေါင်းဆောင်ရွက်မှုနှင့် နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေးအခြေအနေ၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာများနှင့် ရွေးကောက်ပွဲဆိုင်ရာများ၊ NCA လက်မှတ်ရေးထိုးမှုအခြေအနေတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**(မြဝတီ)**

❒ **ဒီမိုကရေစီမှ**

မိမိတို့အနေဖြင့် နိုင်ငံတော်သမ္မတ ယမန်နေ့က မိန့်ကြားခဲ့သည့် အစိုးရ၏မူကို ထပ်လောင်းပြီးပြောလိုပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နှစ်ဖက်လက်မှတ်ရေးထိုးခဲ့သည့် NCA စာချုပ်ကို လေးစားလိုက်နာပြီး စာချုပ်ပါသဘောတူညီချက်များအတိုင်း၊ စာချုပ်ပါ အချိန်ဇယားများအတိုင်း အတိကျဆုံး အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း။

NCA စာချုပ်အကောင်အထည်ဖော်မှုကို ဆက်လက်အားသွန်ခွန်စိုက်လုပ်ဆောင်ရင်း လက်မှတ်မရေးထိုးနိုင်သေးသည့် အဖွဲ့များကိုလည်း ယခုငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်လာနိုင်အောင် ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း၊ ယနေ့ ညှိနှိုင်းအစည်းအဝေးမှ နှစ်ဖက်တာဝန်ရှိသူများပါဝင်သည့် JICM ကို ဖွဲ့စည်းနိုင်ရန် မျှော်လင့်ပါကြောင်း။

အစည်းအဝေးသို့ တက်ရောက်လာသည့် နှစ်ဖက်တာဝန်ရှိသူများက JICM ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို NCA တွင် ပါရှိသည့်အတိုင်း သတ်မှတ်ပေးကြရမည်ဖြစ်ပါကြောင်း၊ NCA တွင် သဘောတူညီထားသည့်အတိုင်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှုပူးတွဲကော်မတီ (UPDJC) ကို ဖွဲ့စည်းပြီးသည်နှင့် ယခုအစုအဖွဲ့နှစ်ခုက ငြိမ်းချမ်းရေးလုပ်ငန်းများကို ပူးတွဲ၍ အကောင်အထည်ဖော်သွားမည်ဖြစ်ပါကြောင်း။

ယခုစာချုပ်ကို အကောင်အထည်ဖော်ရာတွင် မှန်းဆ၍မရနိုင်သေးသည့် အခက်အခဲများကို ရင်ဆိုင်ရမည့်အခြေအနေများလည်း ရှိလာနိုင်ပါကြောင်း၊ သို့သော်လည်း ယခင်ကာလများကဲ့သို့ နှစ်ဖက်စိတ်ရှည်သည်းခံမှုများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက ယင်းအခက်အခဲများကို ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါကြောင်း။

ယခု JICM ကိုဖွဲ့စည်းပြီး အဓိက အကောင်အထည်ဖော်သွားမည့် JMC နှင့် UPDJC တို့ အသက်ဝင်လာအောင် ဝိုင်းဝန်းကြိုးစားသွားကြရန်နှင့် NCA ကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ခြင်းအားဖြင့် အားလုံးလိုလားသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် နိုင်ငံတော်တည်ဆောက်နိုင်အောင် ကြိုးစားဆောင်ရွက်သွားကြပါရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် တိုင်းရင်းသားများကိုယ်စား ကရင်အမျိုးသားအစည်းအရုံး အထွေထွေအတွင်းရေးမှူး ပဒိုစောကွယ်ထူးဝင်းက နှုတ်ခွန်းဆက်ပြောကြားရာတွင် **(အောက်ပုံ)**တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM)၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးသည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အသက်သွင်းသည့်နေ့လည်းဖြစ်ပါကြောင်း၊ ယနေ့မှစပြီး နိုင်ငံတော်ဘက်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တိုင်းရင်းသားများဘက်မှ တာဝန်ရှိပုဂ္ဂိုလ်များက NCA သဘောတူစာချုပ်တွင်ပါသည့်အချက်များကို အကောင်အထည်ပေါ်သည်အထိ ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေးတွင် စစ်ရေးကိစ္စရပ်များကို ဆောင်ရွက်မည့် JMC ကော်မတီနှင့် UNDJC အဖွဲ့များ ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်သွားမည်ဟု ထည့်သွင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ JICM ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ သတ်မှတ်ခြင်း၊ JICM နှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှုပူးတွဲကော်မတီ (UPDJC) ဖွဲ့စည်းခြင်းဆိုင်ရာကိစ္စရပ်များ၊ JMC အစည်းအဝေးပြုလုပ်မည့်ရက်သတ်မှတ်ခြင်းကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**



❂ **ပြည်ပသို့ဆန်တင်ပို့မှုမှ**

ပြည်ပသို့ ဆန်တင်ပို့မှု ပြန်လည်ခွင့်ပြုချိန်တွင် ကုမ္ပဏီတစ်ခုလျှင် နယ်စပ်ဆန်တင်ပို့မှုကို တန်ချိန် ၅၀၀ ဖြင့်သာခွင့်ပြုကာ လိုင်စင်လျှောက်ထားမှုကို နေပြည်တော်တွင် လျှောက်ထားရမည်ဖြစ်ပြီး ဆန်စပါးအသင်းချုပ်၏ ညှိနှိုင်းဆွေးနွေးမှုအရ ယခုကဲ့သို့ ကန့်သတ်ချက်မရှိ ခွင့်ပြုလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ပြည်ပနိုင်ငံများသို့ တရားဝင်ဆန်တင်ပို့နိုင်ရန် တရုတ်နိုင်ငံနှင့် လက်မှတ်ရေးထိုးထားပြီး ဖိလစ်ပိုင်နိုင်ငံနှင့်လည်း ဆွေးနွေးမှုများပြုလုပ်ထားကြောင်း သိရသည်။ သဘာဝရေဘေးအန္တရာယ်ကြောင့် စပါးစိုက်ဧက ၁ ဒသမ ၄ သန်း ရေနစ်မြုပ်ခဲ့ပြီး ဧက ရှစ်သိန်းခန့် ပျက်စီးသွားခဲ့သည်။ ပျက်စီးလယ်မြေများအနက် ဧက လေးသိန်းကျော် ပြန်လည်စိုက်ပျိုးနိုင်ခဲ့သည့်အတွက် ၅၆ ရာခိုင်နှုန်းခန့် ပြန်လည်စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**(သက်ဆု)**

## နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမိုးဆက်လက်ထစ်ချုန်းရွာမည်။

# ငြိမ်းချမ်းချစ်ကြည် ဒို့တိုင်းပြည်

✳ ငြိမ်းချမ်းရေးကို၊ တည်ဆောက်လို၍
ရှေ့ကိုမျှော်မှန်း၊ လျှောက်မည့်လမ်းအတွက်
လက်ကမ်းကြည်ဖြူ၊ ဖိတ်ခေါ်ယူကာ
တန်းတူညီမျှ၊ ဆွေးနွေးကြခဲ့
ကာလများစွာ၊ ရက်ရှည်ကြာမှ
သေချာဆုံးဖြတ်၊ အပစ်ရပ်ဖို့
လက်မှတ်ရေးထိုး ကမ္ပည်းတင်။
နေ့ထူးနေ့မြတ် သမိုင်းဝင်။
✳ ချစ်ကြည်ရေးကို၊ ခိုင်မြဲလို၍
ညီအစ်ကိုနှောင်ရင်း၊ ဒို့သားချင်းတို့
စစ်ခင်းမှုကို၊ မပြုလိုတော့
ခုဆို အတွေးသစ်၊ အမြင်သစ်ဖြင့်
ပစ်ခတ်တိုက်ခိုက်၊ ရပ်စဲလိုက်ရန်
နှစ်ခြိုက်မျှော်ကိုး၊ လက်မှတ်ထိုးပြီ
တစ်မျိုးသားလုံး ပြုံးပျော်ရွှင်။
နေ့ထူးနေ့မြတ် သမိုင်းဝင်။
✳ "အို--ညီနောင်များ၊ တိုင်းရင်းသားတို့---"
နှစ်အားဖြင့်သော်၊ ခြောက်ဆယ်ကျော်မျှ
မျှော်လေတိုင်းဝေး၊ ငြိမ်းချမ်းရေးကို
ထွေးပိုက်ခုမှ၊ ပိုင်ဆိုင်ရပြီ
ထိုမှနက်ဖြန်၊ ရှေ့ဆက်ရန်တည့်
ကျန်ရှိနေပြား၊ ညီနောင်များလည်း
စောင့်စားလျက်သာ၊ ဖိတ်ခေါ်ပါ၏
မြန်မာပြည်ဖွား၊ ညီနောင်များတို့
အင်အားရှိသမျှ၊ စည်းလုံးကြလော့
ကာလများထွေ၊ ကြုံခဲ့ပေသည်
ဆိုးမွေအားလုံး
နိဂုံးကမွတ်၊ အဆုံးသတ်လော့
မြတ်သောကောင်းမွေ၊ အထွေထွေသာ
မျှဝေခဲ့ရစ်၊ မျိုးဆက်သစ်သို့
ချစ်ခြင်းထုံးမွှမ်း၊ ပေးဆက်ကမ်းရင်း
ငြိမ်းချမ်းချစ်ကြည် ဒို့တိုင်းပြည်။
တိုင်းရင်းသားတို့ လက်တွဲညီ။
ကမ္ဘာတည်သရွေ့ ဘေးမသီ။
ထာဝရ အောင်မြင်ပေလိမ့်မည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးသည့် သမိုင်းဝင်နေ့ထူးနေ့မြတ် ၁၅-၁၀-၂၀၁၅ ကို ဂုဏ်ပြုလျက်

မြင်းမူမောင်နိုင်မိုး

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၆**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံ သံအမတ်ကြီး မစ္စတာ အိုလီဗီယာ ရစ်ချတ်အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



# ဓာတ်ခွဲခန်းအဆောက်အအုံများနှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းများ လွှဲပြောင်းပေးအပ်

**နေပြည်တော် အောက်တိုဘာ ၁၆**

ဂျပန်နိုင်ငံ၏ အထောက်အပံ့ဖြင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ တည်ဆောက်ပြီးစီးခဲ့သည့် ဓာတ်ခွဲခန်းအဆောက်အအုံများနှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယင်းအဆောက်အအုံများရှေ့ရှိ ယာယီမဏ္ဍပ်၌ ယနေ့နံနက် ၁၁ နာရီတွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဦးဝင်းထွန်း၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး၊ JICA မှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ မြန်မာနိုင်ငံဆိုင်ရာဂျပန်သံအမတ်ကြီး တာတရှိဟီဂူချီနှင့် JICA ဌာနေကိုယ်စားလှယ် ကီချီယိုနာကာဆာဝါတို့က နှုတ်ခွန်းဆက်အမှာစကားများ ပြောကြားကြသည်။

ထို့နောက် ဂျပန်သံအမတ်ကြီးက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်အား ဓာတ်ခွဲခန်းအဆောက်အအုံများဆိုင်ရာ စာရွက်စာတမ်းများနှင့် သော့များပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ဂျပန်သံအမတ်ကြီးနှင့် JICA ဌာနေကိုယ်စားလှယ်တို့အား ဂုဏ်ပြုသစ်သီးခြင်းများ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဂျပန်နိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများက ဓာတ်ခွဲခန်းအဆောက်အအုံများအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ဂျပန်သံအမတ်ကြီးတို့က ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

အဆိုပါ ဓာတ်ခွဲခန်းအဆောက်အအုံများသည် RC နှစ်ထပ်အဆောက်အအုံများဖြစ်ကြပြီး မြေဆီလွှာနှင့် ရေသိပ္ပံပညာဌာန၊ စိုက်ပျိုးစီးပွားပညာဌာန၊ စုပေါင်းဓာတ်ခွဲခန်း၊ အပင်ရောဂါဗေဒဌာန၊ ကိမိလနှင့် သတ္တဗေဒဌာန၊ အပင်မွေးမြူရေး၊ ဇီဝကမ္မဗေဒနှင့် ဂေဟဗေဒဌာန၊ မွေးမြူရေးပညာဌာန၊ စိုက်ပျိုးရေးအင်ဂျင်နီယာဌာန၊ လယ်ယာသီးနှံစိုက်ပျိုးရေးပညာဌာနနှင့် ဥယျာဉ်ခြံသီးနှံပညာနှင့် စိုက်ပျိုးရေးဇီဝနည်းပညာဌာနတို့၏ လက်တွေ့သုတေသနဓာတ်ခွဲခန်းများပါဝင်ကာ ဓာတ်ခွဲခန်းအဆောက်အအုံများနှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းများအတွက် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၆ သန်း ကုန်ကျခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

■

# ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင်ရောက်ရှိနေသူ မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ အသိပေးကြေညာခြင်း

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၇ နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင်ရောက်ရှိနေသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ခဲ့သည်။

၂။ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပေးပို့လာသော နိုင်ငံပြင်ပရောက်မဲဆန္ဒရှင်များ၏ ပုံစံ(၁၅)များကို နေရပ်လိပ်စာပါ ရပ်ကွက်/ကျေးရွာအုပ်စု မဲစာရင်းတွင် ပါ/မပါ စိစစ်ရန်အတွက် သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ပေးပို့ပြီး ဥပဒေနှင့်အညီစိစစ်၍ မဲစာရင်းတွင် အမည်ပါဝင်ရေးနှင့် ကြိုတင်ဆန္ဒမဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့သည်။

၃။ မဲစာရင်းတွင် အမည်ပါဝင်သူများအား ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးမှ တာဝန်ရှိသူများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ခေါ်ယူဆောင်ရွက်ခဲ့ပါသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အသီးသီးမှ တာဝန်ရှိသူများအား မဲလက်မှတ်များနောက်ကျောဘက်တွင် ကော်မရှင်အဖွဲ့ခွဲ၏ တံဆိပ်ရိုက်နှိပ်စေခြင်း၊ တာဝန်ခံထုတ်ပေးသူ၏ အမည်နှင့်လက်မှတ်ရေးထိုးစေခြင်းတို့ကို ဆောင်ရွက်စေခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများရှိ သံရုံး၊ အမြဲတမ်းကိုယ်စားလှယ်ရုံးနှင့် ကောင်စစ်ဝန်ရုံးများထံသို့ ဆန္ဒမဲလက်မှတ်များ ပေးပို့ခဲ့ပြီးဖြစ်သည်။

၄။ နိုင်ငံခြားရှိသံရုံးများ အသီးသီးအနေဖြင့်လည်း တစ်နိုင်ငံလုံးရှိ မြို့နယ်အနှံ့မှ လက်ခံရရှိသော မဲလက်မှတ်များအား သက်ဆိုင်ရာမဲဆန္ဒရှင်များသို့လည်းကောင်း၊ မဲပေးရမည့်လွှတ်တော်များအလိုက် လည်းကောင်း အဆင်ပြေစွာမဲပေးနိုင်ရေးသည် လွန်စွာမှကြီးမားသော လုပ်ငန်းပမာဏဖြစ်သည်။ ရွေးကောက်ပွဲအတွေ့အကြုံနည်းခြင်း၊ သံရုံးများ၌ ဝန်ထမ်းကန့်သတ်ချက်ရှိခြင်းသည် အဆင်ပြေစွာ ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန်အတွက် သံရုံးအသီးသီး၌ အခက်အခဲရှိမည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ခံစားနားလည်မိပါကြောင်း၊ ပြည်တွင်း/ပြည်ပရှိမဲဆန္ဒရှင်များအနေဖြင့်လည်း နားလည်ပေးစေလိုပါကြောင်း မေတ္တာရပ်ခံအသိပေးကြေညာအပ်ပါသည်။

**(ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)**

# ရွေးကောက်ပွဲ လုံခြုံရေးအပြည့်အဝဆောင်ရွက်နိုင်ရန် အထူးရဲများ ခန့်အပ်

**နေပြည်တော် အောက်တိုဘာ ၁၆**

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့က လုံခြုံရေးအပြည့်အဝရရှိရေး ဆောင်ရွက်ရာတွင် လက်ရှိအင်အားအပြင် အထူးရဲများခန့်ထားပြီး မဲရုံတစ်ရုံလျှင် အထူးရဲတစ်ယောက်နှုန်းဖြင့် ခန့်ထားမည်ဖြစ်သည်။

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်တွင် တိုင်းဒေသကြီး/ပြည်နယ်အားလုံး၌ မြို့နယ်များရှိ ရပ်မိ/ရပ်ဖများပါဝင်သော စိစစ်ရွေးချယ်ရေးအဖွဲ့အဆင့်ဆင့်က စိစစ်ရွေးချယ်ထားသည့် အထူးရဲ စုစုပေါင်း ၄၀၃၀၄ ဦးအား ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ တစ်ပြိုင်တည်းခန့်ထားခဲ့ရာ ၎င်းတွင် ပညာအရည်အချင်းအားဖြင့် ဘွဲ့ရ(၄%)၊ ၁၀ တန်းအောင်(၉%)၊ အထက်တန်းအဆင့်(၆၀%)နှင့် အလယ်တန်းအဆင့်(၂၇%) တို့ပါဝင်ပြီး တိုင်းရင်းသားပါဝင်မှုမှာ ဗမာလူမျိုးများအပြင် ကချင် ၄၀၀၊ ကယား ၆၂ ဦး၊ ကရင် ၁၂၀၇ ဦး၊ ချင်း ၁၃၀၈ ဦး၊ မွန် ၂၆၉ ဦး၊ ရခိုင် ၂၅၇၇ ဦး၊ ရှမ်း ၁၁၃၉ ဦးနှင့် အခြားတိုင်းရင်းသား ၁၅၆၅ ဦးတို့ဖြစ်ကြောင်း သိရသည်။ အဆိုပါ အထူးရဲများအား အောက်တိုဘာ ၂၀ ရက်မှ ၃၁ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တစ်ပြိုင်တည်း သင်တန်းပေးမည်ဖြစ်ပြီး အထူးရဲများ၏ဝတ်စုံအား ရဲဝတ်စုံအရောင်အတိုင်း အင်္ကျီ မီးခိုးရောင်၊ ဘောင်းဘီ နက်ပြာရောင်ဝတ်စုံတွင် လက်မောင်းတံဆိပ်အထက်၌ "Special Police" ဆိုသည့် အနက်ရောင်စာတန်းအခုံးကို အဖြူရောင်အောက်ခံဖြင့်လည်းကောင်း၊ ပခုံးဒေါက်အား ကွဲပြားစေရန် အနီရောင်ပခုံးဒေါက်တွင် ကန့်လန့်အဖြူလိုင်းပါကို လည်းကောင်း၊ လျှာထိုးဦးထုပ် နက်ပြာရောင်နှင့်ခါးပတ်၊ ဖိနပ်မှာ အပြာရောင်ကင်းဘတ်ဖိနပ်ဖြင့် လည်းကောင်း ဝတ်ဆင်သွားမည်ဖြစ်သည်။

အထူးရဲများသည် လစာငွေကျပ် ၁၂၀၀၀၀ နှင့် စရိတ်ငွေကျပ် ၃၀၀၀၀ စုစုပေါင်းငွေကျပ် ၁၅၀၀၀၀ ရရှိမည်ဖြစ်သည်။ ၎င်းအပြင် အထူးရဲများ၏ တာဝန်နှင့်ဝတ္တရား(၁၂)ချက်အား သတ်မှတ်ထားပြီး ၎င်းတာဝန်နှင့် ဝတ္တရားများအား အိတ်ဆောင်ကတ်အဖြစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့က ရိုက်နှိပ်၍ တစ်ဦးချင်းစီအတွက် ဖြန့်ဝေပေးထားကြောင်း သိရသည်။ **(သတင်းစဉ်)**



# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ် ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂနှင့် အမေရိကန်နိုင်ငံတို့က ကြေညာချက်များ ထုတ်ပြန်

နေပြည်တော် အောက်တိုဘာ ၁၆

**နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ရှစ်ဖွဲ့တို့အကြား အောက်တိုဘာ ၁၅ ရက်တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ် ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂနှင့် အမေရိကန်ပြည်ထောင်စုတို့က ကြေညာချက်များ ထုတ်ပြန်ခဲ့ကြသည်။**



UN chief welcomes 'milestone' signing of ceasefire agreement in Myanmar

15 October 2015 -- United Nations Secretary-General Ban Ki-moon welcomed today the signing of a ceasefire agreement in Myanmar as "a milestone" and expressed his hope that the new government formed after next month"s elections will keep moving forward along the present path of negotiations.

## ကုလသမဂ္ဂ

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက မြန်မာနိုင်ငံတွင်ပြုလုပ်သော ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက် တစ်ရပ်လက်မှတ်ရေးထိုးခြင်းကို သမိုင်းမှတ်တိုင်တစ်ခုအဖြစ် အောက်တိုဘာ ၁၅ ရက်တွင် ကြိုဆိုလိုက်ပြီး လာမည့်ရွေးကောက်ပွဲမှ ပေါ်ပေါက်လာမည့် အစိုးရသစ်အနေဖြင့် လက်ရှိညှိနှိုင်းစေ့စပ်ရေးလမ်းကြောင်းအပေါ် ဆက်လက်လျှောက်လှမ်းမည်ဟု မျှော်လင့်ပါကြောင်း ဖော်ပြထားသည်။

ကုလသမဂ္ဂအနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနှင့် ပြီးပြည့်စုံသော နိုင်ငံရေးဆွေးနွေးပွဲတစ်ရပ် စတင်လိုက်ခြင်းသည် အသက်ပေါင်းများစွာဆုံးရှုံးစေပြီး ထောင်ပေါင်းများစွာသောပြည်သူများ နေအိမ်စွန့်ခွာခဲ့ရသည့် ဆယ်စုနှစ်များစွာသော ပြည်တွင်းစစ်ကာလများနောက်ပိုင်း ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးလမ်းကြောင်းသစ်တစ်ရပ် ဖော်ဆောင်နိုင်မည်ဟု အသိအမှတ်ပြုယုံကြည်ကြောင်း NCA လက်မှတ်ရေးထိုးအပြီးတွင် ထုတ်ပြန်သည့်ကြေညာချက်တစ်ရပ်၌ ဘန်ကီမွန်းက ထည့်သွင်းပြောကြားခဲ့သည်။

ဒီမိုကရေစီနှင့် တန်းတူညီတူမှုအပေါ် အခြေခံသည့် ဖက်ဒရယ်ပြည်ထောင်စုတစ်ရပ်ဖော်ဆောင်မည်ဟူသော အစိုးရ၏ ကြေညာချက်သည် သမိုင်းမှတ်တိုင်တစ်ခုဖြစ်ကြောင်း၊ ဤသဘောတူညီချက် လက်မှတ်ရေးထိုးနိုင်သည်အထိဖြစ်ပေါ်စေခဲ့သော စေ့စပ်ညှိနှိုင်းမှုများသည်လည်း သက်ဆိုင်ရာပါဝင်ပတ်သက်သူများအကြား ကြီးမားသည့်ယုံကြည်မှုကို ဖြစ်ပေါ်စေခဲ့ကြောင်း၊ လာမည့်လများတွင် ဆက်လက်အကောင်အထည်ဖော်မှုများနှင့်အတူ အဖွဲ့များ ပိုမိုပါဝင်လာနိုင်အောင် လုပ်ဆောင်ရန်လိုကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။

ယနေ့လက်မှတ်ရေးထိုးပွဲသည် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် လက်ရှိအကောင်အထည်ဖော်နေသော ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ ပိုမိုသွက်လက်လာစေမည့် အရေးကြီးသော ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း ဘန်ကီမွန်းက ပြောသည်။

ဘန်ကီမွန်းက သမ္မတ ဦးသိန်းစိန်၏ ဦးဆောင်မှုကို ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ အချို့သောအဖွဲ့များ လက်မှတ်ရေးထိုးနိုင်ခြင်းမရှိသေးသော်လည်း ယနေ့လက်မှတ်ရေးထိုးခြင်းသည် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ခေါင်းဆောင်များ၊ တိုင်းရင်းသားပြည်သူများ၏ နှစ်ရှည်လများပဋိပက္ခကို အဆုံးသတ်စေပြီး အတူတကွ ငြိမ်းချမ်းစွာနေထိုင်လိုသည့်ဆန္ဒကို ပေါ်လွင်စေပါကြောင်းနှင့် ပေါ်ပေါက်လာမည့် အစိုးရသစ်အနေဖြင့် စေ့စပ်ဆွေးနွေးခြင်းလမ်းကြောင်းမှတစ်ဆင့် ရှေ့ဆက်လျှောက်လှမ်းမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

လက်မှတ်ရေးထိုးကြသူများ၊ လက်မှတ်မရေးထိုးကြသေးသူများနှင့် ပါဝင်ပတ်သက်သူများအားလုံးအနေဖြင့် အပြုသဘောဆောင်သည့် စိတ်ဓာတ်ဖြင့် ငြိမ်းချမ်းသော အနာဂတ်တစ်ရပ်အတွက် အတူတကွ လက်တွဲဆောင်ရွက်ကြရန် ဆက်လက်တိုက်တွန်းပါကြောင်းနှင့် လာမည့်ရွေးကောက်ပွဲသည် ပွင့်လင်းမြင်သာမှုရှိပြီး စစ်မှန်သည့် ပါတီစုံဒီမိုကရေစီတစ်ရပ်ကို ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။



Politics

EU welcomes ceasefire agreement in Myanmar

15/10/2015 | LOC 16:24 GMT | World News

BRUSSELS, Oct 15 (KUNA) -- The EU welcomed Thursday the signing of a Nationwide Ceasefire Agreement between the Myanmar government and Ethnic Armed Organisations. "We congratulate the parties on their determination to conclude a challenging negotiation process. After decades of armed conflict and civilian suffering, this day marks a significant milestone on Myanmar/Burma's road to peace, security and prosperity," said EU High Representative Federica Mogherini in a Declaration on behalf of the 28-member Union. The signing of the NCA is essential to establish a just and lasting peace in Myanmar/Burma, it stressed.
The EU noted, however, that not all ethnic armed organisations have signed the NCA today and said it is important that ongoing dialogue with the groups that have not signed is prioritised in order to continue to build trust "The EU is honoured to be one of the parties invited to sign the Nationwide Ceasefire Agreement as an international witness. The EU and its Member States will continue to closely follow the peace process," it added.
(end) nik.rk

## ဥရောပသမဂ္ဂ

မြန်မာအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးမှုကို အောက်တိုဘာ ၁၅ ရက်တွင် ဥရောပသမဂ္ဂက ကြိုဆိုလိုက်သည်။ ခက်ခဲသောဆွေးနွေးညှိနှိုင်းမှုလုပ်ငန်းစဉ်တစ်ရပ် အဆုံးသတ်ရန် ဆုံးဖြတ်ချက်ချမှတ်သော အဖွဲ့အစည်းများအား ချီးကျူးဂုဏ်ပြုပါကြောင်း၊ ဆယ်စုနှစ်ပေါင်းများစွာကြာ လက်နက်ကိုင်ပဋိပက္ခနှင့် အရပ်သားများဆင်းရဲဒုက္ခကြုံတွေ့ပြီးနောက် ယနေ့မှာ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ကြွယ်ဝချမ်းသာရေးဆီသို့ သွားရောက်ရာလမ်းတွင်ဖြစ်ကြောင်း ဥရောပသမဂ္ဂအဆင့်မြင့်ကိုယ်စားလှယ် ဖက်ဒီရီကာမိုဂန်နီက အဖွဲ့ဝင် ၂၈ နိုင်ငံပါ ဥရောပသမဂ္ဂကိုယ်စား ကြေညာချက်တစ်ရပ်တွင် ဖော်ပြခဲ့သည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက် လက်မှတ်ရေးထိုးမှုမှာ မြန်မာနိုင်ငံ၌တရားမျှတ၍ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးတစ်ရပ်တည်ထောင်ရန် မရှိမဖြစ် လိုအပ်ကြောင်း ယင်းထုတ်ပြန်ချက်က ဆိုသည်။

သို့သော်လည်း ယနေ့ကျင်းပသည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးမှုကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံး ပါဝင်လက်မှတ်ရေးထိုးမှုမရှိကြောင်း၊ ယင်းအဖွဲ့များနှင့် ဆက်လက်ဆွေးနွေးရန်မှာ ယုံကြည်မှုဆက်လက်တည်ဆောက်ရန် ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာသက်သေအဖွဲ့တစ်ခုအဖြစ် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက် လက်မှတ်ရေးထိုးရန် ဖိတ်ကြားခံရသည့်အဖွဲ့များအနက် ဥရောပသမဂ္ဂသည်လည်း အဖွဲ့တစ်ဖွဲ့အဖြစ် ပါဝင်ခွင့်ရသည့်အတွက် ဂုဏ်ယူကြောင်း၊ ဥရောပသမဂ္ဂနှင့် အဖွဲ့ဝင်နိုင်ငံများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆက်လက်၍ အနီးကပ်စောင့်ကြည့်လေ့လာမည်ဖြစ်ကြောင်း ဖော်ပြထားသည်။




The United States commends all sides for their ongoing efforts to bring an end to the longest-running civil conflict in the world. The signing of the text of the Nationwide Ceasefire Agreement (NCA) by the government and eight ethnic armed groups is a critical first step in a long process of building a sustainable and just peace in Burma. We recognize that some groups were not able to sign today, and we understand and respect their concerns.. We welcome their commitment to continue discussions within their communities and with the government about the necessary conditions for signing at a future date, and we urge the government to engage constructively in a dialogue with these groups to pursue a more inclusive peace.

## အမေရိကန်ပြည်ထောင်စု

ကမ္ဘာပေါ်၌ အရှည်ကြာဆုံး ပြည်တွင်းပဋိပက္ခအဆုံးသတ်ရန် ဆက်လက်ကြိုးပမ်းမှုများအတွက် အဖွဲ့အစည်းများအားလုံးကို အမေရိကန်ပြည်ထောင်စုက ချီးကျူးပါသည်။ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများအကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးမှုမှာ မြန်မာနိုင်ငံ၌ ကြာရှည်ခံသောငြိမ်းချမ်းရေးတစ်ရပ်တည်ဆောက်ရေး ရှည်လျားသောလုပ်ငန်းစဉ်တစ်ရပ်တွင် အရေးပါသော ပထမခြေလှမ်းတစ်ရပ်ဖြစ်ပါသည်။ NCA အား လက်မှတ်ရေးထိုးနိုင်ခြင်းမရှိသည့် တိုင်းရင်းသားအဖွဲ့အချို့၏ စိုးရိမ်ပူပန်မှုများကိုလည်း နားလည်သဘောပေါက်ပြီး ငြိမ်းချမ်းရေးဆက်လက်လုပ်ဆောင်ရာတွင် အဆိုပါအုပ်စုများနှင့် ဆွေးနွေးမှုများဆက်လက်ပြုလုပ်ရန် အစိုးရအား တိုက်တွန်းပါသည်။

NCA ပါဝင်လက်မှတ်ရေးထိုးသည့်အဖွဲ့များအနေဖြင့် ယနေ့လက်မှတ်ရေးထိုးလိုက်သည့် သဘောတူညီချက်ပါ အချက်များကို လိုက်နာရန် မေတ္တာရပ်ခံပါသည်။ ပါတီများနှင့်ငြိမ်းချမ်းရေး ဆွေးနွေးနိုင်ခြင်းသည် အပြန်အလှန်ယုံကြည်မှုတည်ဆောက်ခြင်းနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရေးအတွက် အလွန်ပင်အရေးပါလှသည်။

အမေရိကန်အနေဖြင့် နိုင်ငံရေးဆွေးနွေးပွဲများ၊ ငြိမ်းချမ်းရေးသဘောတူညီချက်များနှင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး စသည့် ငြိမ်းချမ်းရေးဆိုင်ရာ သဘောတူညီမှုတို့ကို အကောင်အထည်ဖော်ဆောင်ရေးတွင် အထောက်အပံ့အပြည့်အဝပေးမည်ဖြစ်သည်။ လာမည့်အနာဂတ်တွင်လည်း မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးသဘောတူညီမှုများနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးများကို တွေ့မြင်ရဦးမည်ဟု မျှော်လင့်လျက်ရှိပါသည်ဟု ဖော်ပြထားသည်။။

---

## ရွေးကောက်ပွဲဆိုင်ရာ Web နှင့် Mobile Apps များကို www.maepaysoh.org တွင် အခမဲ့ရယူနိုင်ကြောင်းနှင့် အသုံးပြုနည်းလမ်းညွှန်များကို ပြည်သူများအလွယ်တကူရယူသုံးစွဲနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၆**

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူများအနေဖြင့် ဆန္ဒမဲပေးရာတွင် ပြည်သူများဆန္ဒမဲမည်သို့ပေးရမည်ကို သိရှိနားလည်လွယ်ကူစေရန်နှင့် မိမိတို့မဲပေးရမည့် မဲဆန္ဒနယ်အလိုက် ပါတီအသီးသီးမှ ကိုယ်စားလှယ်လောင်းများ၏ အချက်အလက်များနှင့် ယင်းတို့ ကိုယ်စားပြုသည့်ပါတီများ၏ မူဝါဒများအကြောင်းကို သိရှိစေရန်အတွက် Asia Foundation မှ မဲပေးစို့ မိုဘိုင်း Apps များကို အခမဲ့ရယူနိုင်ရန်အတွက် ဆောင်ရွက်ပေးလျက်ရှိသည်။ "မဲပေးစို့" မိုဘိုင်း Apps(mVoter 2015 Mobile App) ကို www.maepaysoh.org တွင် အခမဲ့အလွယ်တကူ ရယူနိုင်ပြီဖြစ်ပါသည်။

"မဲပေးစို့" မိုဘိုင်း Apps ကို ပြည်သူများအလွယ်တကူ ရယူနိုင်ရေးနှင့် မည်သို့အသုံးပြုရမည်ကို သိရှိနိုင်ရန်အတွက် "မဲပေးစို့" မိုဘိုင်း Apps ရယူနည်းနှင့် အသုံးပြုပုံအဆင့်ဆင့်တို့ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင်လည်းကောင်း၊ နိုင်ငံပိုင်သတင်းစာများဖြစ်သည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar တို့တွင် လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန Webportal ဖြစ်သော www.moi.gov.mm နှင့် MOI Webportal Myanmar Facebook တို့တွင်လည်းကောင်း နေ့စဉ်ထုတ်လွှင့်ဖော်ပြပေးလျက်ရှိပါသည်။

ထို့အပြင် "မဲပေးစို့" မိုဘိုင်း Apps(mVoter 2015 Mobile App) ရယူဆောင်ရွက်နိုင်သည့် နည်းလမ်းပါကြော်ငြာပိုစတာများအား ပြန်ကြားရေးဝန်ကြီးဌာနမှ တိုင်းဒေသကြီး/ပြည်နယ်များ ခရိုင်နှင့် မြို့နယ်များရှိ လူစည်ကားရာနေရာများဖြစ်သော လေဆိပ်၊ ကားဂိတ်၊ ဘူတာရုံ၊ သင်္ဘောဆိပ်၊ ဈေးစသည့် နေရာများနှင့် မိုဘိုင်းဖုန်းအသုံးပြုနိုင်သည့်နေရာများတွင် ပြည်သူများ အလွယ်တကူ ကြည့်ရှုလေ့လာဖတ်မှတ်အသုံးပြုနိုင်ရန် ချိတ်ဆွဲခြင်း၊ ကပ်ထားပေးခြင်းနှင့် ဖြန့်ဝေပေးလျက်ရှိပါကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

## အာဆီယံလူငယ်ခေါင်းဆောင်များ လေ့ကျင့်ရေးအစီအစဉ် တက်ရောက်ရန် တရုတ်နိုင်ငံသို့ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၁၆**

တရုတ်နိုင်ငံ China(Gungxi), International Youth Exchanges Institute တွင် အောက်တိုဘာ ၁၄ ရက်မှ နိုဝင်ဘာ ၁၄ ရက်နေ့အထိ ကျင်းပမည့် (၁၁)ကြိမ်မြောက် အာဆီယံလူငယ်ခေါင်းဆောင်များ လေ့ကျင့်ရေးအစီအစဉ်သို့ တက်ရောက်ရန်အတွက် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်အသင်းမှ အသင်းဝင် ဒေါက်တာထက်ကိုကိုသည် အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သိရသည်။

**(ကြေးမုံ)**

စာအုပ်စာပေ လူ့မိတ်ဆွေ

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ဂုဏ်ပြုကြေညာချက်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ကို ၁၅-၁၀-၂၀၁၅ရက်နေ့တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၈)ဖွဲ့သည် နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများ၏ ရှေ့မှောက်၌ အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။

ဆက်လက်၍ နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ရှေ့ဆက်လျှောက်လှမ်းနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်သကဲ့သို့ လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသည့် တိုင်းရင်းသားအဖွဲ့များသည်လည်း ဆက်လက် သဘောတူလက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

NCA ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဦးဆောင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၈)ဖွဲ့နှင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးဗဟိုဌာန (MPC) တို့မှ တာဝန်ရှိသူများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသမီးထုကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် လှိုက်လှဲဝမ်းမြောက်စွာ ထောက်ခံကြိုဆိုပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်**

## မြန်မာနိုင်ငံသတင်းစာဆရာအသင်း

## သဘောထားထုတ်ပြန်ချက်(၁/၂၀၁၅)

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)လက်မှတ်ရေးထိုးနိုင်ခြင်းအပေါ် ဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာပြည်ကြီးငြိမ်းချမ်းရေးအတွက် စစ်ပွဲများရပ်နိုင်ရန် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို နိုင်ငံတော်အစိုးရနှင့် လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့(၈)ဖွဲ့မှ ခေါင်းဆောင်များ အောက်တိုဘာ(၁၅)ရက်နေ့တွင် နေပြည်တော်၌ လက်မှတ်ရေးထိုးနိုင်ခြင်းအတွက် မြန်မာနိုင်ငံသတင်းစာဆရာအသင်းကြီးက ဂုဏ်ယူဝမ်းမြောက်စွာ ကြိုဆိုအပ်ပါသည်။

NCA စာချုပ်ပါ ဆက်လက်အကောင်အထည်ဖော်ရမည့် လုပ်ငန်းစဉ်များနှင့် နိုင်ငံရေးဆွေးနွေးပွဲများကို အစိုးရနှင့် တိုင်းရင်းသားခေါင်းဆောင်များ အပြန်အလှန်လေးစားယုံကြည်မှုဖြင့် ပြီးမြောက်အောင်မြင်အောင် လုပ်ဆောင်နိုင်ရေးသည် ပို၍အရေးကြီးသည့်အတွက် ထိုလုပ်ငန်းများကို စစ်မှန်သော အမျိုးသားသင့်မြတ်ရေး စိတ်ဓာတ်အရင်းတည်လျက် ကျန်ရှိနေသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ယုံကြည်စွာ ပူးပေါင်းလာစေရေး အစွမ်းကုန်ဆောင်ရွက်ကြပါရန် တိုက်တွန်းပါသည်။

ကျန်ရှိနေသေးသော လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းများနှင့်လည်း တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို ဆက်လက်၍ အမြန်ဆုံးလက်မှတ်ရေးထိုးကြခြင်းဖြင့် မြန်မာပြည်ကြီး ငြိမ်းချမ်းရေးကို ထူထောင်နိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

**မြန်မာနိုင်ငံသတင်းစာဆရာအသင်း**
**၁၅၊ အောက်တိုဘာ၊ ၂၀၁၅**

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ဂုဏ်ပြုကြေညာချက်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ကို ၁၅-၁၀-၂၀၁၅ ရက်နေ့တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၈)ဖွဲ့သည် နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများ၏ ရှေ့မှောက်၌ အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။

ဆက်လက်၍ နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ရှေ့ဆက်လျှောက်လှမ်းနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်သကဲ့သို့ လက်မှတ်ရေးထိုးရန်ကျန်ရှိနေသေးသည့် တိုင်းရင်းသားအဖွဲ့များသည်လည်း ဆက်လက် သဘောတူလက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

NCA ကို အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ရေးအတွက် ဦးဆောင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၈)ဖွဲ့နှင့် မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးဗဟိုဌာန(MPC) တို့မှ တာဝန်ရှိသူများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသူ နိုင်ငံသားများ၏ကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် လှိုက်လှိုက်လှဲလှဲမှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ဂုဏ်ပြုကြေညာချက်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ကို ၁၅-၁၀-၂၀၁၅ ရက်နေ့တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၈)ဖွဲ့သည် နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများ၏ ရှေ့မှောက်၌ အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။

ဆက်လက်၍ နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေး ရှေ့ဆက်လျှောက်လှမ်းနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်သကဲ့သို့ လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသည့် တိုင်းရင်းသားအဖွဲ့များသည်လည်း ဆက်လက် သဘောတူလက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

NCA ကို အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ရေးအတွက် ဦးဆောင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၈)ဖွဲ့နှင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးဗဟိုဌာန(MPC) တို့မှ တာဝန်ရှိသူများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသူ နိုင်ငံသားများ၏ကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် လှိုက်လှိုက်လှဲလှဲမှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း**

❂ **ရှေ့ဖုံးမှ**

အခုလက်ရှိ ဆန်စျေးစပါးစျေးတွေက မြင့်တက်မှုတွေရှိနေတာပါ။ မိုးစပါးလှိုင်လှိုင်ထွက်မယ့် နိုဝင်ဘာ၊ ဒီဇင်ဘာလလောက်ဆိုရင်တော့ ဆန်၊ စပါးစျေးတွေ ပြန်တည်ငြိမ်သွားမယ်လို့ မျှော်လင့်ပါတယ်”ဟု ၎င်းက ဆိုသည်။

မြန်မာနိုင်ငံတွင် မိုးစပါးစိုက်ဧက၁၅ သန်းကျော် ၁၆ သန်းခန့်ရှိပြီး နွေစပါးအနေဖြင့် သုံးသန်းကျော် စုစုပေါင်း စိုက်ဧက ၁၉ သန်းခန့်ရှိကြောင်း၊ ပြည်ပသို့ ဆန်တင်ပို့မှုအနေဖြင့် ယခင်နှစ်က တန်ချိန် တစ်သန်းခန့် တင်ပို့နိုင်ခဲ့ပြီး ယခုဘဏ္ဍာနှစ်တွင် ဆန်၊ ဆန်ကွဲတန်ချိန် ၆ သိန်းကျော် ၇ သိန်းခန့် တင်ပို့ထားပြီးဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံသည် တစ်နှစ်လျှင် ဆန်တန်ချိန် ၁၄ သန်းကျော် ထွက်ရှိပြီး ပြည်တွင်းစားသုံးမှုမှာ တန်ချိန် ၁၂ သန်းကျော်ရှိသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းရှိပြီး ဆန်စားသုံးမှုအနေဖြင့် တစ်နေ့လျှင် လူတစ်ဦး စားသုံးမှုမှာ နို့ဆီဘူး ၂ ဒသမ ၁ ဘူး နှုန်းဖြင့် တွက်ချက်ထားသည်။

**ဖြိုးစန္ဒာမြင့်၊ နေဇာဇာထွန်း**


**တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင်ကျန်းမာမှ**

# ပရိသတ်၏အားပေးမှုများဖြင့် ရောက်ရှိလာသော PAN ဇာတ်ကား

စာရေးဆရာ J.M Barrie စိတ်ကူးပုံဖော်ရေးသားထားသောဝတ္ထုကို ဒါရိုက်တာ Joe Wright က ပြန်ပုံဖော်ထားသော PAN ရုပ်ရှင်ဇာတ်ကားကို အောက်တိုဘာ ၁၁ ရက်က နိုင်ငံတကာတွင်ရုံတင်ပြသခဲ့သည်။ပါဝင်သည့် သရုပ်ဆောင်များမှာ ဟောလိဝုဒ်နာမည်ကြီး သရုပ်ဆောင်များဖြစ်သော Hugh Jackman, Garrett Hedlund, Rooney Mara, သရုပ်ဆောင်သစ် Levi Miller က Peter Pan အဖြစ်ပါဝင်ကာ Amanda Syfried စသည့် နာမည်ကြီးသရုပ်ဆောင်များ ပါဝင်ရိုက်ကူးထားသည်။ Warner Bros မှ တာဝန်ယူရိုက်ကူးဖြန့်ချိထားသည်။မကြာမီကာလတွင် ရန်ကုန်မြို့တွင် ရုံတင်ပြသမည်ဖြစ်သည်။

Peter ဆိုသောကောင်လေးတစ်ယောက်သည် သူ၏ဘဝတစ်ခုလုံးကို လန်ဒန်မြို့ကြီးရှိ စိတ်ပျက်ဖွယ်ကောင်းသော မိဘမဲ့ဂေဟာတစ်ခုတွင် လာရောက်စွန့်ပစ်ခြင်းခံခဲ့ရသည်။ စိတ်ဓာတ်မာကျောကာ ဂျစ်ကန်ကန်သဘောဆောင်သော ကောင်လေးတစ်ယောက်အဖြစ်မြင်တွေ့ရမည်ဖြစ်သည်။ ညတစ်ညတွင် Never Land ဟုခေါ်သော ဒေသမှ ပင်လယ်ဓားပြများလက်သို့ ရောက်ရှိသွားပြီး ထွက်ပြေးရာမှ စစ်သည်တော်များနှင့် ထူးဆန်းသော နတ်သမီးလေးများရှိသော ကမ္ဘာတစ်ခုသို့ ရောက်ရှိသွားသည်။ ထို့နောက် Peter သည် သူရောက်ရှိသွားသော ကမ္ဘာလေးမှာ အံ့သြဖွယ်ကောင်းသောစွန့်စားမှုများနှင့် အတူ စစ်ပွဲများတိုက်ခိုက်နေရင်း သူ၏မိခင်အား ရှာဖွေလျက်ရှိနေသည်။ ရက်စက်ကြမ်းကြုတ်သော Black Beard အမည်ရှိ ပင်လယ်ဓားပြကြီးထံမှ Never Land ကမ္ဘာလေးကိုကယ်တင်ရန် ကျားမလေးလီလီနှင့် Jame Hook အမည်ရှိသူငယ်ချင်းများနှင့် ပူးပေါင်းကာ ပင်လယ်ဓားပြကြီး Black Beard နှင့်အဖွဲ့ကိုတိုက်ခိုက်ပြီး Never Land ကမ္ဘာလေးကို သက်စွန့်ဆံဖျားကာကွယ်ခဲ့သည့် Peter Pan ဆိုသည့်ကောင်လေးအား လူသိများလာပုံကို ပုံဖော်ရိုက်ကူးတင်ဆက်ထားသော ဇာတ်ကားကောင်းတစ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကိုရွှေဗဟိုရုပ်ရှင်ရုံ၏ ရုံခွဲသစ်တစ်ခုဖြစ်သည့် Mega Ace Cineplex 2 တွင် မိတ်ဆက်သဘောအဖြစ် တင်ဆက်ပြသသွားခြင်းဖြစ်သည်။ ရုပ်ရှင်ရုံ၏ သန့်ရှင်းမှု၊ ကျယ်ဝန်းမှု၊ အေးမြသောအဲကွန်းများ တပ်ဆင်ထားမှုတို့ကြောင့် ကြည့်ရှုရသည်မှာအတော်




အတန်ပင် ကောင်းမွန်အပန်းပြေစေပါသည်။ ရုပ်ရှင်ကားကောင်းတစ်ကားကို အိမ်တွင်ကြည့်ရှုရသည်ထက် ယခုကဲ့သို့ အဆင့်မြင့်ရုပ်ရှင်ရုံတစ်ခုတွင် ကြည့်ရှုရသည်မှာ မည်သည့်အရသာနှင့်မျှ မလဲနိုင်သည့် အပန်းဖြေအရသာ တစ်မျိုးပင်ဖြစ်ပါသည်။

**သတင်း » Alez၊ ဓာတ်ပုံ » ခင်မောင်ဝင်း**

# အစားအသောက်လုံခြုံမှုနှင့် အာဟာရပြည့်ဝမှုတိုးတက်အောင် ဖော်ဆောင်ရမည်

အမေး၊ အရေး
ဖြိုးစန္ဒာ၊ နေဇာ
ဓာတ်ပုံ-ရာမည

**ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ပထမဆုံးအကြိမ်အဖြစ် ကျင်းပခဲ့သည်။ အခမ်းအနားတွင် စိုက်ပျိုးရေးကဏ္ဍဆိုင်ရာ ပြခန်းများ၊ မွေးမြူရေးဆိုင်ရာပြခန်းများ၊ သစ်တောကဏ္ဍဆိုင်ရာ ပြခန်းများ၊ မြန်မာနိုင်ငံရှိ ကမ္ဘာ့စားနပ်ရိက္ခာ ဌာနေကိုယ်စားလှယ် ရုံးပြခန်းများကို ခင်းကျင်းပြသခဲ့သည်။**

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍတွင် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြသည့် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၊ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(KOICA)၊အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန(IRRI)၊ အရှေ့တောင်အာရှဒေသဆိုင်ရာ စိုက်ပျိုးရေးပညာနှင့် သုတေသနဌာန၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ Mokpo National University၊ အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေအဖွဲ့တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ခဲ့သည်။

ယနေ့အခမ်းအနားတွင် တက်ရောက်ခဲ့ကြသည့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၏ ကမ္ဘာ့စားနပ်ရိက္ခာဖူလုံစေရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ကြေးမုံသတင်းအဖွဲ့မှ မေးမြန်းခဲ့သည်များကို ကောက်နုတ်ဖော်ပြလိုက်ပါသည်-



ဦးအေးကိုကို။



ဦးလှမြင့်အောင်။



Andrew Kirkwood



Ms. Bui Thi Lan

**ဦးအေးကိုကို**
**ဒုတိယညွှန်ကြားရေးမှူးချုပ်**
**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ပြည်သူတွေ စားနပ်ရိက္ခာဖူလုံစေရေးနဲ့ အာဟာရ ပြည့်ဝရေးတာဝန်၊ တောင်သူတွေအတွက် စိုက်ပျိုးတဲ့သီးနှံတွေ အထွက်နှုန်းတိုးပြီး ဝင်ငွေတိုးတက်စေဖို့ ဆောင်ရွက်နေပါတယ်။ လယ်ယာကဏ္ဍ ထွက်ကုန်တွေ ဈေးကွက်မှာရောင်းတန်းဝင်ပြီး ဈေးကွက်ရရှိရေးကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့နဲ့ပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနဲ့ စိုက်ပျိုးရေးအဖွဲ့ (FAO)အနေနဲ့ စပ်မျိုးစပါးထုတ်လုပ်တဲ့လုပ်ငန်းတွေမှာ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ရေကြီးနစ်မြုပ်ခဲ့တဲ့ဒေသတွေမှာလည်း ပြန်လည်စိုက်ပျိုးနိုင်ရေး ကူညီထောက်ပံ့လျက်ရှိပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ဆင်းရဲမှုလျှော့ချရေးမှာ အောင်မြင်တိုးတက်လာတဲ့အတွက် FAO က အသိအမှတ်ပြု လက်မှတ်ကို ချီးမြှင့်ခြင်းခံခဲ့ရပါတယ်။ မြန်မာနိုင်ငံမှာ ဆင်းရဲမှုလျှော့ချရေးကို ၂၆ ရာခိုင်နှုန်းကနေ ၁၃ ရာခိုင်နှုန်းအထိ လျှော့ချနိုင်အောင် ဆောင်ရွက်နေပါတယ်။ လယ်/ဆည်ဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနဲ့ စိုက်ပျိုးရေးအဖွဲ့(FAO)၊ ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ်(UNDP)၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၊ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(KOICA)တို့နဲ့ပူးပေါင်းပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်တွေ ဖော်ဆောင်နေပါတယ်။

ကျေးလက်နေပြည်သူတွေရဲ့ လူမှုစီးပွားဘဝ တိုးတက်ဖို့၊ ဆင်းရဲမှုသံသရာကနေလျှော့ချဖို့ ပြောင်းလဲနေတဲ့ ရာသီဥတုနဲ့ လိုက်လျောမှုဖြစ်စေတဲ့ စိုက်ပျိုးသီးနှံတွေ၊ မွေးမြူရေးနဲ့ ရေလုပ်ငန်းတွေကို ပြောင်းလဲဆောင်ရွက်ကြရပါမယ်။ ဒါ့အပြင် ပြောင်းလဲနေတဲ့ရာသီဥတုမှာ ကျေးလက်နေပြည်သူတွေအနေနဲ့ သတိရှိစွာ ပြုပြင်ပြောင်းလဲမှုတွေကို ပူးပေါင်းဆောင်ရွက်သွားခြင်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ သီးနှံတွေဖွံ့ဖြိုးမှု တိုးတက်လာပြီး ဝင်ငွေတွေလည်း တိုးတက်ရရှိလာမှာပါလို့ ပြောလိုပါတယ်။

**ဦးလှမြင့်အောင်**
**ညွှန်ကြားရေးမှူး**
**စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးပညာပေးဌာနခွဲ**

ဆင်းရဲမှုလျှော့ချရေးနဲ့ပတ်သက်ပြီး လက်ရှိအစိုးရတာဝန်ယူပြီးတဲ့နောက်ပိုင်းမှာ လုပ်ငန်းစဉ်ကြီး(၈)ရပ်နဲ့ ဆောင်ရွက်နေပါတယ်။ အထူးသဖြင့် ထုတ်လုပ်မှုကဏ္ဍမှာပါတဲ့ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီးတော့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် လယ်ယာကဏ္ဍအနေနဲ့ ပါဝင်ဆောင်ရွက်နေပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာ အဓိကကတော့ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးကို အခြေခံတာဖြစ်တဲ့အတွက် ကျေးလက်မှာရှိတဲ့ ၇၀ ရာခိုင်နှုန်းသောတောင်သူတွေရဲ့ဘဝဖွံ့ဖြိုးမှ ဆင်းရဲနွမ်းပါးမှုကို အကောင်အထည်ဖော်နိုင်မှာဖြစ်ပါတယ်။ လယ်ယာကဏ္ဍဖွံ့ဖြိုးဖို့အတွက် နံပါတ်တစ်ကတော့ စားနပ်ရိက္ခာဖြစ်တဲ့ ဆန်စပါးအပါအဝင် ကျန်တဲ့သီးနှံမျိုးစုံ အခြေခံကျတဲ့ မျိုးကောင်းမျိုးသန့်မျိုးပွားများ ထုတ်လုပ်မှုတွေကို ဆောင်ရွက်နေပါတယ်။ မျိုးစေ့ကဏ္ဍထုတ်လုပ်ရေး ဖွံ့ဖြိုးတိုးတက်ရေးကို အခြေပြုပြီး ဆောင်ရွက်ပေးနေပါတယ်။ အထွက်ကောင်းမျိုးတွေရဲ့ မျိုးစေ့ထုတ်လုပ်ရေးလုပ်ငန်းတွေ ထုတ်လုပ်မှုတိုးတက်လာစေဖို့ မဖြစ်မနေ ပြုလုပ်ကြရပါမယ်။

သီးနှံပိုင်းအတွက် စပ်မျိုးတွေကို ဆောင်ရွက်ရာမှာ အထူးသဖြင့် စပါးမှာပုလဲသွယ်စပ်မျိုးကို စပြီးဆောင်ရွက်တဲ့အခါမှာ ဒီနေ့မှာ အတိုင်းအတာတစ်ခုထိ ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာတာကို တွေ့ရမှာပါ။ သာဓကအားဖြင့် ပြီးခဲ့တဲ့နှစ်မှာ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုနဲ့ တင်ပို့မှုအပိုင်းမှာ တန်ချိန် ၁ ဒသမ ၈သန်းအထိ ရှိခဲ့ပြီး လွန်ခဲ့တဲ့ နှစ် ၄၀ အတွင်းမှာ အမြင့်ဆုံးစံချိန်အဖြစ် တိုးတက်လာခဲ့ပါတယ်။ ဒါဟာ ကျေးလက်ဒေသဖွံ့ဖြိုးမှုအဖြစ် အထောက်အထားအနေနဲ့ ပြောလို့ရပါတယ်။ ဒုတိယကတော့ ကျေးလက်ဒေသဖွံ့ဖြိုးရေးမှာ ထုတ်လုပ်သမျှသီးနှံတွေကို ထုတ်လုပ်လာနိုင်ပါမှ တောင်သူလယ်သမားတွေရဲ့ ဝင်ငွေဟာလည်း တိုးတက်လာမှာဖြစ်ပါတယ်။

ဈေးကွက်ပိုင်းမှာဆိုရင် လယ်ယာကုန်ထုတ်သီးနှံတွေရဲ့ ဈေးကွက်ဟာ ဘယ်နိုင်ငံမှာပဲကြည့်ကြည့် တည်ငြိမ်မှုကို ထိန်းရခက်ပါတယ်။ ဝင်ငွေပိုရလာဖို့ဆိုရင် ဈေးတည်ငြိမ်ဖို့ဆိုတာထက် ထွက်ရှိတဲ့သီးနှံတွေကို ကုန်ကြမ်းအနေနဲ့ သွားတာမျိုးမဟုတ်ဘဲ တန်ဖိုးမြင့်တဲ့၊ အရည်အသွေးမြင့်တဲ့ ထုတ်ကုန်တွေအဖြစ် တင်ပို့ရောင်းချခြင်းအားဖြင့် တည်ငြိမ်တဲ့ဈေးကွက်ရရှိဖို့ ဆောင်ရွက်ပေးနိုင်မှာပါ။ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ပူးပေါင်းပြီးတော့ ရေမြေဒေသနဲ့ ကိုက်ညီတဲ့ ဆန်စပါး မျိုးကောင်းမျိုးသန့်တွေ၊ စပ်မျိုးစပါးတွေကို တိုးတက်ထုတ်လုပ်နိုင်ဖို့ ဆောင်ရွက်နေပါတယ်။ အပူပိုင်းဒေသ ပဲမျိုးစုံဆီထွက်သီးနှံသုတေသနဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။

ပျက်စီးဆုံးရှုံးခဲ့တဲ့ဧကတွေကို ပြန်လည်စိုက်ပျိုးမှုအနေနဲ့ကတော့ ပျက်စီးဆုံးရှုံးခဲ့တဲ့ ဧကတွေကို မိုးစပါးအပါအဝင် သီးနှံမျိုးစုံ ၆၅ရာခိုင်နှုန်း ပြန်လည်အစားထိုးစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ကျန်တဲ့သီးနှံတွေကို ဆောင်းသီးနှံတွေနဲ့ အစားထိုးစိုက်ပျိုးနိုင်ဖို့ စီမံဆောင်ရွက်ပေးနေပါတယ်။ နိုင်ငံတော်ရဲ့ စားနပ်ရိက္ခာဖူလုံရေးနဲ့ အာဟာရပြည့်ဝတဲ့ စားရေရိက္ခာတွေ ဖြည့်တင်းပေးနိုင်ရေး ရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့ မျိုးကောင်းမျိုးသန့်၊ မျိုးစေ့တွေ သုံးစွဲနိုင်စေဖို့၊ ကောင်းမွန်တဲ့ စိုက်ပျိုးရေးစနစ် အလေ့အကျင့်ကောင်းတွေ ဖြစ်ထွန်းလာစေဖို့၊ အရည်အသွေးကောင်းမျိုးစေ့တွေ ပိုမိုထုတ်လုပ်လာနိုင်ပြီး တောင်သူတွေရဲ့ဝင်ငွေလည်း တိုးတက်လာစေဖို့ ရည်မှန်းချက်ထား ဆောင်ရွက်နေပါတယ်။

**Andrew Kirkwood**
**Fund Director**
**Livelihoods and Food Security Trust Fund**

ကျွန်တော်က ကနေဒါနိုင်ငံသားတစ်ယောက်ဖြစ်ပြီး Livelihoods and Food Security Trust Fund အဖွဲ့ကိုယ်စားပြုတက်ရောက်တာဖြစ်ပါတယ်။ ကျွန်တော်တို့အဖွဲ့က မတူညီတဲ့ အလှူရှင်အဖွဲ့ ၁၄ ဖွဲ့ကို စုစည်းပြီးတော့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွေရယ်၊ အာဟာရချို့တဲ့မှုများကို လျှော့ချမှုလုပ်ငန်းစဉ်တွေမှာရယ်၊ ကျေးလက်ပြည်သူတွေရဲ့ ဝင်ငွေတိုးတက်ရရှိရေးတွေကို ဘဏ္ဍာရေးဆိုင်ရာကူညီထောက်ပံ့မှုများပေးပါတယ်။ ဒါ့အပြင် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနများနှင့်လည်း အနီးကပ်ပူးပေါင်းဆောင် ရွက်လုပ်ကိုင်နေပါတယ်။

ဒီနေ့ကျင်းပတဲ့အခမ်းအနားက အလွန်အရေးကြီးပါတယ်။ ကမ္ဘာ့စိုက်ပျိုးရေးကိုအလေးထားဆွေးနွေးနေရုံသာမက ကျေးလက်လူမှုဘဝလုံခြုံမှု၊ တိုးတက်မှုတွေကိုလည်း အလေးထားဆွေးနွေးခဲ့ပါတယ်။ အမျိုးသားအဆင့်စီမံကိန်းတွေမှာ ပါဝင်ဆောင်ရွက်ရတာ ကျေနပ်မှုရှိပါတယ်။ သမ္မတကြီးအနေနဲ့လည်း အခုလိုအစီအစဉ်တွေမှာ အားတက်သရောပါဝင်ဆောင်ရွက်နေတာကို အလွန်ဝမ်းသာပါတယ်။ ငတ်မွတ်ခေါင်းပါးမှု လုံးဝမရှိစေရဆိုတဲ့ စိန်ခေါ်မှုအနေနဲ့ နိုင်ငံရေးဆိုင်ရာ အဆင့်မြင့်တာဝန်ထမ်းဆောင်နေသူတွေက ကူညီထောက်ပံ့မှုတွေ ပေးရပါမယ်။ ဆာလောင်မှုကို တိုက်ဖျက်မယ်ဆိုရင်တော့ ဝန်ကြီးဌာနဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတွေလိုအပ်ပါတယ်။

**Ms. Bui Thi Lan**
**FAO Representatives of Myanmar**

FAOရဲ့ဆောင်ရွက်ချက်များဖြစ်တဲ့ စားနပ်ရိက္ခာလုံခြုံရေး၊ ဆင်းရဲမှုလျှော့ချရေး၊ မြန်မာ့လယ်ယာစိုက်ပျိုးရေးကဏ္ဍတိုးတက်ရေး ဆောင်ရွက်ချက်တွေကို မြန်မာနိုင်ငံက အသိအမှတ်ပြုတဲ့အနေနဲ့ ဂုဏ်ပြုလက်မှတ်ချီးမြှင့်ခြင်း ဖြစ်ပါတယ်။ အနာဂတ်မှာအစိုးရရဲ့ ဦးစားပေးဆောင်ရွက်ချက်တွေကို အလေးထားဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မြန်မာ့လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ကူညီဆောင်ရွက်သွားမှာဖြစ်ပြီး ဆင်းရဲမှုလျှော့ချမှုတွေကိုလည်း ပြုလုပ်သွားမှာပါ။ လူသားတိုင်းအစားအစာ လုံခြုံမှုရရှိရေး စီစဉ်ဆောင်ရွက်သွားမှာပါ။

မြန်မာနိုင်ငံသားတိုင်း၊ လယ်သမားကြီးတိုင်း၊ လယ်သမားမဟုတ်သူတိုင်း ပါဝင်ဆောင်ရွက်လုပ်ကိုင်နိုင်မှာဖြစ်ပြီး လယ်ယာကဏ္ဍအရင်းအမြစ်များ အသုံးချမှုများအပေါ် အကြိုမူတည်သွားမှာဖြစ်ပါတယ်။ စဉ်ဆက်မပြတ်ဖော်ဆောင်ဖို့ဆိုရင်တော့ တည်ရှိနေသော လယ်ယာကဏ္ဍအရင်းအမြစ်များ၊ ဥပမာ လယ်ယာမြေကဏ္ဍ၊ ရေအရင်းအမြစ်ကဏ္ဍ၊ သစ်တောကဏ္ဍ စတာတွေကို ကောင်းမွန်စွာစီမံခန့်ခွဲအသုံးချရမှာဖြစ်ပါတယ်။ အဲဒီအရင်းအမြစ်များကို အလွန်အကျွံအသုံးမပြုဖို့အရေးကြီးပါတယ်။ အဲလိုဆိုရင်တော့ နိုင်ငံရဲ့ အစားအသောက်လိုအပ်ချက်ကို စိုးရိမ်စရာမရှိပါဘူး။

ငတ်မွတ်ခေါင်းပါးမှု လုံးဝမရှိစေရဆိုတဲ့ စိန်ခေါ်မှုအနေနဲ့က မြန်မာပြည်သူတွေအတွက် ဆင်းရဲမွဲတေမှုကို လုံးဝလျှော့ချရမှာဖြစ်ပြီး အစားအသောက်လုံခြုံမှုနဲ့ အာဟာရပြည့်ဝမှုကို တိုးတက်အောင် အားသွန်ခွန်စိုက်ကြိုးစားသွားရမှာပါ။ အစိုးရကလည်း အမျိုးသားအစီအစဉ်နဲ့ပတ်သက်ပြီး တိုးတက်အောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ဖော်ဆောင်ရမှာဖြစ်ပါတယ်။ အစားအသောက်ထုတ်လုပ်မှုမှာ တိုးတက်အောင်ဆောင်ရွက်ရမှာဖြစ်ပြီး တစ်ချိန်တည်းမှာပဲ အကျိုးအမြတ်တွေကို ပြည်သူတွေရရှိအောင် ဆောင်ကြဉ်းဖော်ဆောင်ပေးရမှာဖြစ်ပါတယ်။

## မြန်မာ့အသံချစ်သူများအဖွဲ့ (Radio Fan Club) အဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနား မကွေးမြို့၌ ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၁၆**

မြန်မာ့အသံမှထုတ်လွှင့်လျက်ရှိသည့် အစီအစဉ်များအပေါ် ဝေဖန်အကြံပြုချက်များ ရရှိစေရန်၊ မြန်မာ့အသံအတွက် ဒေသဆိုင်ရာ အမာခံသတင်းထောက်များ တိုးပွားလာစေရန်နှင့် သောတရှင်များနှင့် မြန်မာ့အသံဝန်ထမ်းများ အကြား ရင်းနှီးချစ်ကြည်မှု ပိုမိုရရှိစေရန် ရည်ရွယ်လျက် မြန်မာ့အသံချစ်သူများအဖွဲ့ (Radio Fan Club) အဖွဲ့ဝင်များတွေ့ဆုံပွဲ အခမ်းအနားကို မကွေးမြို့ ကမ်းနားလမ်းရှိ နန်းထိုက်သူဟိုတယ်ခန်းမ၌ အောက်တိုဘာ ၂၅ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပသွားမည်ဖြစ်သည်။

မြန်မာ့အသံဝန်ထမ်းများနှင့် သောတရှင်များ တိုက်ရိုက်တွေ့ဆုံခွင့်ရမည့် အဆိုပါ အခမ်းအနားကို PSI Myanmar ၏ ပူးတွဲပံ့ပိုးကူညီမှုဖြင့် ကျင်းပမည်ဖြစ်ပြီး အခမ်းအနားတွင် နိုင်ငံကျော်တေးသံရှင်များဖြစ်ကြသည့် ဆုန်သင်းပါရ်၊ရှင်ဖုန်း၊ ရတနာဦးတို့အပါအဝင် စောမင်းနောင်၊ မီမီခိုင်၊ ခင်သက်စု၊ တင်နွယ်လင်းနှင့် မြန်မာ့အသံဝိုင်းတော်သားများက မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြမည်ဖြစ်သည်။

ထို့အပြင် PSI Myanmar ၏ မိခင်/ကလေး ကျန်းမာရေးဆိုင်ရာ ဟောပြောပွဲ၊ ဉာဏ်စမ်းမေးခွန်းများ ဖြေဆိုမှုနှင့် လက်ဆောင်ပစ္စည်းများ ချီးမြှင့်ခြင်း အစီအစဉ်များလည်း ပါဝင်မည်ဖြစ်သည်။

အဆိုပါ မြန်မာ့အသံချစ်သူများအဖွဲ့ အဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက် လိုသူ မြန်မာ့အသံချစ်သူအဖွဲ့ဝင်များအနေဖြင့် ဖုန်း-၀၆၇-၇၉၂၁၅ သို့ အောက်တိုဘာ ၂၁ ရက် နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းရမည်ဖြစ်ပြီး အဖွဲ့ဝင်သစ်များလည်း အဆိုပါ ဖုန်းနံပါတ်သို့ ဆက်သွယ်ဝင်ရောက်ကာ အခမ်းအနားသို့ တက်ရောက်ခွင့်ရယူနိုင်ကြကြောင်း သိရသည်။

**(မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)**

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ဂုဏ်ပြုကြေညာချက်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို ၁၅-၁၀-၂၀၁၅ ရက်နေ့တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့သည် နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများ၏ ရှေ့မှောက်၌ အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။

ဆက်လက်၍ နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ရှေ့ဆက်လျှောက်လှမ်းနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်သကဲ့သို့ လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသည့် တိုင်းရင်းသားအဖွဲ့များသည်လည်း ဆက်လက်သဘောတူ လက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

NCA ကို အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ရေးအတွက် ဦးဆောင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ဦးဆောင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့နှင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးဗဟိုဌာန (MPC) တို့မှ တာဝန်ရှိသူများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသူ၊ နိုင်ငံသားများ၏ကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် လှိုက်လှိုက်လှဲလှဲမှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း**

---

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ဂုဏ်ပြုကြေညာချက်

MYEA

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို ၁၅-၁၀-၂၀၁၅ ရက်နေ့တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့သည် နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများ၏ ရှေ့မှောက်၌ အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။

ဆက်လက်၍ နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ရှေ့ဆက်လျှောက်လှမ်းနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်သကဲ့သို့ လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသည့် တိုင်းရင်းသားအဖွဲ့များသည်လည်း ဆက်လက်သဘောတူ လက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

NCA ကို အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ရေးအတွက် ဦးဆောင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ဦးဆောင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့နှင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးဗဟိုဌာန (MPC) တို့မှ တာဝန်ရှိသူများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသူ၊ နိုင်ငံသားများ၏ ကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် လှိုက်လှိုက်လှဲလှဲမှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း**

---

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ဂုဏ်ပြုကြေညာချက်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို ၁၅-၁၀-၂၀၁၅ ရက်နေ့တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ ရှစ်ဖွဲ့ သည် နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများ၏ ရှေ့မှောက်၌ အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။

ဆက်လက်၍ နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ရှေ့ဆက်လျှောက်လှမ်းနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်သကဲ့သို့ လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသည့် တိုင်းရင်းသားအဖွဲ့များသည်လည်း ဆက်လက်သဘောတူ လက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

NCA ကို အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ရေးအတွက် ဦးဆောင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ဦးဆောင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့နှင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးဗဟိုဌာန (MPC) တို့မှ တာဝန်ရှိသူများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသူ၊ နိုင်ငံသားများ၏ကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် လှိုက်လှိုက်လှဲလှဲမှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်**

---

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ဂုဏ်ပြုကြေညာချက်

MWEA

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို ၁၅-၁၀-၂၀၁၅ ရက်နေ့တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့သည် နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများ၏ရှေ့မှောက်၌ အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။

ဆက်လက်၍ နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ရှေ့ဆက်လျှောက်လှမ်းနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်သကဲ့သို့ လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသည့် တိုင်းရင်းသားအဖွဲ့များသည်လည်း ဆက်လက်သဘောတူ လက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

NCA ကို အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ရေးအတွက် ဦးဆောင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ဦးဆောင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့နှင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးဗဟိုဌာန (MPC) တို့မှ တာဝန်ရှိသူများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသူ၊ နိုင်ငံသားများ၏ကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် လှိုက်လှိုက်လှဲလှဲမှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း**

---

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ဂုဏ်ပြုကြေညာချက်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement - NCA) ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့တို့ အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့သည့်အတွက် ဂုဏ်ပြုကြိုဆိုပါသည်။

လက်မှတ်ရေးထိုးရန်ကျန်ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအနေဖြင့် နိုင်ငံငြိမ်းချမ်းရေး၊ သာယာဝပြောရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆက်လက်လက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

ယခုကဲ့သို့ အောင်မြင်အောင် ဦးဆောင်ကြိုးပမ်းခဲ့သည့် ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့် ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာနနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့သူများ ၊ အဖွဲ့အစည်းများအားလုံးတို့၏ ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

**မြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်း လုပ်ငန်းရှင်များ အသင်းချုပ်**

---

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခြင်းအတွက် ဂုဏ်ပြုကြေညာချက်

MCIA

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement - NCA) ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့တို့ အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့သည့်အတွက် ဂုဏ်ပြုကြိုဆိုပါသည်။

လက်မှတ်ရေးထိုးရန် ကျန်ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအနေဖြင့် နိုင်ငံငြိမ်းချမ်းရေး၊ သာယာဝပြောရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆက်လက်လက်မှတ်ရေးထိုးနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

ယခုကဲ့သို့ အောင်မြင်အောင် ဦးဆောင်ကြိုးပမ်းခဲ့သည့် ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့် ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာနနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့သူများ ၊ အဖွဲ့အစည်းများအားလုံးတို့၏ ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

**မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်များအသင်း**

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထို့သို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသ ပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး



## မကြုံခင် ပြင်ဆင်နိုင်ပါမှ

ဆူဒိုနင်

### ဘာတွေ ပြင်ဆင်ထားပြီးပြီလဲ

၂၀၀၈ ခုနှစ်မှာ နာဂစ်မုန်တိုင်း ဝင်တယ်။ (အဲတုန်းက တိုင်းဒေသကြီးလို့ မခေါ်သေးတဲ့) ဧရာဝတီတိုင်းမှာ အကြီးအကျယ် အထိနာခဲ့တယ်။ ခုနှစ်နှစ်အကြာ သည်နှစ်မှာ မြန်မာနိုင်ငံအထက်ပိုင်းမှာ နှစ် ၁၀၀ အတွင်း အကြီးမားဆုံး ရေလွှမ်းမိုးမှု ဖြစ်ပြန်ပါတယ်။ ဆယ်နှစ်မပြည့်ခင်မှာ သဘာဝဘေးအန္တရာယ်ကြီးက နှစ်ကြိမ်ဖြစ်တဲ့အတွက် ဆက်တိုက်လို့ ပြောမယ်ဆို ပြောနိုင်ပါတယ်။

ပထမအကြိမ်က အတွေ့အကြုံ ရှိထားခဲ့တဲ့အတွက် ဒုတိယအကြိမ်မှာ ကျွန်တော်တို့အားလုံး ပါးပါးနပ်နပ်၊ ကျွမ်းကျွမ်းကျင်ကျင် ကိုင်တွယ်နိုင်၊ တုံ့ပြန်ဆောင်ရွက်နေနိုင်ကြပါပြီလား။ သည်မေးခွန်းရဲ့ အဖြေကို ကျွန်တော်ဖြေစရာ မလိုဘူးထင်ပါတယ်။

ဆက်မေးသင့်တဲ့ မေးခွန်းက တတိယအကြိမ်အတွက်ရော ကျွန်တော်တို့တွေ ဘာတွေပြင်ဆင်ပြီးကြပါပြီလဲ။ ဒါအတွက် အဖြေကတော့ ရှိကို ရှိမှဖြစ်မယ် ထင်ပါတယ်။

### ကြိုတင် ပြင်ဆင် လေ့ကျင့်ထားနိုင်မှ

ကမ္ဘာကြီးတစ်ခုလုံးမှာ ရာသီဥတုအခြေအနေက အကြီးအကျယ် ပြောင်းလဲနေပါတယ်။ သဘာဝတရားကြီးရဲ့ သဟဇာတမျှမှုကို လောဘဇောတွေက တိုက်စားလိုက်တဲ့အခါ သဘာဝကလည်း သည်းခံမနေတော့ပါဘူး။ သူ့နည်းနဲ့သူ လက်တုံ့ပြန်နေပါပြီ။ သည်တော့ နိုင်ငံအားလုံးဟာ သဘာဝရဲ့ ဒဏ်ခတ်မှုကို လှည့်ပတ်ခံနေကြရတာလည်း အထင်အရှားပါ။ ဘယ်နိုင်ငံမှ မလွတ်ပါဘူး။

ကျွန်တော်တို့လည်း သည်သဘာဝထဲမှာပဲ နေထိုင်နေကြသူများဖြစ်တာကြောင့် နောက်ထပ် သဘာဝဘေးအန္တရာယ် အလီလီနဲ့ ဆက်တိုက်ရင်ဆိုင်ရလေဦးမှာ မြေကြီးလက်ခတ်မလွဲပါဘူး။ အဲတော့ ကျွန်တော်တို့ဘက်က ပြင်ဆင်ထားဖို့လိုတယ်လို့ မြင်မိရပါတယ်။

နမူနာတစ်ခု ပြောပါရစေ။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ နီးပါးက နိုင်ငံခြား အဖွဲ့အစည်း နှစ်ခုမှာ လခစားအဖြစ် စုစုပေါင်း ၁၅ နှစ်လောက် လုပ်ခဲ့ဖူးပါတယ်။ အဲဒီအဖွဲ့အစည်းတွေမှာ မီးလှန့်လေ့ကျင့်ခန်းတွေ လုပ်တာနဲ့လည်း အကြိမ်ကြိမ် ကြုံဖူးပါတယ်။ မိမိတို့ အလုပ်လုပ်နေတဲ့ အဆောက်အအုံမှာ မီးထလောင်ရင် ဘာလုပ်ရမယ်ဆိုတာ ဝန်ထမ်းတိုင်း လေ့ကျင့်ထားရတာပါ။ အနီးဆုံး မလွယ်ပေါက်က ဘယ်မှာ ရှိတယ်၊ အဲဒီကို ဘယ်လိုသွားမယ်၊ ဘယ်နှမိနစ်အတွင်း ဘေးကင်းရာကို ရောက်ရမယ်ဆိုတာကို လေ့ကျင့်ခန်းတစ်ခုသဖွယ် လေ့ကျင့်ကြတာပါပဲ။

သည် ၁၅ နှစ်အတွင်းမှာ တစ်ခါမှ မီးဘေးနဲ့ မကြုံခဲ့ဖူးပါဘူး။ ဒါပေသည့် သည်လေ့ကျင့်ခန်းတွေကြောင့် အနည်းဆုံးတော့ မလွယ်ပေါက်က ဆင်းရတဲ့ လှေကားတွေ ဆွေးနေမနေ သိရနိုင်သလို ကိုယ့်ပြေးပေါက်လည်း ကိုယ့်ဘာသာ သိထားတာမို့ အရေးဆို ဗျာများ နေစရာမလိုတော့ပါဘူး။

နောက်နမူနာ တစ်ခုကတော့ လေယာဉ်စီးသူတိုင်း ကြုံဖူးတဲ့ နမူနာပါ။ လေယာဉ် မတက်ခင်မှာ လေယာဉ်မောင်မယ်တွေက အရေးပေါ် အခြေအနေမှာ ဘယ်လိုလုပ်ရမယ်၊ အသက်ကယ် ဝတ်စုံဘယ်လို ဝတ်ရမယ်၊ ဝတ်စုံကို လေ ဘယ်လိုဖြည့်ရမယ်၊ အရေးပေါ်ထွက်ပေါက်က ဘယ်နားမယ် ဆိုတာတွေကို အမြဲတမ်း ရှင်းပြ၊ သရုပ်ပြကြပါတယ်။

### အန္တရာယ်ကြားက တချို့တွေရဲ့ စရိုက်

တစ်နေ့က ပြည်တွင်း လေယာဉ်တစ်စီး ပြေးလမ်းကနေ ချော်ကျသွားချိန်မှာပါခဲ့တဲ့ ခရီးသည်တစ်ယောက် ရေးထားတာလေး ဖတ်လိုက်ရတယ်။ အရေးပေါ် ထွက်ကြရမယ့်အချိန်တွေမှာ တချို့တွေက သူတို့ရဲ့ လက်ဆွဲ ပစ္စည်းလေးတွေ အမိအရ သယ်နေတဲ့အကြောင်း။ ဒါကျတော့ လေယာဉ်မောင်မယ်တွေက ကြိုပြောထားတဲ့ အထဲမှာ မပါပါဘူး။ မပြောကြဆို ကိုယ့်အသက်ထက် ဘာကမှ ပိုအရေးမကြီးဘူး၊ လူမသေ ငွေမရှားဆိုတာ လူတိုင်း နားလည်ကြမယ်လို့ အောက်မေ့ထားကြလို့များလားတော့ မသိဘူး။

သို့ပေတည့် တချို့လူတွေက အသက်ထက် ပစ္စည်းကို ပိုမက်ပါတယ်။ စကားစပ်လို့ ရယ်စရာ ပြောရဦးမယ်။ လွန်ခဲ့တဲ့ နှစ် ၃၀ လောက်က ကျွန်တော်ဟာ မိတ်ဆွေတစ်ယောက်ရဲ့ ခြံထဲမှာ ဝိုင်းဖွဲ့ စားသောက်နေကြတာကို ကင်မရာတစ်လုံးနဲ့ မှတ်တမ်းတင်နေပါတယ်။ အားလုံးပါစေချင်လို့ ဆုတ်ရင်း ဆုတ်ရင်းကနေ နောက်က ကုန်းလျှောလေးအတိုင်း ဒလိမ့်ခေါက်ကွေး ကျသွားပါရောလား။ အဲဒီမှာ ကျွန်တော့် သူငယ်ချင်းတွေထဲက အမျိုးသမီးတစ်ယောက် ထအော် လိုက်တာက ဟဲ့- ဟဲ့- ကင်မရာ- ကင်မရာပါတဲ့ ခင်ဗျား။

ဟုတ်ကဲ့-ကျွန်တော် အနာတရဖြစ်မှာကို သူမပူရှာပါဘူး။ ကင်မရာကို သူပူတာပါ။ ဒါဟာ အရေးမှာ ဖြစ်သွားတတ်တဲ့ လူ့စရိုက်နဲ့ ဦးစားပေးစဉ်းစားတတ်ပုံ အထုံစရိုက်ကိုဖော်လိုက်တဲ့ ရယ်စရာ ဥပမာလေးပါ။ ပုထုဇဉ်ကိုး ခင်ဗျာ။ အပြစ် မဆိုသာပါဘူး။

လေယာဉ် အရေးပေါ် ဆင်းသက်ချိန်မှာလည်း အဲသလို လူတွေက သူ့အသက်ထက် ပစ္စည်းကို ကယောင်ကတမ်းနဲ့ တပ်မက်နေနိုင်လောက်ပါတယ်။ ဒါဟာ ကြိုမတွက်ထားတာ ဖြစ်လာချိန်မှာ ဖြစ်သွားတတ်တဲ့ သဘာဝပါပဲ။ အဲတော့ အရေးကြုံတဲ့အခါ ဘာကို ဦးစားပေးရမယ်၊ ဘာကို အရင်ဆုံး လုပ်ရမယ်ဆိုတာကို လူတိုင်းသိထားအောင် ဘေးမဖြစ်ခင်ကတည်းက တင်ကြိုပြီး လေယာဉ်မောင်မယ်တွေ လေယာဉ်တက်ခါနီးတိုင်း သတိပေးနေသလို အဖန်ဖန် ပြောဆိုပေးနေကြတာပါ။

### ကြိုတင်ခန့်မှန်းနိုင်တဲ့ အန္တရာယ်ဆိုရင်

သဘာဝဘေး အန္တရာယ်အတွက် ပထမဆုံးအလေးထား ရမှာကတော့ ကြိုတင်ခန့်မှန်းနိုင်တဲ့ မိုးလေဝသသတင်းများကိုပါပဲ။ သက်ဆိုင်ရာက အချိန်နဲ့ တစ်ပြေးညီ အရင်းအတိုင်းထုတ်ပြန်ပေးဖို့ လိုသလို အဲလို သဘာဝဘေးဒဏ်သင့်နိုင်တဲ့ ဒေသတွေမှာ နေထိုင်ကြသူများဆီကို မိုးလေဝသတင်းနဲ့အတူ သတိပေးချက်၊ ဘယ်လို ရင်ဆိုင်သွားရမယ်ဆိုတဲ့ အချက်များကို အချိန်မီသိရှိနိုင်အောင် မီဒီယာပေါင်းစုံကနေ သတိပေးဖို့ လိုပါတယ်။ တောလက် ကျေးရွာတွေမှာ ရွာဆော်တွေက ရွာထဲလှည့်လည် အော်ဟစ်သတိပေးတာအထိ လုပ်ဆောင်နိုင်ဖို့တောင် လိုပါတယ်။

### ကြိုမခန့်မှန်းနိုင်တာမျိုးအတွက်

ငလျင်လို၊ မီးဘေးလို ကြိုတင်ခန့်မှန်းနိုင်ခြင်း မရှိတဲ့ ဘေးအန္တရာယ်မျိုးအတွက်ကျတော့ အရေးကြုံရင် ဘာလုပ်ရမယ်ဆိုတာ လူအများသိထားအောင် အထက်ကအတိုင်း မီဒီယာပေါင်းစုံကနေ ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးနေဖို့လိုပါလိမ့်မယ်။ အနည်းဆုံး တစ်နှစ်တစ်ခါလောက် အသိပညာပေးထားမယ်ဆိုရင် တကယ်ကြုံလာတဲ့အခါ ဘာပြီးဘာလုပ်ရမယ်ဆိုတာ လူအများစုရဲ့ ခေါင်းထဲမှာ အသင့်ရှိနေမှာပါ။ သည်လိုအသိပညာပေးရာမှာလည်း လှည်းနေ လှေအောင်းမြင်းဇောင်း မကျန်တစ်နိုင်ငံလုံးက တိုင်းရင်းသားလူမျိုးအားလုံးကို အသိပညာပေးနိုင်ဖို့ အားထုတ်ကြရမှာလည်း ဖြစ်ပါတယ်။

အစိုးရအနေနဲ့က အဲလောက်အထိ ဖြန့်ကျက်နိုင်မှာမဟုတ်တာမို့ အရပ်ဘက်အဖွဲ့အစည်းတွေ၊ ရပ်ရွာအခြေခံ အသင်းအဖွဲ့တွေ၊ ဘာသာအသီးသီးရဲ့ ဘာသာရေးအဖွဲ့အစည်းတွေကပါ ဝိုင်းဝန်း လုပ်ဆောင်ပေးကြရင် သိပ်ကောင်းသွားမှာပါ။

### ကယ်ဆယ်ရေးတွေ လုပ်ကြတဲ့အခါ

သဘာဝဘေး အန္တရာယ်တစ်ခုခုအပြီးမှာ ကယ်ဆယ်ရေးလုပ်ငန်းကို ဆောင်ရွက်ကြတာတော့ ကျွန်တော်တို့ နိုင်ငံမှာ အားရစရာအထူးကောင်းလှတာကို ၂၀၀၈ နာဂစ်မုန်တိုင်းလွန် ကာလနဲ့ သည်နှစ် ရေကြီးတဲ့ အဖြစ်တွေက သက်သေပြခဲ့ပါပြီ။

ဒါပေမယ့် စိတ်မကောင်းစရာ ကောင်းတာက သည်နှစ် ရေဘေး ကယ်ဆယ်ရေးကို သွားလုပ်ကြသူတွေထဲမှာ ထိခိုက်ဒဏ်ရာရသူတွေ သာမက အသက်ပါ စတေးခဲ့ရသူတွေ ပါဝင်နေတာပါပဲ။

ဒါလည်း အတွေ့အကြုံနဲ့ သက်ဆိုင်မယ်ထင်ပါတယ်။ ဓာတ်လိုက်ခံရသူကို သွားကယ်တဲ့အခါ ကယ်သူကိုယ်တိုင် ဓာတ်လိုက်မခံရအောင် အရင်ဆုံးလုပ်ရမှာဖြစ်ပါတယ်။ မီးဝိုင်းခံနေရသူကို သွားကယ်ထုတ်တဲ့အခါ ကယ်သူကိုယ်တိုင် အဲဒီမီးထဲမှာ ပိတ်မိမနေ၊ အခက်ကြုံမနေအောင် ဦးစားပေးဆောင်ရွက်ပြီးမှ လုပ်လို့ရမှာပါ။ ကယ်တင်သူ၊ ကယ်ဆယ်ရေး လုပ်ဆောင်သူအတွက် ဘေးအန္တရာယ် ကင်းရေးသည် ပထမဦးစားပေး ဖြစ်ပါတယ်။

### စေတနာရှင်များနဲ့ ဘေးအန္တရာယ်

တစ်ဆက်တည်းမှာ အလှူရှင်အဖွဲ့တွေနဲ့ပတ်သက်လို့ မြင်တာ တစ်ချက်ကိုလည်း ပြောကြည့်ချင်ပါတယ်။ အားလုံးက စေတနာ သဒ္ဓါတရားထက်သန်စွာနဲ့ လုပ်ဆောင်နေကြတာ သံသယဖြစ်စရာ မလိုပါဘူး။ တစ်ဖက်ကလည်းအများဝိုင်းဝန်း စုပေါင်းလှူဒါန်းကြတဲ့ ငွေကြေးကို လက်ထိလက်ရောက် ကိုင်တွယ်ခန့်ခွဲနေရသူတွေမှာ တာဝန်ကြီးလှပါတယ်။ စာရင်းအင်း တိကျဖို့၊ ကိုယ်ကျိုးအတွက် မသုံးစွဲမိဖို့ အထူးဂရုစိုက်ကြရစမြဲပါ။

ကြေကွဲစရာ အဖြစ်တစ်ခုမှာတော့ ကျွန်တော်က အနီးကပ် တွေ့ထိနေခဲ့တာမို့ အဲဒီအချက်က ဒုက္ခပေးသွားပုံလေးကို မျက်ဝါးထင်ထင် တွေ့လိုက်ရပါတယ်။

ပြန်လည်ထူထောင်ရေး လုပ်ငန်းဆောင်ရွက်ဖို့အတွက် အလှူရှင်အဖွဲ့က လူငယ်လေးတွေ ကိုယ့်စရိတ်ကိုယ်စိုက်ပြီး ရေဘေးဒဏ်ခံထားရတဲ့ ဒေသကို သွားရောက်ခဲ့ကြရာက အကျိုးနည်းကုန်ရတဲ့ အဖြစ်ကလေးပါပဲ။ အချိန်လုပြီး သွားလာရတာမို့ လေယာဉ်နဲ့သွား ပြီးမှ နီးရာက ကားငှားမယ့် စရိတ်ကိုတွက်ချက်တဲ့အခါ တော်တော်လေး များနေပါတယ်။ ဒ့်ါကြောင့်သူတို့တွေက အိတ်စိုက်ပြီး ကိုယ့်ကားနဲ့ ကိုယ် သွားလိုက်ခဲ့ကြရမှာ အဖိုးတန် အသက်တစ်ချောင်းဆုံးခဲ့ရတဲ့ အဖြစ်ဆိုးနဲ့ ကြုံခဲ့ရပါတယ်။

အမှန်တော့ အဲဒီအဖွဲ့ရဲ့ ဘဏ္ဍာရေး အခြေအနေအရ အဲတုန်းက သွားလာစရိတ်ကို အသာလေး အကုန်အကျခံနိုင်တဲ့ အခြေအနေမှာရှိပါတယ်။ ဒါပေမယ့် ဦးဆောင်နေသူတွေအနေနဲ့ သူတို့အပေါ် အများက အထင်လွဲမှာ စိုးရိမ်တဲ့အတွက် အခုလို လုပ်လိုက်ကြတာပဲလို့ ကျွန်တော် နားလည်မိလိုက်ပါတယ်။ တကယ့်ကိုမချိတင်ကဲလည်း ဖြစ်လိုက်ရပါတယ်။

အမှန်တော့ လုပ်ငန်းတစ်ခု ဆောင်ရွက်တဲ့အခါ စရိတ်စကဆိုတာ ရှိတတ်စမြဲပါ။ အဲဒါကို အများကနားလည်ပေးဖို့လိုသလို ကမကထပြုနေသူတွေအနေနဲ့ကလည်း လိပ်ပြာသန့်သန့်နဲ့ အဲဒီစရိတ်တွေအတွက် ထုတ်သုံးရဲဖို့ လိုလေမလားပဲ။ ကိုယ်ကျိုးအတွက်သုံးတယ်၊ မသုံးဘူးဆိုတာ ကိုယ့်လိပ်ပြာက အသိနိုင်ဆုံးပါ။ လေယာဉ်ခလို၊ ကားငှားခလိုဟာမျိုးတွေက ပြေစာရနိုင်တာမျိုးမို့ စာရင်းရှင်းတဲ့အခါ အခက်အခဲ ရှိလေမယ် မထင်မိပါဘူး။

### အရေးကြီးဆုံး အချက်


တစ်ပတ်စာ ရတတ်သမျှနေရာလေးမှာ ကျွန်တော်တွေးမိသလောက်ကလေးကို ခြုံရေးရတာမို့ပြည့်စုံစရာအကြောင်းနည်းပါတယ်။ သည်ကိစ္စအတွက် အရပ်ဘက်အဖွဲ့အစည်းတွေက ကမကထပြုပြီး ဆွေးနွေးပွဲတွေ၊ အတွေ့အကြုံဖလှယ်ပွဲတွေ လုပ်ကြမယ်ဆိုရင်တော့ သိပ်ကောင်းမှာပါ။ ကျွန်တော့်ထက် များစွာ တတ်သိနားလည်သူများကလည်း သည်ကိစ္စကို အလေးထားပြီး ဝိုင်းဝန်းဆွေးနွေးကြမယ်ဆိုရင်တော့ အတိုင်းထက် အလွန်ပေါ့ခင်ဗျာ။

အဲ. . . ပြောရမယ့်အထဲမှာ အရေးတကြီး ကျန်နေတဲ့ အချက်ကိုတော့ ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူးခင်ဗျ။ ဒါမှ မဟုတ်ပြောရမှာ အားနာစရာကောင်းတယ်လို့ပဲ ဆိုရတော့မလား မသိပါဘူး။ အဲဒါကတော့ သဘာဝဘေးအန္တရာယ်နဲ့ ကြုံရချိန်တွေမှာ တာဝန်ရှိသူအဆင့်ဆင့်ရဲ့ တုံ့ပြန်ဆောင်ရွက်မှုအပေါ် အတော်များများက အားမလို အားမရဖြစ်ခဲ့ကြတာပါပဲ။ ၂၀၀၈ တုန်းကနဲ့ စာရင် ၂၀၁၅ မှာ တုံ့ပြန်မှုတွေ ပိုလျင်မြန်လာတယ်လို့ ပြောမယ်ဆိုပြောလို့ ရနိုင်ပေမယ့် မီးဘေးကြုံတဲ့အခါ တုံ့ပြန်သလို မြန်ဆန်သွက်လက်မှုမျိုးကို ရမလာသေးတာကလည်း ပြောစရာ ဖြစ်နေပါတယ်။

မီးလောင်တဲ့အခါမှာ မီးသတ်တပ်ဖွဲ့တွေဟာ အလျင်မြန်ဆုံး သွားရောက်ငြိမ်းသတ်တာ၊ လိုအပ်တဲ့ ကယ်ဆယ်ရေးလုပ်တာမျိုးနည်းတူ သဘာဝဘေးအန္တရာယ်နဲ့ ရင်ဆိုင်ရတဲ့အခါတွေမှာလည်း အာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်က တုံ့ပြန်မှု မြန်ဆန်သွက်လက်နေမယ်ဆိုရင် သေကျေ ပျက်စီး ဆုံးရှုံးမှုတွေအများကြီး လျှော့ချနိုင်မှာလည်း သိပ်ကို သေချာတာ တစ်ပြည်လုံးသာမက တစ်ကမ္ဘာလုံး အသိပါလို့ ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲတဲ့ကြားက ဇွတ်နှစ်ပြီး ပြောလိုက်ရပါတယ်။ အားလုံးအတွက် တွေးဆဆင်ခြင်စရာ တစ်ခုခုတော့ ရသွားတန်ကောင်းရဲ့လို့ မျှော်လင့်မိပါတယ် ခင်ဗျား။ ။

> လုပ်ငန်းတစ်ခု ဆောင်ရွက်တဲ့အခါ စရိတ်စကဆိုတာရှိတတ်စမြဲပါ။ အဲဒါကို အများကနားလည်ပေးဖို့လိုသလို ကမကထပြုနေသူတွေအနေနဲ့ကလည်း လိပ်ပြာသန့်သန့်နဲ့ အဲဒီစရိတ်တွေအတွက် ထုတ်သုံးရဲဖို့လိုလေမလားပဲ။ ကိုယ်ကျိုးအတွက်သုံးတယ်၊ မသုံးဘူးဆိုတာ ကိုယ့်လိပ်ပြာက အသိနိုင်ဆုံးပါ။ လေယာဉ်ခလို၊ ကားငှားခလိုဟာမျိုးတွေက ပြေစာရနိုင်တာမျိုးမို့ စာရင်းရှင်းတဲ့အခါ အခက်အခဲရှိလေမယ်မထင်မိပါဘူး။

**အခန်းဆက်ဝတ္ထုရှည်**



# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

**တက္ကသိုလ်ဘုန်းနိုင်**

**ယမန်နေ့မှအဆက်**

သတ္တဗေဒလက်တွေ့သင်တန်းတွင် အကောင်ပလောင်များခွဲစိတ်ရ၏။ အကောင်ပလောင်ကို လူစေ့တက်စေ့ စာရင်းပြု၍ပေးသည်။ ထိုခေတ်က ဈေးကြီးသော အချို့အကောင်ပလောင်အတွက် ကျောင်းသားသည် ငွေပင်ပေးရသေး၏။

သက်ခိုင်တို့က ဆရာဦးသာမြင့်ကို အပူကပ်ကြ၏။ ခုံနံပါတ်မရှိသော ကျောင်းသားများဖြစ်သောကြောင့် ဆရာဦးသာမြင့် အတော်ခေါင်းရှုပ်သွားရရှာ၏။ အတန်ကြာမှ ဖြေသည်။

“အေးလေ. . . ဒီလောက် ပညာလိုချင်ရင် ခုံနံပါတ်ရှိရှိ မရှိရှိ ဆရာမတားလိုဘူး။ ဆက်ရှင်ဘီမှာ လာလုပ်ကြကွယ်။ ကလပ်(စ်)လစ်တဲ့ လူတွေနေရာမှာ ဝင်ခွဲကြပေ့ါ။ နေရာမလစ်ရင်လည်း သူများခွဲတာဘေးက ထိုင်ကြည့်ပေ့ါ။ ဆရာ ခွင့်ပြုပါတယ်။”

အေးဝင်းနှင့်သက်ခိုင်သည် သင်တန်းကို နှစ်ပတ်တက်ကြရသည်။

တစ်နေ့တွင် ဌာနမှူးကထိကဆရာမကြီးက လက်တွေ့သင်တန်းများကို လိုက်စစ်သည်။ တရားဝင်ကျောင်းသားမဟုတ်သော အေးဝင်းနှင့်သက်ခိုင်ကို မိသွား၏။

သင်တန်းသားအားလုံး ရှေ့တွင် သက်ခိုက်တို့ အဆူခံရသည်။ ထို့နောက်ရုံးခန်းသို့ ခေါ်သွားပြီး ဆက်ကြိမ်း၏။ သက်ခိုင်တို့က မိဘများ သူပုန်လက်အောက်တွင် ရှိနေသောကြောင့် ငွေမသွင်းနိုင်၍ ဤသို့ ဖြစ်ရကြောင်း ရှင်းပြကြ၏။ ဆရာမကြီး၏ အဖြေသည် သက်ခိုင်တို့နားမှမထွက်။

“တိုင်းပြည်လုံခြုံရေးက အစိုးရတာဝန်၊ သင်တန်းတွေမှာ ကျောင်းစည်းကမ်းအတိုင်းရှိဖို့က ငါ့တာဝန်။ မင်းတို့သီအိုရီကလပ်(စ်)တွေ လိုက်တက်ပါ။ ငါဘာမှ မပြောလိုဘူး။ လက်တွေ့သင်တန်းတွေကိုတော့ တက်ခွင့်မပေးနိုင်ဘူး။ အများကြီး ဝမ်းနည်းပါတယ်။”

ထိုနေ့က မငိုရုံတစ်မည် မျက်နှာငယ်များနှင့် သက်ခိုင်တို့ ပြန်လာကြသည်။

ကုံ့ကော်ပင်တစ်ပင်အောက်တွင် ရပ်လိုက်ကြပြီး အေးဝင်းက ဝမ်းနည်းစွာ ဆိုသည်။

“သက်ခိုင်ရေ. . . တို့ ကံ့ကော်တောကို စွန့်ကြစို့လား”

သက်ခိုင်က ကံ့ကော်ပင်ကို ဖက်လိုက်သည်။ မျက်ရည်ကျရင်း ဖြေမိသည်။

“ကံ့ကော်တောက ခဏပြေးရအောင်လို့ဆိုပါ သူငယ်ချင်း၊ ကံ့ကော်တောကို ငါ မစွန့်နိုင်ဘူး။ အစက ငါ ဆရာဝန်လုပ်မယ် စိတ်ကူးမိတယ်။ ဒီနေ့ ငါ စိတ်ပြောင်းလိုက်ပြီ။ အိုင်အက်(စ်)စီ အောင်ရင် ငါဘာသာပြောင်းတော့မယ်။ ပြီးတော့ ကံ့ကော်တောက ရုက္ခစိုးဖြစ်အောင် ငါကြိုးစားမယ်။ ငါ ရုက္ခစိုးဖြစ်လာရင် ငါ့ကံ့ကော်ရိပ်က အပြစ်မဲ့တဲ့ ဘယ်ကျောင်းသားကိုမှ နှင်မထုတ်ဘူး။ နှင်ထုတ်မယ့်လူတွေကိုလည်း ငါ. . . ငါ. . .”

ဒေါသနှင့် ဝမ်းနည်းခြင်းတို့ကြောင့် သက်ခိုင်၏ ရင်မှာဆို့ပြီး အသံလည်း နစ်သွား၏။

အေးဝင်းက ရယ်ချလိုက်၏။ သူ့ရယ်သံမှာလည်း ငိုသံပါနေ၏။

“ထားပါတော့ သူငယ်ချင်းရာ။ တို့အခု အလုပ်ထွက်ရှာရအောင်။ ပညာသင်ခွင့်ရရင်တော့ ငတ်တစ်လှည့် ပြတ်တစ်လှည့် နေရတာ မထောင်းတာဘူး။ အသားလွတ်တော့ ငတ်မနေနိုင်ဘူး။ မီးရထားရုံးမှာ မောင်ရှိန်နဲ့ တင်မောင်စိုးထွက်လာတဲ့ နေရာကို လူစားမခန့်ရသေးဘူးနဲ့တူတယ်။ အဲဒီကို ပြေးကြရအောင်။ အလုပ်မရရင်လည်း တို့စာရေးစားကြမယ်ကွာ။ ကဲ. . . လစ်ကြစို့။”

အေးဝင်းနဲ့ သက်ခိုင်သည် မီးရထားရုံးကြီး၌ အောက်တန်းစာရေးရာထူး ရကြ၏။ ထမင်းမှန် ရေမှန်လည်း ဖြစ်လာကြသည်။ တကောင်းကျောင်းဆောင်ကြီးကိုတော့ စွန့်ခဲ့ရ၏။

အေးဝင်းနှင့် သက်ခိုင်သည် လမ်းစရိတ်သက်သာရန် တင်မောင်စိုး၏ ဘားလမ်းနေအိမ်မှ ရုံးတက်ကြသည်။ စနေ သို့မဟုတ် တနင်္ဂနွေနေ့များကျမှ ကျောင်းဆောင်သို့ ပြန်ကြပြီး (ယခုအခါ တကောင်းကျောင်းဆောင်သို့ ရောက်နေကြသည့်) မောင်မောင်ကျော်၊ လှထွေး စသည့် ပါဏဗေဒယူသော ကျောင်းသားများထံမှ မှတ်စုကူးယူကြသည်။

သီတင်းကျွတ်ပြီးလျှင် ကျောင်း၌ ငွေသွင်းနိုင်ရန် ချွေချွေတာတာသုံးပြီး ငွေစုကြ၏။

အေးဝင်းသည် မွန့်ကို အဆက်ဖြတ်ထား၏။ ဒုက္ခရောက်နေစဉ် ချစ်သူကို တွေ့လျှင် သူ့ပါစိတ်မချမ်းမသာဖြစ်မည်စိုးသောကြောင့်ဟု အကြောင်းပြသည်။

သက်ခိုင်ကလည်း မလေးနွယ်တို့အိမ် မသွား၊ မသွားသည့်အပြင်တက္ကသိုလ်နယ်မြေသို့ မိမိပြန်ရောက်ကြောင်း မပေါ်ရန် သူငယ်ချင်းများကို ပိတ်ထား၏။

တနင်္ဂနွေနေ့ တစ်နေ့တွင် အေးဝင်းနှင့် သက်ခိုင်သည် ကျောင်းဆောင်သို့ ပြန်လာခဲ့ကြသည်။ ပြည်မြို့ကို ဖြတ်၍ ပြန်လာခဲ့သော ပခုက္ကူမှ ကျောင်းသား ကိုထွန်းရွှေကို တွေ့ကြ၏။ ကိုထွန်းရွှေထံမှ ဝမ်းနည်းဖွယ် သတင်းတစ်ရပ်ကို ကြားရသည်။

သူပုန်နယ်မှ အစိုးရနယ်အကူးတွင် အခက်အခဲမရှိရန် ကိုထွန်းရွှေတို့သည် ပြည်ရှိ ရဲဘော်ဖြူ ခေတ္တရာတပ်ခွဲသို့ ဝင်အကူအညီတောင်းကြသည်။ ယုမောင်သည် ဤတပ်ခွဲ၌ တပ်ခွဲမှူးလုပ်နေကြောင်း ထွန်းရွှေတို့က သိပြီး၍ဖြစ်၏။ ယုမောင်ကို မတွေ့ခဲ့ကြရ။ ဗိုလ်ကွန်းဇော်ထံမှသာ ယုမောင်၏ သတင်းကိုကြားခဲ့ရသည်။ ယုမောင်သည် သူ့တပ်နှင့် မြန်အောင်ဘက်သို့ စစ်ချီတက်သွားသည်။ မြန်အောင်တွင် ကေအင်ဒီအိုတို့နှင့် တိုက်ပွဲဖြစ်သည်။ ကေအင်ဒီအိုတို့၏ အဆိပ်လူးသော ရှားနှစ်သား ကျည်ဆန်မှန်သောကြောင့် ယုမောင်ကို ပြည်ဆေးရုံကြီးသို့ သယ်လာခဲ့ရ၏။ ပြည်ဆေးရုံကြီးတွင် ယုမောင် ကွယ်လွန်လေသတည်း။

သက်ခိုင်တို့လည်း ဤအကြောင်းအကျိုးကို ပြောရန် ထွန်းငွေ၏ အခန်းသို့ ထွက်လာကြသည်။

အခန်းအတွင်း၌ ထွန်းငွေသည် စာတစ်စောင်ကို ကုန်းရေးနေ၏။ သက်ခိုင်တို့က တံခါးခေါက်မှ ထွန်းငွေသည် စာကို စာအုပ်တစ်အုပ်ကြား ညှပ်ဝှက်လိုက်ပြီး နေရာမှထ၍ တံခါးဖွင့်ပေးသည်။

အခန်းတွင်းသို့ ရောက်လျှင်ရောက်ချင်း အေးဝင်းက ထွန်းငွေ ဝှက်ထားသော စာကို ဖြတ်ခနဲ ဆွဲယူလိုက်သည်။ ထွန်းငွေက အတင်းလိုက်လု၏။ အရပ်ရှည်သော အေးဝင်းက စာကိုင်ထားသည့် လက်တံရှည်ကို မြှောက်ထားသောကြောင့် ထွန်းငွေ လုမမိ။

ထွန်းငွေသည် ကုလားထိုင်၌ မျောက်မှိုင် မှိုင်ထိုင်၏။

“အေးကွာ. . . အေးကွာ. . . သူများရဲ့ ပရိုက်ဗိတ်စာကို မင်းတို့ဖတ်ချင်လည်း ဖတ်ကြပေ့ါ။ မင်းတို့မှာ ကားလ်ချား (ယဉ်ကျေးမှု)မရှိဘူးလို့ ငါ ဝမ်းနည်းရမှာပဲ။ အဟင့် ဟင့် ဟင့်. . .။

အေးဝင်းသည် ထွန်းငွေ၏ စကားကြောင့် လက်ပြန်ချလိုက်သည်။

“ယဉ်ယဉ်ကျေးကျေးနဲ့တော့ မဆဲနဲ့ကွာ မောင်ညိုမှိုင်း။ ရော့. . . မင်းစာ. . . မင်း ပြန်ယူ”

ထိုအခါကျပြန်တော့လည်း ထွန်းငွေက သဘောကောင်းလှစွာဆိုသည်။

“ဖတ်ချင်ရင်လည်း ဖတ်ကြကွာ။ ငါအရှုံးထရေးတာပဲ။ အရှုံးထပြီးမှ အဝေဖန်ခံရမှာတော့ မကြောက်ပါဘူး”

အေးဝင်းနှင့် သက်ခိုင်က သူ့စာကို ဖတ်ကြ၏။

“ချစ်သည်။ ချစ်မိသည်။ ချစ်ခဲ့မိသည်။ ချစ်ရလိမ့်ဦးမည်။ ဒုက္ခ. . . ဘဝ၏ ဒုက္ခ။

မြင့်သည်။ ကွာသည်။ လှမ်းသည်။ ခြားသည်။ သို့သော်. . . မှန်းမိသည်။ အမှား. . . အမှား. . . ဘဝ၏ အမှား. . .”

သူ့စာကို ဖတ်ပြီး အေးဝင်းနှင့် သက်ခိုင်တို့သည် ရယ်ကြ၏။ သူကသာ လေအေးအေးနှင့်ဆို၏။

“အေး. . . ရယ်ကြ ရယ်ကြ။ ငါက စိတ်မဆိုးဘူး။ ဒါ. . . ငါ့ကိုယ်ငါပြန်ဝေဖန်ထားတာ။ ဆက်ဝန်ခံလိုက်ဦးမယ်။ အဲဒါ. . . ယုအတွက် ရေးတာ။ ငါက ယုကို မရွှေသီလို့ ခေါ်တယ်။ မယ်သီလရှင်လေးနဲ့ တူလွန်းလို့”

သက်ခိုင်သည် ရင်၌ ဆို့သွားသည်။ ယုကို . . . ယုမောင်ကလည်း မယ်သီလရှင်ကလေးဟု ခေါ်၏။

သက်ခိုင်က သက်ပြင်းရှိုက်ပြီး ပြော၏။

“ထွန်းငွေ . . . တို့ လာတာ ယုကို မင်းလိုပဲ မယ်သီလရှင်ကလေးလို့ ခေါ်တဲ့ လူတစ်ယောက်အကြောင်း ပြောမလို့။ ယုမောင်အကြောင်းပဲ. . . ထွန်းငွေ”

“ယုမောင် ဘာဖြစ်လို့လဲ”

အေးဝင်းက ဖြည်းလေးစွာ ဝင်ပြော၏။

“ယုမောင် ကျဆုံးသွားပြီ”

ထွန်းငွေသည် တစ်ချက် ငိုင်ကျသွား၏။ အတန်ကြာမှ ဆိုသည်။ “ဟုတ်လား. . . ဒါဖြင့် ငါနဲ့သူဘဝတူပဲ”

“ဘာပြောတယ် မောင်ညိုမှိုင်း”

“ငါနဲ့သူ ဘဝတူပဲလို့။ ငါလည်း ကျဆုံးသွားပြီ သူငယ်ချင်းတို့” သက်ခိုင်တို့က နားမလည်နိုင်ဘဲ သူ့ကို ကြည့်သည်။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**

WEBS
IELTS, 4 Skills, Business English
> သင်တန်းတစ်ခုပြီးတိုင်း Cambridge တက္ကသိုလ်ကအောင်လက်မှတ် ရရှိမည်။
သင်ကြားသည့်ဆရာ-ဆရာနိုးဝင်းစိုင်သည်
> အင်္ဂလန်ထိပ်တန်းတက္ကသိုလ်များဖြစ်သော The Open University, Cambridge, Business Schools များတွင် သွားရောက်၍ BA English, BSc, CAE, CPE, MBA အစရှိသည့်ဘွဲ့များကို ရယူခဲ့သည်။ အင်္ဂလန်တွင် (၁၀) နှစ်ကြာနေထိုင်ခဲ့သည့်အတွက် အင်္ဂလိပ်စာနှင့် ယဉ်ကျေးမှုကို ကိုယ်တိုင်ထိတွေ့ခွင့်ရခဲ့။
အင်္ဂလိပ်စာသင်တန်းများ
095151398 လှည်းတန်း။

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

မင်းမဟာလောက
Travels & Tours
“ဘုရားဖူးအပန်းဖြေ၊ ရသစစ်မှန်ခရီးများ မင်းမဟာနှင့်သွား”
ဖောင်တော်ဦးဘုရားပွဲ အထူးခရီးစဉ် Oct 23-26 ဟိုတယ်တည်း-စား-ငြိမ်း (၈၃၀၀၀/-)
တောင်ကြီးတန်ဆောင်တိုင် မီးပုံးပွဲတော်ခရီးစဉ်-ပုဂံ-ပုပ္ပား ခရီးစဉ်-မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း ခရီးစဉ်များ။ လက်မှတ်များကို Door to Door အရောက်ပို့ Sevrices (10+1 Free)
Contact; 01-2304884/095111387/09974040838/09258876879

ကာတီယာစိန်တိုက်
မိတ်ဟောင်း၊ မိတ်သစ်များ ဝါလကင်းလွတ် သီတင်းကျွတ်မှာ ပျော်ရွှင်ချမ်းမြေ့ကြပါစေ...
လက်ထပ်မင်္ဂလာဆင်နွှဲကြမည့်
သတို့သား၊ သတို့သမီး များအတွက်
စေ့စပ်လက်စွပ်၊ လက်ထပ်လက်စွပ် Design ဆန်းများကို အထူး Discount များဖြင့်ရောင်းချပေးနေပါသည်။
1ct အောက်မှ 10ct အထက်ထိ စိန်ပွင့်ကြီးများကို သက်သာသော နှုန်းထားများဖြင့်ရောင်းချပေးနေပါသည်။
တဆင့်ပြန်လည်ရောင်းချလိုသူများအတွက် စိန်ထည်များနှင့်စိန်အကြွေဆိုဒ်စုံကိုလည်းရောင်းချပေးနေပါသည်။
“အို... ပိုက်ဆံများရှိလို့ကတော့...
ကာတီယာစိန်တိုက် ကစိန်တွေဝယ်ပြီး တစ်ကိုယ်လုံးကို စိန်စီပစ်လိုက်မှာ...”
Show Room(I) No.137 ရွှေဘုံသာလမ်း(အောက်)လမ်း
Tel : 246838, 384905, 241929
Show Room(II) No.52 အရှေ့ဘက်အပြင်တန်း ဗိုလ်ချုပ်အောင်ဆန်းဈေး၊ Tel : 253308.

**အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း**

အကောက်ခွန်ဦးစီးဌာန၏ (၃၇)ကြိမ်မြောက် မိသားစုဘုံကထိန်နှင့် သက်ကြီးပူဇော်ပွဲကို မင်းကွန်းတောရကျောင်းတိုက် အင်းလျားမြိုင်လမ်း၊ ဗဟန်းမြို့နယ်တွင် ၃၀-၁၀-၂၀၁၅ရက်(သောကြာနေ့) နံနက် ၉နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

တက်ရောက်နိုင်သူ ကန်တော့ခံအသင်းဝင်များ တက်ရောက်ကြပါရန်နှင့် ဘုံကထိန်ပဒေသာပင်အတွက် လှူဖွယ်ပစ္စည်းများကို ၁၄-၁၀-၂၀၁၅ရက်မှ ၂၉-၁၀-၂၀၁၅ရက်ထိ ၁၂:၀၀နာရီမှ ၁၅:၀၀နာရီအတွင်း အသင်းတိုက်သို့ လာရောက်လှူဒါန်းနိုင်ပါသည်။

မတက်ရောက်နိုင်သူများအတွက် ကန်တော့ခံပစ္စည်းများကို ၂-၁၁-၂၀၁၅ရက် နေ့မှစ၍ (တနင်္လာ/ကြာသပတေး)နေ့များတွင် အသင်းတိုက်၌ လာရောက် ထုတ်ယူနိုင်ပါသည်။

အသင်းတိုက်မှကားများ ၃၀-၁၀-၂၀၁၅ရက် နံနက် ၈:၀၀နာရီတွင် ထွက်ပါမည်။

**အလုပ်အမှုဆောင်အဖွဲ့**

**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း**

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အောက်ဖော်ပြပါ လျှပ်စစ်လုပ်ငန်းဆိုင်ရာ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ ပေးသွင်းရန် ဖိတ်ခေါ်ပါ သည်။

(က) e-volting System ဆိုင်ရာ Spare ပစ္စည်းများ ဝယ်ယူတပ်ဆင်ခြင်း

(ခ) Audio System အတွက် Spare ပစ္စည်းများ ဝယ်ယူတပ်ဆင်ခြင်း

၂။ တင်ဒါစည်းကမ်းချက်များ နှင့် လျှောက်လွှာပုံစံများအား ၁၄-၁၀-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ရုံးအမှတ်(၄၀)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ စီမံရေးရာဌာနတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပိတ်မည့်နေ့ရက်/အချိန် - ၆-၁၁-၂၀၁၅ရက်၊ ၁၅:၀၀နာရီ

၄။ တင်ဒါဖွင့်မည့်နေ့ရက်/အချိန်/နေရာ - ၁၀-၁၁-၂၀၁၅ရက်၊ ၁၃:၀၀နာရီ ရုံးအမှတ်(၄၀)၊ နေပြည်တော်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်-

**ရုံးအမှတ်(၄၀)၊ နေပြည်တော်၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**လွှတ်တော်နှင့်အိမ်တော်အဆောက်အအုံများ ထိန်းသိမ်းရေးအဖွဲ့**
**ဖုန်း-၀၆၇-၃၉၀၅၃၀၊ ၀၆၇-၃၉၀၅၀၆**

# စားသုံးဆီဖူလုံရေးအတွက် ကျေးရွာအချို့တွင် စပ်မျိုး(၁) နေကြာများအလေးထားစိုက်

**သာစည် အောက်တိုဘာ ၁၆**

သာစည်မြို့နယ်တွင် မိုးရွာသွန်းမှု နည်းပါးခဲ့ခြင်းကြောင့် မိုးစပါးစိုက်ပျိုးရန်အချိန်မရှိတော့သဖြင့် ကျေးရွာအုပ်စုအချို့တွင် တောင်သူဦးကြီးများက စက်တင်ဘာလအတွင်း၌ စားသုံးဆီရရှိရန် ကြားသီးနှံအဖြစ် စပ်မျိုး(၁) နေကြာများကို စိုက်ပျိုးထားကြရာ ရာသီချိန်ကိုက်ညီမှုရှိသဖြင့် ဆည်ကြီးတောင်ကျေးရွာအနီးတွင် နေကြာများ အောင်မြင်ဖြစ်ထွန်းကြောင်းသိရသည်။

စပ်မျိုး(၁)နေကြာသည် အပင်ပေါက်နှုန်း ကောင်းမွန်သည့်မျိုးဖြစ်သဖြင့် စိုက်ပျိုးပြီးရက်ပေါင်း ၈၀ တွင် ရိတ်သိမ်းနိုင်ကြောင်းနှင့် စပ်မျိုး(၁)နေကြာကို တစ်ဧကစိုက်ပါက နေကြာစေ့ထွက်နှုန်းမှာ တစ်ဧက ၅၅တင်း ထွက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့က အထွက်နှုန်းကောင်းတဲ့ စပ်မျိုး (၁) နေကြာကိုသာ စိုက်ပါတယ်။ ဆီထွက်နှုန်းလည်း ကောင်းပါတယ်။ နေကြာစေ့တစ်တင်း ကြိတ်ရင် ဆီလေး ပိဿာနဲ့ ၅၀ ကျပ်သား ထွက်ရှိပါတယ်။ စပ်မျိုး(၁)နေကြာကတစ်ဧကကို နည်းစနစ်မှန်မှန် စိုက်ရင် တင်း ၆၀ ထွက်ရှိပါတယ်။ဆီကြိတ်ပြီးရောင်းရင် ဝင်ငွေကျပ်ရှစ်သိန်းကျော်ရရှိနိုင်ပါတယ်"ဟု ဥသျှစ်ကုန်းကျေးရွာမှ တောင်သူကြီးဦးသန်းဝင်းက ပြောပြသည်။

စပ်မျိုး(၁)နေကြာကို စိုက်သည့်အခါတွင် ထယ်ရေးနက်ပြီး ထွန်ရေးညက်ညက် မြေပြုပြင်ပြီး စိုက်ရကြောင်း၊ အစိုဓာတ်ထိန်းသိမ်းနိုင်သည့် နုန်းဆန်သောမြေ၊ သဲနုန်းမြေနှင့် မြေဆီထက်သန်သောမြေတို့တွင်သာ စိုက်ပျိုးရကြောင်း စိုက်သည့်အခါတွင် တန်းကြားနှစ်ပေ၊ ပင်ကြား ကိုးလက်မထား၍ စိုက်ပျိုးရကြောင်းသိရသည်။

စပ်မျိုး(၁) နေကြာသည် ရွက်ခြောက်ရောဂါဒဏ်ကိုလည်း အသင့်အတင့်ခံနိုင်ကြောင်း၊ စိုက်သည့်အခါတွင် ကျင်းတစ်ကျင်းကို မျိုးစေ့နှစ်စေ့နှုန်းသာထားရှိရကြောင်းကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကျေးလက်မန်နေဂျာ ဦးဇော်ရဲထွန်းကရှင်းပြသည်။

အဆိုပါနေကြာသည် တစ်ဧကကို သုံးပြည်သာသုံးလျှင်ရကြောင်း၊ အဖူးဝင်ချိန်တွင် တစ်ဧကအတွက် ယူရီးယားဓာတ်မြေဩဇာ ၅၀ ကီလို အိတ်ဝက် ထည့်သွင်းအသုံးပြုရကြောင်း၊ အစေ့အောင်မြင်မှု ကောင်းစေရန်အဖူးဝင်ချိန်နှင့်ပန်းပွင့်ချိန်တွင် ရေသွင်းပေးရကြောင်း ၎င်းကပြောသည်။

နေကြာသီးနှံသည် မြန်မာနိုင်ငံတစ်နိုင်ငံလုံး စိုက်ပျိုးရန်ဖြစ်ထွန်းအောင်မြင်သည့် သီးနှံဖြစ်ပြီး နေကြာဆီသည် ကျန်းမာရေးအတွက် အထူးကောင်းမွန်သင့်လျော်ခြင်းကြောင့် စားသုံးဆီဖူလုံရေးအတွက် တောင်သူတိုင်း စိုက်ပျိုးသင့်သောသီးနှံဖြစ်ကြောင်းသိရသည်။

**မောင်ကို (သာစည်)**

## လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့်ကျန်းမာရေးအသိပညာပေးဟောပြောပွဲ ယင်းမာပင်မြို့နယ်၌ကျင်းပ

**ယင်းမာပင် အောက်တိုဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူးဇော်ဝင်း ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များနှင့် မြို့နယ်ဥပဒေအရာရှိ ဒေါ်အေးမိစံ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဒုတိယဦးစီးမှူး ဦးကုဋ္ဌေစည်သူ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိန်လင်းနှင့် ယင်းမာပင်မြို့နယ်သို့ ရောက်ရှိနေသော ရန်ကုန်ဆေးတက္ကသိုလ်(၂) နောက်ဆုံးနှစ် အပိုင်း(က)မှ ကွင်းဆင်းလေ့လာရေး ကျောင်းသူ၊ ကျောင်းသား ၁၅ ဦးတို့ ပူးပေါင်းပါဝင်သည့်အဖွဲ့မှ လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့်ကျန်းမာရေး အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၁၄ ရက် နံနက် ၁၁ နာရီက ယင်းမာပင်မြို့ အမျိုးသမီးသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်ဥပဒေအရာရှိ ဒေါ်အေးမိစံက လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေနှင့်ပတ်သက်၍ ပြစ်မှု၊ပြစ်ဒဏ်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးဇော်ဝင်းက မော်တော်ယာဉ်ဥပဒေနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေများ၊ ယင်းမာပင်မြို့နယ်သို့ ရောက်ရှိနေသော ရန်ကုန်ဆေးတက္ကသိုလ် (၂) နောက်ဆုံးနှစ် အပိုင်း(က)မှ ကွင်းဆင်းလေ့လာရေးအဖွဲ့မှ ကျောင်းသူတစ်ဦးက အမျိုးသမီးများကျန်းမာရေး သိကောင်းစရာများကို ဟောပြောခဲ့ကြသည်။

ဆက်လက်၍ ယင်းမာပင်မြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူးဇော်ဝင်း ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များက ၂၀၁၅ ခုနှစ် မော်တော်ယာဉ် ဥပဒေပြဋ္ဌာန်းချက်အသိပညာပေး လက်ကမ်းစာစောင်များနှင့် လူကုန်ကူးမှုတားဆီး ကာကွယ်ရေးဥပဒေ အသိပညာပေးလက်ကမ်းစာစောင်များကို အခမ်းအနားသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများ၊ ယင်းမာပင်မြို့ အမျိုးသမီး သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းမှ ဆရာမများနှင့် အဆင့်မြင့်စက်ချုပ်သင်တန်းမှ သင်တန်းသူ၄၈ဦးနှင့် အခြေခံအိမ်တွင်းမှု သက်မွေးလုပ်ငန်းသင် တန်းမှ သင်တန်းသူ ၆၂ ဦးတို့အား အခမဲ့ဝေငှပေးခဲ့ကြောင်းသိရသည်။ **ထွန်းကိုကို(ယင်းမာပင်)**

## မူးမြစ်ရေဝင်ရောက်သည့်မြစ်ဘေးရှိကျေးရွာများမှ ကျွဲနွားများအား ရွှေ့ပြောင်းပေး

**မြင်းမူ အောက်တိုဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းရှိ မြို့နယ်များတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် မူးမြစ်ရေ မြင့်တက်ခဲ့ရာ မြင်းမူမြို့နယ်အတွင်းရှိ မြစ်ဘေးတစ်လျှောက် ကျေးရွာများဖြစ်သည့် မူးမန္တလေး၊ ညောင်မြစ်၊ မေဂျာ၊ ပုံညာ၊ သပြေသာ၊ မစုရ၊ ပျော့ရွာနှင့် မကျီးကန်ကျေးရွာတို့တွင် မူးမြစ်ရေများ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

မူးမြစ်ရေသည် ပုံညာကျေးရွာ၌ ရေအနက်လေးပေခန့်၊ မေဂျာနှင့် သပြေသာကျေးရွာတို့၌ ရေအနက်သုံးပေခန့်၊ ညောင်မြစ်နှင့် မစုရကျေးရွာတို့၌ ရေအနက်နှစ်ပေခန့်၊ မကျီးကန်နှင့် မူးမန္တလေးကျေးရွာတို့၌ ရေအနက်တစ်ပေခန့်စီ ဝင်ရောက်လျက်ရှိသည်။

မူးမြစ်ရေ ဝင်ရောက်သည့် ပုံညာကျေးရွာမှ ကျွဲနွားများအား မကျီးကန်ကျေးရွာသို့လည်းကောင်း၊ သပြေသာနှင့် မစုရကျေးရွာတို့မှ ကျွဲနွားများအား နဘဲကြူးကျေးရွာသို့လည်းကောင်း၊ သပြေသာကျေးရွာမှ ကျွဲနွားများအား ပျော့ရွာကျေးရွာသို့လည်းကောင်း ပြောင်းရွှေ့ပေးခဲ့သည်။

ထို့ပြင် စစ်ကိုင်းမြို့နယ် လက်ပံသာ၊ ညောင်ပင်ဝန်း၊ ထိန်ကုန်းနှင့် လက်ပန်ကျေးရွာတို့မှ ကျွဲနွားများအား မြင်းမူမြို့နယ် ပျော့ရွာကျေးရွာအနီး မုံရွာ-မန္တလေးကားလမ်းမကြီး ဘေးတစ်လျှောက်တွင် ပြောင်းရွှေ့ပေးထားသည်။

မူးမြစ်ရေ ဝင်ရောက်သည့် ကျေးရွာများမှ ကျွဲနွားများ ရေလွတ်ရာသို့ ပြောင်းရွှေ့မှုအား မြင်းမူမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုဦးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများက ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပြီး မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ဌေးနှင့် ဝန်ထမ်းများက ကျွဲနွားများအတွက် လျှာပွတ်ဆေးများ အခမဲ့ဖြန့်ဝေပေးကာ တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိသည်။

မူးမြစ်ရေ ဝင်ရောက်သည့် ကျေးရွာများအား ကူညီစောင့်ရှောက်မှုများ ပေးနိုင်ရန်အတွက် မြင်းမူမြို့နယ် ပျော့ရွာကျေးရွာတွင် ရေဘေးကယ်ဆယ်ရေး ရှေ့တန်းစခန်း ဖွင့်လှစ်ထားရှိပြီး ဌာနဆိုင်ရာများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်စိုးဖေ**



"ရွှေနန်းတော်ဝင်၏ သီတင်းကျွတ်အထူးအစီအစဉ်"

ရွှေနန်းတော်ဝင်ပိုးထည်နှင့် ချည်ထည်ချစ်သူများအတွက် အကြီးမားဆုံး ရွှေရောင် **Promotion** ပွဲတော်ကြီးကို ၁၇-၁၀-၂၀၁၅ မှ ၃၁-၁၀-၂၀၁၅ရက်ထိ အထူးဈေးနှုန်းများဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

အမှတ် ၂၁/SR၊ ဆရာစံလမ်း၊ ဗဟန်း။ ဖုန်း - ၀၁-၅၅၅၁၅၀

အမှတ်(၇၉)၊ မြေညီထပ်၊ဗဟိုလမ်းနှင့်သီရိလမ်းထောင့် စမ်းချောင်း။ ဖုန်း - ၀၁-၅၁၂၃၆၁

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**

**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

Tender No. 11/DHPI/Premium Diesel/2015-2016

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ Premium Diesel (၁၅၀၀)ဂါလန်အား ရုံးချုပ်ဂိုဒေါင်အရောက် တန်ဖိုး၊ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)တို့အား သီးခြားစီချိပ်ပိတ်၍ ၂၁-၁၀-၂၀၁၅ရက် ၁၂း၀၀နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ နည်းပညာစံချိန်စံညွှန်းရမှတ်(၆၀)ကျော်သော ကုမ္ပဏီများ၏ ဈေးနှုန်းအဆိုပြုလွှာ (Price Proposal) ဖွင့်ဖောက်ရန်ရက်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အများရှေ့မှောက်၌ ဖွင့်ဖောက်ကြေညာ၍ စုစုပေါင်းရမှတ်(Overall Score)အများဆုံးကုမ္ပဏီအား တိုက်ရိုက်ရွေးချယ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်**

**ဖုန်း-၀၉-၂၅၀၃၄၅၃၄၉၊ ၀၉-၄၉၃၂၂၇၈၄၊ ၀၉-၄၅၀၅၃၉၂၄၈၊ ၀၉-၄၂၀၇၁၆၆၈၉**

**ပျောက်ဆုံးကြောင်း**

ကျွန်မ ဒေါ်တင်မိုးခိုင်[၁၂/လမန(နိုင်)၁၃၆၅၇၇]သည် သွင်းကုန်ကြေညာလွှာ အမှတ်-၇၇၄၂၇၈(၁၅-၉-၂၀၁၄) စာရွက်နှင့် အခြားစာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ Ph: 09-420085755

**ရွှေခံအိမ်အဆင့်မြင့်တည်းခိုခန်း**

ပန်းဆိုးတန်းလမ်းအောက်ဘလောက်မှ ၅မိနစ် သဘော်စီး၊ ဒလဘက်ကမ်းရောက်လျှင် ၅မိနစ်ဆိုက်ကားစီး၊

ကျယ်ဝန်းသည်၊ သန့်ရှင်းသည်၊ အခန်းတိုင်းအဲကွန်းရှိသည်။ မီးပျက်လျှင်မီးစက်မောင်းသည်။

(၁၃၉၉) မိုလ်ချုပ်(၁)လမ်း၊ ဗညားဒလရပ်ကွက်၊ ဒလမြို့နယ်။

☎ ၀၁ ၂၆၉၁၅၅

၀၉ ၂၅၀၆၆၇၀၂၈

၀၉ ၄၉၂၆၂၇၅၉

၀၉ ၂၅၂၀၈၂၅၃၃

၁၀၀၀၀ ကျပ်

၁၄၀၀၀ ကျပ်

**ကိုကျော်စိုး**

**ရန်ကုန်မြို့တွင်း မြေကြီး အပိုရှိသည်။**

စက်ရုံနှင့် မြေကွက် မြေကြီးလိုအပ်သူများ ဆက်သွယ်ပါရန်။

ဖုန်း-၀၉-၂၀၁၀၀၀၁၆၊ ၀၉-၅၆၅၀၃၀၇၊ ၀၉-၃၀၁၆၈၈၈၈

Car Showroom

**မှ အောက်ပါဝန်ထမ်းများအလိုရှိသည်**

1. Office Staff ကျား/မ
2. Sales and Marketing ကျား/မ
3. ကိုရီးယားစကားပြန်
4. ကိုရီးယားကားစက်ပြင်

အတွေ့အကြုံရှိသူကို ဦးစားပေးမည်။ နယ်ဝေးခရီးသွားနိုင်ရမည်။ CV Formနှင့်တကွ လာလျှောက်ရန်။ အသက်(၂၀)အထက်ရှိရမည်။ မင်္ဂလာဒုံမြို့နယ်အနီး နေထိုင်သူဦးစားပေးမည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၄၀၁၆၀၄၂၈၂၊ ၀၉-၄၂၂၅၁၇၅၆၂**

**လိပ်စာ-အမှတ်(၈)၊ A-1လမ်း၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်၊ မင်္ဂလာဒုံ**

# မြို့တွင်းလမ်းများ လမ်းမီးများ တိုးချဲ့တပ်ဆင်



**မန္တလေး အောက်တိုဘာ ၁၆**

မန္တလေးမြို့သည် စီးပွားရေးဖွံ့ဖြိုးလာပြီး ယာဉ်သုံးစွဲမှုများပြားလာရာ မြို့နေပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေး၊ ထိခိုက်မှုလျော့နည်းစေရေး၊ မြို့တွင်းလမ်းများ လုံခြုံမှုအထောက်အကူဖြစ်စေရေးအတွက် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနက ချမ်းအေးသာစံမြို့နယ်အတွင်း (၈၁)လမ်း၊ (၈၂)လမ်း၊ (၈၃)လမ်းများတွင် LED (၈၀) ဝပ် လမ်းမီးများတပ်ဆင်ခြင်း၊ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေး ဖိုက်ဖာကာဗာအုပ်ထားသော လမ်းမီးကြိုးများတပ်ဆင်ခြင်းများအား အောက်တိုဘာလဆန်းမှ စတင်ဆောင်ရွက်လျက်ရှိသည်။

မန္တလေးမြို့တွင်း လမ်းမီးမရှိသောနေရာများတွင် အမှောင်ကို အခွင့်ကောင်းယူကာ ဆိုင်ကယ်စီးအမျိုးသမီးများထံမှ ပိုက်ဆံအိတ်လုယက်မှုများ၊ လမ်းလျှောက်လာသူများထံမှ လုယက်မှုများရှိလာသဖြင့် လုံခြုံရေးအထောက်အကူပြုစေရန်မြို့တွင်းလမ်းများအား LED လမ်းမီးများ တပ်ဆင်ခြင်းဖြစ်ပြီး လမ်းမီးများတပ်ဆင်ခြင်းဖြင့် ညပိုင်းယာဉ်အန္တရာယ်ကင်းရှင်းစေကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

# တောင်တွင်းကြီးတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**တောင်တွင်းကြီး အောက်တိုဘာ ၁၆**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအဖြစ် ကျေးရွာတစ်ရွာလျှင် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ရွာသစ်၊ အင်းရွာကြီး၊ အုန်းနဲတန်း၊ ဂျုတ်ကုန်း၊ အင်ကြင်းသာ၊ ရေဝေ၊ ဒိုးတန်း၊ ကွင်းသာ၊ ပရပ်ကြယ်၊ ရှမ်းကိုင်းကျေးရွာတို့၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၅ ရက် နံနက် ၈ နာရီက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့များခွဲ၍ ကျေးရွာများအရောက် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ယင်းသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်း၊ ဒုတိယဦးစီးမှူး ဦးခင်မောင်လေးနှင့် တာဝန်ရှိသူများက အင်းရွာကြီး၊ အုန်နဲတန်း၊ ဂျုတ်ကုန်း၊ ရှမ်းကိုင်းကျေးရွာများသို့ရောက်ရှိပြီး ကျေးလက်ပြည်သူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများအကြောင်း သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။ **(၅၈၀)**

# စိုက်ပျိုးရေး၊ သဘာဝဓာတ်မြေဩဇာထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်လှစ်

**ဒီးမော့ဆို အောက်တိုဘာ ၁၆**

ကျေးရွာများသို့ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ခူးပရားကျေးရွာခန်းမဆောင်၌ စိုက်ပျိုးရေး သဘာဝဓာတ်မြေဩဇာထုတ်လုပ်မှု နည်းပညာသင်တန်း (၉/၂၀၁၅) ကို အောက်တိုဘာ ၁၄ ရက် နံနက် ၁၁ နာရီက ဖွင့်လှစ်ပေးကြောင်း သိရသည်။

သင်တန်းတွင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးခင်မောင်ဦးက ဝေးလံသောဒေသများတွင် ဆန်စပါးစိုက်ပျိုးရေး မိရိုးဖလာစိုက်ပျိုးနည်းများကိုသာ စိုက်ပျိုးကြပြီး ဆန်စပါးအထွက်နည်းကြောင်း၊ ယခု သိပ္ပံနည်းကျ စိုက်ပျိုးနိုင်ရန်အတွက် နည်းပညာများ ဖြန့်ဝေပေးလျက်ရှိရာ စိတ်ပါဝင်စားစွာ လေ့လာမှတ်တမ်းထားရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဆော်ရယ်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး အဆိုပါသင်တန်းကို အောက်တိုဘာ ၁၄ ရက်မှ ၂၁ ရက်ထိ ဖွင့်လှစ်မည်ဖြစ်ကာ သင်တန်းသား ၃၀ တက်ရောက်ကြောင်း သိရသည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပခုက္ကူမြို့နယ်အတွင်း မှုခင်းကျဆင်းရေး ပြည်သူများ ပူးပေါင်းပါဝင်ရန်လိုအပ်

**ပခုက္ကူ အောက်တိုဘာ ၁၆**

မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး လူလူသန်းသည် ပခုက္ကူမြို့နယ်အတွင်း မှုခင်းကျဆင်းရေးအတွက် အောက်တိုဘာ ၁၃ ရက် မွန်းလွဲ ၂ နာရီခွဲက ပခုက္ကူမြို့နယ်ရဲတပ်ဖွဲ့မှူးရုံး ရဲရိပ်သာခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက မှုခင်းဖြစ်ပွားမှုလျော့ကျစေရန် ရဲနှင့်ပြည်သူပူးပေါင်းပါဝင်ပေးရေး၊ ခရိုင်၊ မြို့နယ်အဆင့် လုံခြုံရေးစီမံချက် ရေးဆွဲဆောင်ရွက်ရေး၊ ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့များနှင့် ဒေသခံများ တစ်လတစ်ကြိမ်ခန့် တွေ့ဆုံညှိနှိုင်းဆောင်ရွက်ရေး ဆွေးနွေးခဲ့သည်။

ယင်းနောက် ပခုက္ကူခရိုင်ရဲတပ်ဖွဲ့မှူး၊ ပခုက္ကူမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌများ၊ ပခုက္ကူတက္ကသိုလ်မှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် လက်ရှိပူးပေါင်းဆောင်ရွက်နေမှုနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့က ရှေ့ဆက်လက်ဆောင်ရွက်ပေးသင့်သည်များ ဆွေးနွေးတင်ပြခဲ့ကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပွင့်ဖြူမြို့တွင် ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်

**ပွင့်ဖြူ အောက်တိုဘာ ၁၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ဒေါက်တာဒေါ်သီတာတင်ဝင်းနှင့် လက်ထောက်ဆရာဝန်များ၊ အခြေခံကျန်းမာရေးဝန်ထမ်းများမှ မြို့နယ်အတွင်းရှိ ကျေးရွာများသို့ ကွင်းဆင်း၍ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

အောက်တိုဘာ ၁၂ ရက်မှစ၍ ကျောင်းတော်ရာ ကျေးလက်ကျန်းမာရေးဌာန၊ ဖလံတောကျေးလက်ကျန်းမာရေးဌာနခွဲပိုင်ဖြစ်သော ဇီးကိုင်းကျေးရွာ၌ အထွေထွေလူနာ ၁၂၉ ဦးကို ဆေးကုသပေးခဲ့သည်။ **(သူရထွန်း)**

YCTC Business Institute
Earn A World Recognised MBA in Myanmar
ကမ္ဘာ့တက္ကသိုလ်ပေါင်း(၄၀)ကျော်မှ အသိအမှတ်ပြုသော
Management and Science University Malaysia မှ
ပညာရေးဆွေးနွေးပွဲ
Date : 25 Oct 2015 (Sunday)
Time : 10:00 am to 12:00 pm
Place : Sule Shangri-La (Pinya)
Speaker : Asst.Prof.Win Min Thein (Representative of MSU)
Flexible Installments ! www.msu.edu.my
December Intake
အမှတ်(၂၄)၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ် (Park Royal Hotel အနီး)
(09) 420 118 100, (09) 254 269 644 www.yctcinstitute.com, facebook : YCTC

MALIKHA
DIAGNOSTIC MEDICAL CENTRE
ရင်သားဓာတ်မှန် ရိုက်ကူးမည်ဆိုလျှင်
မလိခ Diagnostic Medical Centre Philips Fullfield Digital Mammography (Microdose System)
Microdose
result
Mammogram Standard View + Breast Ultrasound 35000 Kyats 31500 Kyats
မလိခ ရောဂါရှာဖွေရေးနှင့် အထူးကုဆေးခန်း
10% Discount November
Open Daily 8:00 AM to 8:00 PM
E-mail : malikha. healthcare@gmail. com, Ph: 01-2304758, 2304759, 2304760
Website: www.malikha.net, Facebook : Malikha Diagnostic Medical Centre

Home Wall Panel
(သစ်အစားသုံးအခန်းကာ)
ပစ္စည်းသစ် မိတ်ဆက် Promotion
2 ကျင်းဝယ်လျှင်
(Both Sides)
လက်ဆောင်
Side Table
* ပထမဦးဆုံး ဝယ်ယူသူ ၃၀ ဦး အထိသာ
ရန်ကုန် (အောင်ဆန်းကွင်း) မင်္ဂလာတောင်ညွန့်။ ဖုန်း - 09 730 84 840 , 09 730 84 841
ရန်ကုန် (သီရိရတနာ) မြောက်ဥက္ကလာပ။ ဖုန်း - 09 79 700 70 88,09 79 700 70 99
ရန်ကုန် (လေးထောင့်ကန်) သင်္ဃန်းကျွန်းမြို့နယ်။ ဖုန်း - 09 79 700 70 73 , 09 79 700 70 83
(မန္တလေး) ၈၂ လမ်း ( ၃၄ လမ်း နှင့် ၃၅ လမ်းကြား ) ဖုန်း - 09 3311 6626 , 09 3311 6636
( ပဲခူး ) တပင်ရွှေထီးလမ်း မဟာမြိုင်မှတ်တိုင်။ ဖုန်း- 09 79 700 70 75 , 09 79 700 70 85
(နေပြည်တော်) ကော်ဂျီလမ်း ၊ ပျဉ်းမနား။ ဖုန်း- 09 730 84 844 , 09 795900 146
(လက်ပမြိုင်) မြောင်ကုန်း အဝေးပြေးကားဝင်းအနီး။ ဖုန်း - 09 79 58 999 80 , 09 79 58 999 81
(တောင်ကြီး) ရွှေသူဌေးကုန်း။ ဖုန်း - 09 79 700 70 79 , 09 79 700 70 89
(ပုဂံ) ဗိုလ်ချုပ်လမ်း။ ဖုန်း -09 79 700 70 87 , 09 79 700 70 97

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သီရိရတနာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၂/သီရိရတနာ၊ မြေကွက်/ဦးပိုင်အမှတ်(၅၃)၊ ဧရိယာ(၀. ၄၄၇)ဧကရှိ ဒေါ်ကြူကြူအေး အမည်ပေါက် အငှားဂရန်မြေကွက်အား အမည် ဦးပြည့်ဖြိုးအောင်[၉/အမဇ(နိုင်)၀၂၀၇၇၈] အဖအမည် ဦးအိုက်ထွေးမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားစာချုပ်အမည်ပြောင်းလျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ (၁၅)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

ပြည်တွင်းရေးရာ

# မွန်ပြည်နယ်၌ Set-Top Box ရုပ်သံဖမ်းစက်များ ပေးအပ်လှူဒါန်း

**မော်လမြိုင် အောက်တိုဘာ ၁၆**

မွန်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ လူမှုအသိုက်အဝန်းနေရာများနှင့်လူနေမှုအဆင့်(E) ရှိသော အိမ်ထောင်စုများသို့ DVB-T2 Set-Top Box ရုပ်သံဖမ်းစက် များကို အောက်တိုဘာ ၁၄ ရက် နံနက် ၉ နာရီက မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး ဟသ်ာခန်းမတွင် ပေးအပ်လှူဒါန်းခဲ့သည်။

နိုင်ငံတော်သမ္မတကြီး၏ ပြည်သူဗဟိုပြုလမ်းစဉ်နှင့်အညီ ပြန်ကြားရေးဝန်ကြီးဌာနမှ ပြည်သူများအား ဝန်ဆောင်မှုပေးသောအားဖြင့် ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်က DVB-T2 Set -Top Box ၃၆၀၆ လုံးကို ပေးအပ်ကာ ဒေသအတွင်းရှိ လူမှုအဖွဲ့အစည်းများနှင့် တာဝန်ရှိသူများသို့ ပြန်လည်ပေးအပ်ခဲ့ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် ထပ်ဆင့်လွှင့်စက်ရုံတာဝန်ခံ ဦးခင်ဇော်က အဆိုပါစက်များ တပ်ဆင်အသုံးပြုပုံကို ရှင်းလင်းသရုပ်ပြသခဲ့သည်။

မွန်ပြည်နယ်အတွင်း ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ယခုပေးအပ်လှူဒါန်းခြင်းမှာ ဒုတိယအကြိမ် ဖြစ်ပြီး ပြီးခဲ့သည့်နှစ်က DVB-T2 Set -Top Box ၁၆၀၀၂လုံးကို ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တစ်နိုင်ငံလုံးအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် Set -Top Box ၃၂၇၈၆၃ လုံးကို ပေးအပ်လှူဒါန်းခဲ့ပြီး ယခု ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ Set -Top Box ၇၉၆၉၈ လုံးကို လှူဒါန်းပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ရေးမြို့နယ်တွင် လမ်းများကောင်းလာ၍ဆိုင်ကယ်ကယ်ရီဆွဲသူများအဆင်ပြေ

**ရေး အောက်တိုဘာ ၁၆**

မွန်ပြည်နယ် ရေးမြို့နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး လုံခြုံအဆင်ပြေချောမွေ့လာပြီဖြစ်၍ ဆိုင်ကယ်ကယ်ရီဆွဲသူ အများစုမှာ ယခင်ကထက် အစီးရေများလာပြီး ဝင်ငွေများ ပိုမိုရရှိကြကြောင်း ဆိုင်ကယ်ကယ်ရီလုပ်ငန်းလုပ်ကိုင်သူများက ပြောသည်။

ကယ်ရီဆွဲသည့် ချောင်းတောင်ကျေးရွာတွင်နေထိုင်သူတစ်ဦးက "အရင်တုန်းက ချောင်းတောင်ကျေးရွာဆိုတာဟာ ရေးမြို့ကိုသွားရာမှာ မြစ်ချောင်းကနေ ဖြတ်သန်းစီးဆင်းနေလို့ လှေသမ္ဗန်များနဲ့သာ စားဝတ်နေရေးအတွက် အားကိုးအားထားပြုနေရတယ်။

အခု ရေးမြစ်ကူးတံတားတစ်စင်း ပေါ်ပေါက်လာပြီးကတည်းက ကုန်းလမ်းခရီးကို မြန်မာ့မီးရထားနဲ့ ကားတွေ၊ အခြားယာဉ်တွေပါ ရာသီအချိန်အခါမရွေး သွားလာနိုင်ကြလို့ ကုန်းလမ်းခရီးတွေနဲ့ ပတ်သက်တဲ့အခြားဆက်စပ်လုပ်ငန်းများပါ ဖွံ့ဖြိုးအားကောင်းလာပါတယ်။ ခရီးသွားတွေကလည်း ဆိုင်ကယ်ကယ်ရီစီးနင်းသူများပြားလာပြီး ကယ်ရီဆွဲလုပ်ကိုင်ကြသူလည်းများပြားလာပါတယ်"ဟု ၎င်းကပြောသည်။

နွေရာသီကာလများတွင် ပိုမိုလုပ်ကိုင်ရပြီး မိုးတွင်းကာလပိုင်းများတွင် အလုပ်အနည်းငယ်အေး၍ တစ်နေ့လျှင် ပျမ်းမျှအားဖြင့် ဖောက်သည်များသည့်သူများက ကျပ်တစ်သောင်းအထက်မှာ ပုံမှန်ရကြပြီး ဖောက်သည်နည်းသူများက ဆွဲကောင်းသည့်နေ့များတွင် ကျပ်တစ်သောင်းဝန်းကျင် ရရှိကြသည်။

"ပုံမှန်တော့မရှိဘူး။ မဆွဲရတဲ့နေ့တွေဆို ကျပ် ၅၀၀၀ လောက်အထိ အနည်းဆုံးရကြပါတယ်"ဟု ဆိုင်ကယ်ကယ်ရီဆွဲသူတစ်ဦးက ပြောသည်။



ရေးမြို့နယ်သည် ယခင်ကထက် ဒေသအတွင်း လမ်းတံတားများမှာ အချိန်အခါမရွေး ဖြတ်သန်းသွားလာနိုင်ကြသည့်အပြင် ပြည်တွင်းခရီးသွားများလည်း အရင်ကထက် ပိုမိုလာရောက်ကြ၍ ခရီးသွားလုပ်ငန်းများမှာတွင် ကျယ်လာကြောင်းသိရသည်။ **ထွန်းထွန်း (ရေး)**

# မလှိုင်မြို့နယ်အတွင်းရှိ မိုးလယ်မြေပဲစိုက်ခင်းများ အောင်မြင်

**မလှိုင် အောက်တိုဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်အတွင်းရှိ ဒေသခံ တောင်သူများစိုက်ပျိုးထားသော မိုးလယ်မြေပဲစိုက်ခင်းများ မိုးရက်ခြား ရွာသွန်းပေးနေမှုကြောင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

မိုးမြေပဲကို ယခင်က ဇူလိုင်လတွင် အများဆုံးစိုက်ပျိုးလေ့ရှိသော်လည်း မိုးရွာသွန်းမှုနည်းပါးလွန်းသဖြင့် အထွက်နှုန်း ကျဆင်းခြင်းမှုကို တောင်သူများကြုံတွေ့ခဲ့ကြရသည်။

ထို့ကြောင့် မိုးရွာသွန်းမှု အကောင်းဆုံးနှင့် အစိုဓာတ်လုံလောက်စွာရရှိသော သြဂုတ်၊ စက်တင်ဘာနှင့် အောက်တိုဘာလများတွင် မိုးမြေပဲကို အဓိကထား သီးနှံပုံစံပြောင်းလဲ စိုက်ပျိုးလာခဲ့ကြသည်။

ယခုနှစ်တွင် မိုးရက်ခြား ရွာသွန်းခြင်းနှင့် မှန်တိုင်းမိုးရွာသွန်းခြင်းတို့ကြောင့် မြို့နယ်အတွင်းစိုက်ပျိုးထားသော သက်တမ်းတို ဆင်းပဒေသာ(၁၁) မျိုး မိုးလယ်မြေပဲစိုက်ခင်းများဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း သိရသည်။

မိုးဦးကာလတွင် နှမ်း၊ မြေပဲ၊ ပဲစင်းငုံ၊ ဝါ တို့ကို စိုက်ပျိုးခဲ့ကြပြီး နှမ်းစိုက်ခင်းများ ရိတ်သိမ်းအပြီးတွင်လည်း ပဲဒီစိမ်း၊ ပဲနောက်နှင့် မြေပဲကို ပဲစင်းငုံ စိုက်ခင်းများကြား၌ သီးညှပ်အနေဖြင့်လည်း စိုက်ပျိုးကြခဲ့သည့်အပြင် မြေပဲကို မိုးလယ်သီးနှံ အနေဖြင့်လည်း အဓိကထားစိုက်ပျိုးလာကြသည်။

မလှိုင်မြို့နယ်တွင် မြေပဲစိုက်ပျိုးရန် လျာထားဧက ၇၇၉၀ ဖြစ်သော်လည်း လျာထားချက်ကျော်လွန်ပြီး ဧက ၁၄၁၉၀ စိုက်ပျိုးနိုင်ခဲ့ကာ ယခုနှစ်တွင် ဖြည့်စွက်မိုးရေ လုံလုံလောက်လောက်ရရှိသဖြင့် မိုးဦးစိုက်ပျိုးခဲ့သော မြေပဲ၊ ပဲတီစိမ်းနှင့် ပဲနောက်သီးနှံများ ထွက်ရှိနေပြီး ပဲနောက်၊ ပဲတီစိမ်း တစ်တင်းလျှင်ကျပ် ၄၇၀၀၀၊ မျိုးမြေပဲ တစ်တင်းလျှင်ကျပ် ၁၄၀၀၀နှုန်း ပြန်လည်ရောင်းချနေရကြောင်း သိရသည်။ **အောင်ဌေး(မလှိုင်)**

# ကောလင်းမြို့၌မြို့သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**ကောလင်း အောက်တိုဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့ပေါ် ခြောက်ရပ်ကွက်တွင် အောက်တိုဘာ ၈ ရက်နှင့် ၉ ရက်များတို့တွင် မိုးသည်းထန်စွာရွာသွန်းသောကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွား ခဲ့ရာ ယခုအခါ ရေများပြန်လည်ကျဆင်းသွားပြီဖြစ်သည်။

မြို့ပေါ် ခြောက်ရပ်ကွက် သန့်ရှင်းရေးလုပ်ငန်းများအား မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်တင့်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။


မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့ပေါ်ရပ်ကွက်များရှိ ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးအတွက် ပိတ်ဆို့နေသော အမှိုက်သရိုက်များအား လိုက်လံရှင်းလင်းဖယ်ရှားပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ မြို့ပေါ်ရပ်ကွက်များရှိ ရေနစ်မြုပ်သွားသော ရေတွင်းများအား သန့်ရှင်းရေး ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ် ရေဘေးကယ်ဆယ်ထောက်ပံ့ရေးကော်မတီနှင့် စေတနာရှင်များက မြို့ပေါ် ခြောက်ရပ်ကွက်ရှိ အိမ်ထောင်စုများအား တစ်အိမ်ထောင်လျှင် ဆန်လေးပြည်နှုန်း အခမဲ့ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။ **အောင်ကျော်စိုး(ကောလင်း)**











Diabetasol®
Diabetes Nutrition Solution
'ဆီးချို သွေးချိုရှိသူများ၏ အာဟာရအတွက် အသင့်တော်ဆုံးရွေးချယ်မှု'
နိုင်ငံယာဘီတစော
Diabetasol® (၄)မျိုး ..
Zero Calorie Sweetener ..
Chocolate Flavour Nutrition Powder ..
Cappuccino Flavour Nutrition Powder ..
Vanilla Flavour Nutrition Powder ..
Clinically Proven
START 3C CONTROL DIABETES
Count
Classify
Comply
Vanilla Flavour
Zero Calorie Sweetener
Cappuccino Flavour
Chocolate Flavour
KALBE Customer Care 01-2399800
Monday-Friday (9am-5pm)
KALBE


NEO
MIXAGRIP
အအေးမိတုပ်ကွေး အတွက်ဆို
နီယို
မစ်ဆာဂရစ် ရဲ့
ကြက်တိဘာ
NEO MIXAGRIP
COLD CAPLET MIXAGRIP
NEO MIXAGRIP
KALBE


PRENAGEN
(ပရီနာဂင်)
သံဓာတ်ချို့တဲ့မှုကို
လျှော့ချပေးမည့် BioFe နှင့်
Folic Acid ကြွယ်ဝစွာပါဝင်သော ...
ကိုယ်ဝန်ဆောင်မိခင်နှင့်
နို့တိုက်မိခင်တို့အတွက်
ပြီးပြည့်စုံသောအာဟာရ
Biofe has higher absorption and bioavailability
4000
3000
2000
1000
0
3,5 Higher
BioFe
Ordinary Fe
PRENAGEN mommy
PRENAGEN lactamom
KALBE Customer Care 01-2399800
Monday-Friday (9am-5pm)
CLINICALLY PROVEN
မိခင်တို့ရဲ့ ဘဝခရီးလမ်းကို ထိန်းသိမ်းစောင့်ရှောက်ပေးမည့်
PRENAGEN (ပရီနာဂင်)
KALBE


NOW AVAILABLE IN MYANMAR
JAPAN QUALITY PRODUCT
NOW AVAILABLE IN MYANMAR
morinaga
(မောရီနာဂါး)
ဉာဏ်ရည်ဉာဏ်သွေးထိန်းသိမ်းစောင့်ရှောက်မှုနှင့် ကိုယ်ခံစွမ်းအားအတွက်
အကောင်းဆုံးရွေးချယ်မှု
chil-school
BRAIN CARE
BODY DEFENSE
KALBE Customer Care 01-2399800
Monday-Friday (9am-5pm)
1
2
3
4
KALBE


၅၀%
ငွေဖြည့်အပိုလက်ဆောင်ရယူလိုက်ပါ
သီတင်းကျွတ်မှာ ချစ်ခင်ရသူတွေနဲ့ ဆက်သွယ်လိုက်ပါ
ပြည်တွင်း အူရီဒူး ဖုန်းအချင်းချင်း ဖုန်းခေါ်ဆိုရန်၊ SMS ပို့ရန်နှင့် အင်တာနက်အသုံးပြုရန်အတွက် ၅၀% အပိုလက်ဆောင်ကို ၂၀၁၅ အောက်တိုဘာ ၁ ရက်နေ့မှ ၃၁ရက်နေ့ထိ ရယူနိုင်ပါပြီ။ အပိုလက်ဆောင်မှာ ၂၄နာရီအတွင်းသာ သက်တမ်းရှိပြီး မနက်၆နာရီမှ ညနေ၆နာရီ အတွင်းသာအသုံးပြုနိုင်ပါသည်။
ooredoo
စည်းမျဉ်းစည်းကမ်း အသေးစိတ်ကို www.ooredoo.com.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။


SWEETY HOME
PROMOTION DATE
10th to 31st Oct 2015
up to 20 % OFF
20th
Since 1995
ANNIVERSARY
ရွှေ နှစ်ဆယ် ကျပ်သား
ရရှိနိုင်မည့်အခွင့်အရေး နှင့်
ဆုမဲပေါင်းများစွာ
"ဆွိတီးဟုမ်း ကုမ္ပဏီ နှစ်(၂၀) ပြည့်အထိမ်းအမှတ်အနေဖြင့်"
ငွေကျပ်တစ်သိန်းနှင့် အထက် ဝယ်ယူသူတိုင်း ရွှေသားကံစမ်းမဲလက်မှတ် တစ်စောင် ရယူနိုင်ပါသည်။
အထူးဆု (၁၀)ကျပ်သား
ပထမဆု (၃)ကျပ်သား
ဒုတိယဆု (၂)ကျပ်သား
နှစ်သိမ့်ဆု(၅)ဆု (၁)ကျပ်သား
SOFA
SPRING MATTRESS
အညှော်နှုတ်စက်
ဂက်(စ်)မီးဖို
ဘက်စုံသုံးပေါင်းအိုး
စပရင်မွေ့ရာ၊ ရေမြှုပ်မွေ့ရာ၊ ပရိဘောဂ၊ မင်္ဂလာခန်းဝင်ပစ္စည်း အမျိုးမျိုးအပြင် ပြည်ပမှ တင်သွင်းသော
အိမ်ခန်းသုံး ပစ္စည်းအမျိုးမျိုး နှင့် မီးဖိုချောင်သုံး ပစ္စည်းအမျိုးမျိုးတို့အား
Sweety Home Living Mall များ နှင့် အမြို့မြို့အနယ်နယ်ရှိ Sweety Home အရောင်း
ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။
ကံစမ်းမဲဖွင့်ပွဲအား မန္တလေး Sweety Home Living Mall တွင် November 14 ရက်နေ့၌ ဖွင့်လှစ်ပေးသွားမည်ဖြစ်
ပြီး ကံထူးရှင် စာရင်းအား သတင်းစာ၊ ဂျာနယ် များတွင် ကြော်ငြာပေးသွားမည်ဖြစ်ပါသည်။
ရန်ကုန်- ၀၁ ၅၅၁ ၅၉၁၊ ၈၅၅၀ ၃၅၈။
မန္တလေး - ၀၂ ၆၅၉၃၈၊ ၀၉ ၉၇၇၉ ၁၉ ၇၇၇ ~ ၈၈၈။

## သီတဂူရွှေပြည်ဟိန်းစက္ခုဒါနဆေးရုံ(ရန်ကုန်) ၅၃-ကြိမ်မြောက်(နိုဝင်ဘာလ ၁၄၊ ၁၅)အလင်းဒါနပြုလုပ်ပါမည်။

သီတဂူဆရာတော်ကြီး၏ လမ်းညွှန်မှု၊ တပည့်ဖြစ်သူ ရွှေပြည်ဟိန်းဆရာတော် ဦးဆောင်မှု၊ မျက်စိအထူးကုပါမောက္ခ(ငြိမ်း) Dr. Mya Aung ကြီးကြပ်မှုနှင့် အထူးကုဆရာဝန်ကြီးများက လုပ်အားဒါနပြု၍ သီတဂူရွှေပြည်ဟိန်းစက္ခုဒါနဆေးရုံ၌ အောက်တိုဘာ(၁၀)ရက်၊ (၅၂)ကြိမ်မြောက်အထိ မျက်စိဝေဒနာရှင် (၃၁၀၀၀)ဦးတို့အား စစ်ဆေးကုသခြင်းနှင့် (၆၇၀၀)ဦးအား ခွဲစိတ်ကုသအလင်းဒါနပြုလုပ်ပြီးဖြစ်ပါသည်။ နိုဝင်ဘာလ (၁၄၊ ၁၅)ရက်များတွင် ဦးရေ (၆၈၃၀ ပြည့် ) (၅၃)ကြိမ်မြောက် အလင်းဒါနပေးလှူမည်ဖြစ်ရာ အောက်တိုဘာလ (၂၄)ရက် တစ်ရက်တည်းသာ နံနက်(၇)နာရီတွင် စာရင်းသွင်းလက်ခံမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း – ၁၆ ရပ်ကွက်၊ ပြည်သာယာ၊ ရန်ကင်း၊ [ကျိုက္ကဆံစုပါဝင်း၊ တာမွေလေးသံလမ်းအနီး] ဖုန်း ၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉

## သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ နိုဝင်ဘာလ၊ ၁၄-၁၅၊ (၅၃)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်

အောက်တိုဘာလ(၁၀)ရက် (၅၂)ကြိမ်အထိ မျက်စိဝေဒနာရှင် ဦးရေ(၆၇၀၀)ပြည့် အလင်းဒါနပြုလုပ်ပြီးဖြစ်ပါသည်။ နိုဝင်ဘာလ (၁၄၊ ၁၅)ရက်တွင် ၅၃-ကြိမ်မြောက် မျက်စိခွဲစိတ် အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင်(၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀၀/-ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန – သီတဂူ ရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ ရွှေပြည်ဟိန်းကျောင်း ပြည်သာယာ၊ ရန်ကင်း။ (ကျိုက္ကဆံစုပါဝင်း။ တာမွေလေး။ သံလမ်းအနီး) ဖုန်း- ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉
ရွှေလုံတိုင်ကမ္ဘောဇဘဏ် အငှားစာရင်းနံပါတ် (AccountNo.00750100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

# STRATEGY FIRST INSTITUTE


စီမံခန့်ခွဲမှုဘာသာရပ်များကို ဖြိုင့်လေ့လာလိုသူများနှင့် MBA တက်ရန် ပြင်ဆင်နေသူများအတွက်


ICM

Single Subject Diploma in
**Business Management & Administration**

22 weeks | Every Monday | 6:00 pm to 8:30 pm
Lecturer - Daw Aye Aye Win
အောက်တိုဘာလ (၂၆) ရက်နေ့တွင် စတင်မည်။

#8, Ground Floor, Panchan Tower, Myaynigone, Sanchaung Township, Yangon.
သတိပြုရန် - ဆေးလိပ်၊ အရက်၊ ဘီယာလုပ်ငန်းများ၊ အချို့ MLM လုပ်ငန်းများနှင့် ၎င်းတို့၏ဝန်ထမ်းများကို ဝန်ဆောင်မှုမပေးပါ။

**CALL NOW: (09) 250 7171 66 ~ 68**



HEC ULg
Management School - University of Liege

## Advance Your Career with the WORLD'S TOP RANKED UNIVERSITY

# EXECUTIVE MASTER of Advanced Management (EMAM)

STARS RATED FOR EXCELLENCE 2015

အရည်အသွေးမြင့်မား၍ ထူးချွန်ထက်မြက်သော **Manager** ကောင်းတစ်ယောက်အဖြစ်
သင့်လုပ်ငန်းခွင်အတွင်း ဂုဏ်ယူစွာ ရပ်တည်နိုင်ရန် -
**Belgium** နိုင်ငံ **4 Stars** အဆင့်ရှိ **University of Liege** မှ တိုက်ရိုက်ချီးမြှင့်ပေးအပ်သည်။
ကမ္ဘာ့ **Ranking** အမြင့်မားဆုံး **University** များတွင်ပါဝင်ပြီး ဘာသာရပ်အားလုံးကို
**European Foundation for Management Development (EFMD)** မှ
တရားဝင် အသိအမှတ်ပြုပေးထားသည်။

**Scholarship** ကျပ် သိန်း ၃၀
**November Intake!**

**Can Be Completed in 6 Months**



HEC ULg Management School - University of Liege
**European Institute of Management**
An Institution of Robinson Business School

EFMD EPAS · Conférence des GRANDES ECOLES

Like us on Robinson Business School
Look us on www.rbsmm.com
Contact us: 09 43196211, 09 420053536

City Campus 206-E, Level-1, La Pyayt Wun Plaza, Alan Pya Pagoda Rd, Dagon Tsp, YGN

---

**ရွှေနဂါး**
ကျိုက်ထီးရိုး(နေ့စဉ်)
ရောင်းသာ (နေ့စဉ်)
ကားခေသီးသန့်/ဝရိုက်ပြင်
Ph: 209077, 209388

---

ဟိုက်ဒြောလစ်/လေဗီအား
ကွန်ကရစ်အုတ် ရိုက်စက်
ခေတ်မီပြေအုတ်ရိုက်စက်ရပြီ။
PH:09 731 99 410
09 420035882, 73199257

---

Int'l Preschool Teacher
Requires: Experience
(ECCD Licence)
Must Speak English
Submit CV(Resume)
email: cdiskim@gmail.com

---

## ပညာရေးဝန်ကြီးဌာန
## အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်
## National Management College (NMC)

**Diploma in BUSINESS MANAGEMENT** နှင့် **Diploma in FINANCE & BANKING**
### အမှတ်စဉ် (၅) သင်တန်းသားများ လျှောက်လွှာခေါ်ယူခြင်း

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် နှင့် **STI Myanmar University** တို့ ပူးပေါင်း၍ အောက်ဖော်ပြပါ ဒီပလိုမာသင်တန်း အမှတ်စဉ် (၅)ကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

(က) **Diploma in Business Management (DBM)**
(ခ) **Diploma in Finance and Banking (DFB)**

၁။ အောက်ပါအရည်အချင်းတစ်ခုခုနှင့် ပြည့်စုံသူများတက်ရောက်နိုင်ပါသည်။
(က) တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး **CBM** နှင့် **CFS** အောင်မြင်ထားသူများ
(ခ) စီးပွားရေးစီမံခန့်ခွဲမှုနှင့်သက်ဆိုင်သော ဘွဲ့/ဒီပလိုမာ ရရှိပြီးသူများ
(ဂ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိပြီး စီမံခန့်ခွဲမှုနှင့်သက်ဆိုင်သော အောင်လက်မှတ်ရရှိပြီးသူများ
၂။ သင်တန်းကာလ (၁)နှစ် ကြာမြင့်ပြီး အောက်တိုဘာလ (၁၇)ရက်နေ့တွင် စတင်ဖွင့်လှစ်ပါမည်။
၃။ သင်တန်းအောင်မြင်ပြီးသူများသည် Advanced Diploma သင်တန်းမှတစ်ဆင့် The Open University of Hong Kong ၏ **Bachelor of Business Administration (Finance and Banking/Management) BBA** ဘွဲ့သင်တန်းသို့ ဆက်လက်တက်ရောက်နိုင်ပါသည်။ Advanced Diploma ၏ သင်တန်းကာလမှာ (၁)နှစ်ဖြစ်ပြီး **BBA** နောက်ဆုံးနှစ်၏ သင်တန်းကာလမှာ (၁)နှစ် ကြာမြင့်ပါမည်။
၄။ ပညာအရည်အချင်းအထောက်အထား (မူရင်းနှင့်မိတ္တူ) ၂စုံ၊ နိုင်ငံသားစိစစ်ရေးကဒ်ပြား (မူရင်းနှင့်မိတ္တူ) ၂စုံ၊ လိုင်စင်ဓါတ်ပုံ (၃)ပုံ တင်ပြရမည်။

**(လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။)**

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်၊ **STI Myanmar University**
ကုန်သည်လမ်း (၅၃-၅၄ လမ်းကြား)၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးအနီး၊ ဗိုလ်တထောင်မြို့နယ်
ဖုန်း - ၃၇၇၉၈၈၊ ၀၁၀၃၄၅၀၄၇၅၊ ၅၀၇၁၅၁/၅၂၊ ၅၀၇၀၄၈၊ ၀၉၄၂၀၈၃၁၅၅၊
၀၉၄၂၀၂၅၄၈၇၂၊ ၀၉၄၂၀၁၃၁၇၃၀

# ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၅ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ(၂)တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများဖြစ်ကြသည့် ကရင်အမျိုးသားအစည်းအရုံး(KNU)၊ ဒီမိုကရေစီအကျိုးပြုကရင်အမျိုးသားတပ်မတော်(DKBA)၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်ငြိမ်းချမ်းရေးကောင်စီ(KNU/KNLA-PC)၊ ချင်းအမျိုးသားတပ်ဦး(CNF)၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့(PNLO)၊ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး(ABSDF)၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ ရှမ်းပြည်တပ်မတော်(တောင်ပိုင်း)(RCSS/SSA-S)တို့သည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်အား လက်မှတ်ရေးထိုးခဲ့ကြပါသည်။

ဤစာချုပ်ကြီး လက်မှတ်ရေးထိုးနိုင်ရေးအတွက် စိတ်ရင်းစေတနာမှန်ဖြင့် ဦးဆောင်ကြိုးပမ်းခဲ့သော နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်နှင့် အစိုးရအဖွဲ့၊ လွှတ်တော်၊ တပ်မတော်၊ ပါဝင်လက်မှတ်ရေးထိုးကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်ကြီးများနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် အင်တိုက်အားတိုက်၊ မလျှော့သောဇွဲလုံ့လတို့ဖြင့် ပါဝင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်အသီးသီးတို့အား လွယ်ဟိန်းကုမ္ပဏီလီမိတက်မှ လှိုက်လှဲဝမ်းမြောက်စွာ ဂုဏ်ပြုလိုက်ရပါကြောင်း ကြေညာအပ်ပါသည်။

**လွယ်ဟိန်းကုမ္ပဏီလီမိတက်**

**GOLDEN STAR** Travels & Tours
❖ မန္တလေး–ပြင်ဦးလွင်ခရီးစဉ် Oct-23,27
❖ ပုဂံ(ရွှယ်တော်လေးဆူ)–ပုပ္ပါး–ပခုက္ကူ Oct-23,27
❖ တောင်ကြီး–အင်းလေး(ဖောင်တော်ဦးဘုရားပွဲ) Oct-23,27
ကုမ္ပဏီ၊ အသင်းအဖွဲ့များအတွက် စိတ်ကြိုက်ခရီးစဉ်များကိုအထူးနှုန်းဖြင့် စီစဉ်ပေးသည်။
Ph:01-703448, 209200, 544383, 09-5081580

**သီတင်းကျွတ်အထူး ဝိပဿနာပညာ မိတ်ဆက်သင်တန်း ဖိတ်ကြားလွှာ**
တရားနိုင်သော မဝင်နိုင်သူများအတွက် မိဘဖစာကပြွယဝန်ထမ်းဆောင်ရင်း စီးပွားရေးလုပ်ကိုင်ရင်း မိမိအိမ်တွင် တရားအားထုတ်နိုင်ရန် ရှုပ်၊ နာမ်၊ ကံ၊ ဝဋ်သုံးပါး၊ သတိပဋ္ဌာန်လေးပါး၊ သစ္စာလေးပါး မဂ္ဂင်ရှစ်ပါးနှင့် ဝိပဿနာအကြောင်းတို့ကို **ဆရာဦးမျိုးမြင့်ထွန်း** က မွေးဒိန (ဘရောက်သင်တန်း) သင်ကြားပို့ချပေးမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ပါသည်။
**သီတင်းကျွတ်အခါသမယတွင် မိမိတို့ ချစ်ခင်လေးစားတန်ဖိုးထားရသော မိဘ၊ ဘိုးဘွားများနှင့် ဆရာသမားများကို ဝိပဿနာသင်တန်းဖြင့် ပူဇော်ကန်တော့ကြပါစို့။**
နေ့ရက် - ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၁၇)ရက် မှ အောက်တိုဘာလ (၂၆)ရက်နေ့
အချိန် - ညနေ (၆း၀၀) နာရီ မှ ည (၈း၃၀) နာရီ (နာရီဝက်နားချိန်ပေးသည်)
နေရာ - ဗဟိုင်း မန်းရိုမိစ္ဆူကျွင်အိုင်ကိတံ (Junction 8 Super Market) မွေးမရမ်းကုန်းမြို့နယ်
ဆက်သွယ်ရန်ဖုန်း - ကိုမျိုးနိုင် –၀၉–၅၀၀၃၀၇၅၊ ကိုအောင်တင်ထွန်း – ၀၉–၅၁၀၀၄၁၁၊ ကိုကျော်နိုင် – ၀၉–၄၃၁၀၈၃၁၃၊ ကိုဇော်မိုးမြင့်–၀၉–၅၁၈၅၂၄၇

**FORWARD** (YGN) RENT A CAR
မန္တလေး ၊ ဒီးဒုတ်ရေပြာဆိုင် ဝှတ်ထိပ်တံတား ၊ ပြင်ဦးလွင် (၃ ည ၄ ရက်)
30.10.2015 ညထွက်ပါမည်။
135000
Ph : 09259259180 , 09259259182 , 095089800

**မိခင်** မြစ်ကြီးနားမြို့၊ အထက(၃)၊ ဒသမတန်း(B7)မှ မဟန်မားဝတီ၏ မိခင် **အမည်မှန်** အမည်မှန်မှာ ဒေါ်မိုင်နာဒေဗီ[၉/မမန(နိုင်)၀၄၀၉၂၄]ဖြစ်ပါသည်။

PRO1 HOME CENTER
"One Place, Get All"
သီတင်းကျွတ် "အိမ်ဆောက်ပစ္စည်း Brands ပေါင်းများစွာပူးပေါင်းပါဝင်သော" အထူး Promotion ပွဲတော်
Promotion Period » October-15 to November-15
Special Discount 5% to 30% off




**Yangon Branch**
No.76, Lanthit Street, Near Arlein Ngar Sint Pagoda, Insein Township, Yangon.
Ph: 01-9640100, 9640110, 647730, 644832, 09-5158077, 09-36001188

**Mandalay Branch**
Ma-8/6, Theik Pan Road, Between 62st & 63st, Chan Mya Tharsi Township, Mandalay.
Ph: 02-24134, 23417, 23972, 23775, 62731, 09-250894668, 09-250894669

SR SMART RESOURCES WORLDWIDE EDUCATION
IGCSE, GCE O, GCE A နှင့် တက္ကသိုလ်ဝင်တန်း အောင်မြင်ထားသူများအတွက် UK, USA, Australia, Singapore နိုင်ငံများရှိ တက္ကသိုလ်များသို့ တိုက်ရိုက်ကျောင်းဝင်ခွင့်နှင့် Scholarship များလျှောက်ထားခွင့် ဆွေးနွေးပွဲ



ဆွေးနွေးပွဲအစီအစဉ်
နေ့ရက် - ၁၈.၁၀.၂၀၁၅ (တနင်္ဂနွေနေ့)
အချိန် - မွန်းလွဲ ၁နာရီမှ ၄နာရီအထိ
နေရာ - Novotel Hotel (Eureka ခန်းမ)

အထူးအစီအစဉ် Career လမ်းကြောင်းများ ရွေးချယ်ပြင်ဆင်ရန် လိုအပ်သည်များကို ဆွေးနွေးပေးမည်။

အသေးစိတ်စုံစမ်းမေးမြန်းရန်: 09 26508 1112/3/4/5,01 210765, 09 5428848, 09 543 8848, 09 514 8848 သို့ဆက်သွယ် မေးမြန်းနိုင်ပါသည်။

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် – ၀၉၀၁ Y – ၁၁၆၀
TMR 007702 (1014)
TMR 011172 (1114)



မိဂသီ အမှတ်တံဆိပ်
မိဂသီဆေးတိုက်မှ ထုတ်လုပ်သော
★ မိဂသီ အကြောပြေလိမ်းဆေး
★ မိဂသီ အကြောပြေဆေးပြား
★ မိဂသီ သွက်ချာပါဒလေငန်းလိမ်းဆေးအဆီ
★ ကြယ်စင် ချောင်းဆိုးပျောက်ဆေးရည်
အမြို့မြို့ အနယ်နယ်ရှိ ဆေးဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါပြီ ။
အမှတ် (၁၀၄)၊ သုမင်္ဂလာလမ်း၊ (၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၁ ၅၇၂၈၉၇၊ ၀၉ ၅၀၀ ၁၁၃၇၊ ၀၉–၂၅၃၃၈ ၃၃၈၈

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ကျင်စိန်(သနပ်ပင်)**

**အသက်(၁၀၃)နှစ်**

ဒေါ်စမ်းစမ်းအေး (၁၉၈၀-ဥပဒေ)၏မိခင် ဒေါ်ကျင်စိန်(၁၀၃)နှစ်သည် ၁၁-၁၀-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဥပဒေဘွဲ့ရသူများအသင်း**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဦးဖိုးတင်(ခ)ဦးရောင်နီ**

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ ဦးအုန်းမြင့်(MD Civil Tech Co.,Ltd)၏ ဖခင်ကြီး ဦးဖိုးတင်(ခ)ဦးရောင်နီသည် ၁၃-၁၀-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**၁၉၈၇ခုနှစ်၊ ၁၉၉၁ခုနှစ် ဘွဲ့ရအင်ဂျင်နီယာနှင့်ဗိသုကာများ**
**ရန်ကုန်စက်မှုတက္ကသိုလ်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးရဲထွန်း(ဥက္ကဋ္ဌ၊ သံတမန်ရေးရာကျွမ်းကျင်မှုသင်တန်းဆင်းများအသင်း)-ဒေါ်မို့မို့ အေးကျော်(MD-Ko MYANMAR Co.,Ltd)တို့၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်ညွန့်ညွန့် (ပုသိမ်) အသက်(၈၁)နှစ်သည် ၁၁-၁၀-၂၀၁၅ (တနင်္ဂနွေနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့်မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးထွဋ်မြတ်ထူးသူ-ဒေါ်မြတ်မြတ်ချစ်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

မြန်မာ့ဘောလုံးအားကစားတိုးတက်ဖွံ့ဖြိုးရေးကို အထောက်အကူပြုသည့် အားကစားစာပေ များကို နှစ်ပေါင်းများစွာ ရေးသားခဲ့သော ဝါရင့်အားကစား ကလောင်ရှင် ဆရာကိုကိုလတ်(ဦးတင်မောင်လတ်)(၅၇)နှစ်သည် ၁၃-၁၀-၂၀၁၅ရက်တွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်ထပ်တူထပ်မျှ အထူး ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဥက္ကဋ္ဌဦးဇော်ဇော်နှင့်အမှုဆောင်အဖွဲ့ဝင်များ**
**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

စိတ်ထားအလွန်ကောင်းပြီး လူတိုင်းက ချစ်ခင်လေးစားရသည့် ကျွန်တော့်အစ်ကို အရင်းတစ်ယောက်လိုချစ်ခင်ရသောကိုလတ်ကြီး(ဦးတင်မောင်လတ်@ဝါရင့်အား ကစားကလောင်ရှင်ဆရာကိုကိုလတ်)(၅၇)နှစ်သည် ၁၃-၁၀-၂၀၁၅ ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်ထပ်တူ ထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးစိုးမိုးကျော်(စိုးမိုး-IBC)နှင့်ဒေါ်ညိုညိုစမ်း**
**သားသားဘက်ခမ်း(ခ)မောင်ဘုန်းမြတ်ပိုင်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံအားကစားကလောင်ရှင်များအဖွဲ့ချုပ် အဖွဲ့ဝင် ဝါရင့်အားကစား ကလောင်ရှင် ဆရာကိုကိုလတ်(ဦးတင်မောင်လတ်)(၅၇)နှစ်သည် ၁၃-၁၀-၂၀၁၅ ရက် နံနက်၆နာရီတွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့် ထပ်တူထပ်မျှ အထူး ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်အဖွဲ့ဝင်များ**
**မြန်မာနိုင်ငံအားကစားကလောင်ရှင်များအဖွဲ့ချုပ်**

---

## လွမ်းဆွတ်သတိရအမျှပေးဝေခြင်း

| | |
|---|---|
| ခင်ပွန်း ဦးမင်းလွင် | (၁၀)နှစ်ပြည့် |
| အဖေကြီး ဗိုလ်မှူးသောင်းရွှေ(လေ-ငြိမ်း) | (၂၄)နှစ်ပြည့် |
| ဖေဖေဦးကိုလေး | (၄၃)နှစ်ပြည့် |

တို့အတွက် ရည်စူး၍ လစဉ်နှစ်စဉ် ပြုသမျှ ကုသိုလ်အစုစုတို့နှင့်တကွ ယနေ့ ၁၇-၁၀-၂၀၁၅ ရက်တွင် ပြုလုပ်သော အလှူအစုစုတို့အတွက် ဆွမ်းကပ်အမျှပေးဝေပါသည်။ မြင့်မြတ်သော ဘုံဘဝမှ သာဓုအနုမောဒနာခေါ် ယူနိုင်ပါစေ။

**ဒေါ်ခင်ခင်စိန်**

---

## (၇)နှစ်ပြည့်ရည်စူးကုသိုလ်

## ဒေါ်ခင်နိုင်(ဝါးခယ်မ)

မေမေနိုင်---ဘဝအမော လွန်ထူပြောလည်း မြတ်သောမာတာ မမေ့ပါခဲ့ (၇)နှစ်တာကြာခဲ့ပြီ။ သံသာဝဋ်ရဲ့ထဲ ဒုက္ခဝဲမှ အမြဲလွတ်ရေး မျှော်တွေးထောက်ရှု ကောင်းမှုပြုသည် (သာဓု)[?] ခေါ်နိုင်စေ---ဒို့မေမေ။

**ဦးအောင်သန်း မိသားစု**

---

## (၄)နှစ်ပြည့်အလွမ်း

## မိချော(အလှမယ်)

**၁၇၀၊ (၄၅)လမ်း၊ ဗိုလ်တထောင်မြို့နယ်**

မိသားစုအားနှုတ်မဆက်ဘဲ ထာဝရ မပြန်လမ်းသို့ ရုတ်တရက် ထွက်ခွာသွားရှာသော ညီမငယ်လေး မိချော(အလှမယ်)(ခ)ခင်အေးအေးအောင် အားတစ်နေ့မှမမေ့မရဘဲ အချိန်တိုင်း သတိရနေတဲ့--

**မစယ်၊ မိုး၊ ဝင်း၊ ကံ၊ ဇော်၊ ရွှေရောင်**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးတင်ရှိန် (၇၂)နှစ်

(ဦးစိန်ထွန်း-ဒေါ်ခင်ကြည်)တို့၏သား၊ ရေနံချောင်းမြို့နေ (ဦးသံချောင်း-ဒေါ်မိ)တို့၏ သားသမက်၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ဆယ်မိုင်၊ ပဒေသာအုပ်စု(၄)၊ အမှတ်(၆၄၉)၊ ရာဇသင်္ကြန်လမ်းနေ ဒေါ်ခင်ဝင်း၏ချစ်လှစွာသော ခင်ပွန်း၊ (ဦးမြငြိမ်း)-ဒေါ်စန်းမြင့်၊ ဦးအောင်သန်း-ဒေါ်နွဲ့နွဲ့အေး၊ ဦးကျော်မြင့်-ဒေါ်တင်တင်ထွေး၊ (ဦးသန်းစိုး)တို့၏အစ်ကိုကြီး၊ ကိုကျော်သန်းဦး-မစန်းစန်းမြ၊ (ကိုစိုးပိုင်)-မမြင့်မူ၊ မခင်ဖြူအေး(ခ)မတူး၊ မောင်တင်ထွန်း-မသီတာထွေး၊ (မောင်စိန်ဝင်း)-မကြူကြူမာ၊ ကိုဇင်မင်း-မရွှေဇင်၊ မောင်မိုးဟိန်းတို့၏ချစ်လှစွာသော ဖခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၅-၁၀-၂၀၁၅(ကြာသပတေးနေ့) မွန်းလွဲ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၀-၂၀၁၅(စနေနေ့) မွန်းလွဲ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက်၁၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၁၀-၂၀၁၅ (ဗုဒ္ဓဟူးနေ့) နံနက်၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အင်းစိန်မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်ကျင်စိန်(သနပ်ပင်)**

**အသက်(၁၀၃)နှစ်**

ဦးစိုးကြင်(ဗဟိုအလုပ်အမှုဆောင်၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည် များအသင်း)-ဒေါ်ခင်မမတို့၏မိခင် ဒေါ်ကျင်စိန်(သနပ်ပင်)သည် ၁၁-၁၀-၂၀၁၅(တနင်္ဂနွေနေ့) မွန်းလွဲ၁း၄၇ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစနှင့်အတူ ထပ်ပူတထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးလှထွန်း(ငြိမ်း)**

**အသက်(၈၅)နှစ်**

**ကြည်း/၁၀၈၁၆၊ ဗိုလ်သင်တန်းအမှတ်စဉ်(၃၄)**

ဗိုလ်မှူးဝင်းဆွေ(ငြိမ်း) (တေဇ-၉)-ဒေါ်မြင့်မြင့်ကြည်စိုးတို့၏ဖခင် ဗိုလ်မှူးလှထွန်း(ငြိမ်း)သည် ၁၄-၁၀-၂၀၁၅ရက်တွင် ဗဟိုရိစ္စည်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**တေဇ-၉မှ သူငယ်ချင်းများနှင့် မိသားစုဝင်များ**

---

## ဝမ်းနည်းကြေကွဲခြင်း

**ရဲအုပ်စိန်ဝင်း(ငြိမ်း)**

**အသက်(၇၈)နှစ်**

**မြန်မာနိုင်ငံမူးယစ်တားဆီးနှိမ်နင်းရေးတပ်ဖွဲ့၊ ရန်ကုန်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၆)ရပ်ကွက်၊ ရဲရန်အောင်လမ်း၊ (၂၁၆)နေ သူငယ်ချင်း ရဲအုပ်စိန်ဝင်း(ငြိမ်း)သည် ၁၄-၁၀-၂၀၁၅(ဗုဒ္ဓဟူးနေ့)တွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်း ကြေကွဲရပါသည်။

**နယ်ဖြစ် ဒုရဲအုပ်လောင်း (၉/၈၄)**
**သင်တန်းဆင်းသူငယ်ချင်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးမြင့်ဆွေ(ဦးဉာဏ်နီ)ညောင်ဦးမြို့**

**အသက်(၆၉)နှစ်**

သူငယ်ချင်းဦးမြင့်ဆွေ(ဦးဉာဏ်နီ)သည် ၁၃-၁၀-၂၀၁၅ရက် ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားခြင်းအတွက် အထူးဝမ်းနည်းကြေကွဲရှမြောတ သပါကြောင်းနှင့်ကောင်းရာသုကတိတို့ရောက်ပါစေကြောင်း ဆုတောင်း မေတ္တာပို့သအပ်ပါသည်။

**၁၉၇၃ခုနှစ်သစ်တောသိပ္ပံကျောင်းဆင်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်သင်းသင်းမူ**

**အသက်(၅၈)နှစ်**

**ပါမောက္ခ၊ ဌာနမှူး(အင်္ဂလိပ်စာဌာန)၊ ပုသိမ်တက္ကသိုလ်**

ပြွန်တန်ဆာမြို့နေ (ဦးသိန်းမြင့်-ဒေါ်ပြုံးကြည်)တို့၏သမီး၊ အမှတ် (၃၅၆/၇)၊ သခင်ဖိုးလှကြီးလမ်း၊ (၂/ခ)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်နေ ဒေါ်သင်းသင်းမူသည် ၁၄-၁၀-၂၀၁၅ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**(ပါမောက္ခချုပ်နှင့် ပုသိမ်တက္ကသိုလ်မိသားစု)**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်သင်းသင်းမူ**

**အသက်(၅၈)နှစ်**

**ပါမောက္ခ၊ ဌာနမှူး(အင်္ဂလိပ်စာဌာန)၊ ပုသိမ်တက္ကသိုလ်**

ဆရာမဒေါ်သင်းသင်းမူ(ပုသိမ်တက္ကသိုလ်)သည် ၁၄-၁၀-၂၀၁၅(ဗုဒ္ဓဟူး နေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစု၊ ပြည်နယ်၊ တိုင်း၊ ဒေသအသီးသီးမှ ဆရာမကိုချစ်ခင်လေးစားကြသည့် တပည့်၊ သားသမီးများ နှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**(ဒဂုံတက္ကသိုလ် အင်္ဂလိပ်စာကျောင်းသားဟောင်းများ)**

---

## နှစ်လပြည့်အလွမ်း

## ဦးစောအောင် (အင်္ဂလိပ်စာဆရာကြီး)

မမျှော်လင့်ဘဲ ခွဲခွာသွားသည်မှာ ၁၆-၁၀-၂၀၁၅ ရက်တွင် (၂) လပြည့်သွားပြီ ချစ်ခင်ပွန်းကိုစောအောင်ရေ၊ ယနေ့အထိရင်နှင့်အမျှမေ့မရပါ။ (၁၁) နှစ်တာကာလတစ်ဘဝ လုံး၏ လမ်းပြကြယ် ချစ်ခင်ပွန်းကို (၂) လမက အသက်ရှူရပ်သည်အထိ ရင်နှင့်အမျှ တမ်းတသတိရလျက် ရှင်သန်နေထိုင်သွားမှာပါ။ ၁၆-၈-၂၀၁၅ (တနင်္ဂနွေနေ့)မှသည် ယနေ့အထိ နေ့စဉ် ရက်ဆက်ပြုပြု သမျှ ကုသလကို ထပ်တူရပါစေကြောင်း ဖေကြီးရေ အမျှ. . . အမျှ. . . အမျှ၊

| | |
|---|---|
| **ချစ်ဇနီး** | **ဒေါ်ထွေးထွေး (၂၁)၊ ရှမ်းကုန်းလမ်း၊ (၇) လွှာ-ဘီ** |
| **ချစ်သားများ** | **မောင်စောမင်းသူ၊ မောင်ကျော်မင်းဟိန်း** |

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တ မုနိဇေမလ္လာက

## သိက္ခာတော်(၅၁)ဝါ၊ သက်တော်(၇၁)နှစ်

ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင်၊ မြောက်ဦးမြို့၊ စန္ဒမုနိဘုရားကြီးကျောင်း တိုက်ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တမုနိဇေမလ္လာက(သာသနဇဇ ဓမ္မာစရိယ၊ အဘိဓမ္မဓရ (International Institute of AB Hishamma ) ရခိုင်ပြည်နယ်၊ သံဃနာယကအဖွဲ့ဥက္ကဋ္ဌ (မဟာဒွါရ) ဆရာတော်ကြီးသည် (၁၃၇၇ခု၊ တော်သလင်းလပြည့်ကျော်၁၃ရက်)၊ ၁၁-၁၀-၂၀၁၅ (တနင်္ဂနွေနေ့) ည ၉း၅၆နာရီတွင် ဘဝနတ်ထံပျံ လွန်တော်မူသွားပါသဖြင့် ကျန်ရစ်သော ဥတုဇ ရုပ်ကလာပ်တော်ကို (၁၃၇၇ ခုနှစ်၊ ဝါကျွတ်လဆန်း၈ရက်)၊ ၂၁-၁၀-၂၀၁၅ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ပန်းကြာကလပ်တော်ပေါ်သို့ ပင့်ဆောင် ပူဇော်သွား၍ အန္တိမအဂ္ဂိဈာပနပူဇော်မည့် ရက်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာ တော်များနှင့် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**စန္ဒမုနိဘုရားကြီး**
**ကျောင်းဒါယကာ၊ ဒါယိကာမများ**
**မြောက်ဦးမြို့**

---

## ဦးသိန်းအောင်

**(တိုင်းပညာရေးမှူး-ငြိမ်း၊ တနင်္သာရီ)**

**အသက်(၇၀) (ပဲခူး)**

ပဲခူးမြို့၊ ကျောက်တန်းကျေးရွာနေ (ဦးအုံးမောင်-ဒေါ်ခင်မေ)တို့၏သား၊ ပဲခူးမြို့၊ မော်ကန်(၁၃)လမ်း၊ အမှတ်(၁၆၉)နေ ဒေါ်မမလေး(ဦးစီးအရာရှိ တိုင်း သမ-ငြိမ်း၊ ပဲခူး)၏ခင်ပွန်း၊ မောင်ကိုကိုအောင်-မသီသီမော်၊ မဝါဝါသိန်းတို့၏ မွေးသဖခင်၊ မောင်မြတ်ကောင်း(အထက-၃)၏အဘိုးသည် ၁၄-၁၀-၂၀၁၅ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၀-၂၀၁၅(သောကြာနေ့) မွန်းလွဲ၁နာရီတွင် အထက်ပါနေအိမ်မှ ပဲခူးမြို့၊ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် တပည့်အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

## ဟာဂျီဂူလမ်ဟူစိန် (၉၃)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄) ရပ်ကွက်၊ စာဂ(၁၈)လမ်း၊ အမှတ် (၇၅၈)နေ (ဟာဂျီဖကီးမိုဟာမက်-ဒေါ်ရတီသန်း)တို့၏ သား၊ (ဒေါ်တင်အေး) ၏ခင်ပွန်း၊ သားသမီးငါး ယောက်၊ မြေး၁၉ယောက်၊ မြစ်၁၆ယောက်တို့၏ အဘိုး ဟာဂျီဂူလမ်ဟူစိန်သည် ၁၄-၁၀-၂၀၁၅ (ဗုဒ္ဓဟူးနေ့) နံနက်၈း၃၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ အစ္စရှနမာဇ်အပြီးတွင် ရေဝေးစွန္နီကဗရ်စတာန်၌ ဒါဖွာနာပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးချို

**(ပလ/ပုလော)**

**အသင်းဝင်အမှတ်(၁၉၂၅)**

**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၅) ရပ်ကွက်၊ ဗဟိုလမ်းအမှတ်(၄၂၃)နှင့် တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ ပလရွာနေ (ဒေါ်တင်ရီ)၏ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီး ဇော်ဝင်း(ငြိမ်း)၊ (ကမ္ဘာ့ရတနာဘဏ်၊ ဒုဦးဆောင် ညွှန်ကြားရေးမှူး)-ဒေါ်ကြင်ကြင်ဝေ (အမှုဆောင်၊ ပုလောမြို့နယ်အသင်း၊ ရန်ကုန်)၏ မွေးသဖင်ကျေးဇူးရှင်သည် ၁၅-၁၀-၂၀၁၅ (ကြာသပတေးနေ့) ၈း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၀-၂၀၁၅(စနေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အသင်းမှကားများ နံနက်၁၁း၃၀နာရီတွင် ထွက်ပါမည်။)

**အမှုဆောင်အဖွဲ့**

---

## ဦးထွန်းလင်း

**ဆန်းသစ်လင်းဓာတ်ခွဲခန်း**

**(ကုန်ဈေးတန်း)**

**အသက် (၆၁) နှစ်**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်၊ မြစ်ကမ်းကြီးကျေးရွာနေ (ဦးကြည်လှိုင်)-ဒေါ်ငွေးတင်တို့၏သား၊ အမှတ် (၄၄၇)၊ နီလာ(၄)လမ်း၊ (၈) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နေ ဒေါ်စန်းစန်းမြင့် (အထက်တန်းသူနာပြု-ငြိမ်း)၏ ခင်ပွန်း၊ ကိုဖွဲလင်းအောင်၊ ဗိုလ်ကြီးဖွဲလင်းနောင်(လယ်ဝေး)တို့၏ မွေးသဖခင်၊ မောင်ထွန်းဝင်း-မခင်ငြိမ်း၊ မောင်ထွန်းမင်းတို့၏ အစ်ကို ဦးထွန်းလင်းသည် ၁၄-၁၀-၂၀၁၅ (ဗုဒ္ဓဟူးနေ့) ည ၈း၄၅ နာရီတွင် မင်္ဂလာဒုံအမှတ်(၁) စစ်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၁၀-၂၀၁၅ (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

**ကျန်ရစ်သူမိသားစု**

---

**မြိတ်မြို့နယ်အသင်း(ရန်ကုန်)**

## ဦးလွင်ကြည်(မြိတ်)

**အသင်းဝင်အမှတ်(၆၁၉၂)**

**အသက်(၄၈)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၃) ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(၄၂၀)၊ အခန်း(၂၀၂)နေ ဒေါ်ဝါဝါဝင်း၏ခင်ပွန်းသည် ၁၃-၁၀-၂၀၁၅(အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၀-၂၀၁၅ (ကြာသပတေးနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ ပြီးစီးပါကြောင်း။

**အမှုဆောင်အဖွဲ့**

---

**ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)**

## ဒေါ်ထွန်း(ကော့သောင်း)

**အသက်(၉၁)နှစ်**

ကော့သောင်းမြို့၊ အမှတ်(၁၃၀)၊ မင်္ဂလာလမ်း၊ အဏ္ဏဝါရပ်ကွက်နေ (ဦးစိ)၏ဇနီး၊ ဒေါ်ခင်မြင့်၊ ဦးသောင်းမြင့်-(ဒေါ်ကျင်ရှိ)၊ ဒေါ်ချမ်းကြည်၊ (ကော်မရှင်အဖွဲ့ဝင်-ကော့သောင်းမြို့နယ် အသင်း-ရန်ကုန်)၊ ဒေါ်ထားထားမြင့်၊ ဒေါ်လှဝင်း၊ ဒေါ်ရှုတင်၊ ဒေါ်လှမြင့်၊ ဦးအုန်းမြင့်၊ (ဦးကျော်လှ)၊ (ဦးသောင်းစိန်)တို့၏မိခင်၊ မြေး၂၈ယောက်၊ မြစ် ၃၇ယောက်၊ တီတစ်ယောက်တို့၏ အဘွားသည် ၁၃-၁၀-၂၀၁၅ (အင်္ဂါနေ့) နံနက်၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၅ (တနင်္လာနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကော့သောင်းမြို့ရွှေပြည်သာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး၊ ရပ်နီး၊ အသင်းသူ၊ အသင်းသားများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**
**ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)**

---

## ဒေါ်ရင်ရွှေ (၈၄)နှစ်

**(ပေါင်းတည်)**

ပေါင်းတည်မြို့၊ (၈)လမ်းနေ ဦးမောင်ဟုတ်(သကျမုနိမိုယ်းကောင်းဘုရားကြီးနှင့် မြတ်စွယ်တော်ဂုဏ်ထူးဆောင် နာယက) ၏ဇနီး၊ မခိုင်ဇာမင်း၊ မစုလှိုင်မင်း(ပန်းပျိုးခင်းစာသင်ဝိုင်း)၊ မောင်ကျော်သက်ကို၊ မောင်ဘိုဘိုသော်၊ မပိုပိုသော်၊ မောင်လင်းထွဋ်အောင် (KBZ ဘဏ်)၊ ဒေါက်တာအောင်ကိုကို(ခုတင်-၅၀၀ ဆေးရုံကြီး)၊ ဒေါက်တာအောင်ပိုင်ကို (ဖားကန့်)၊ ဒေါက်တာဇင်ဝေယံ (လှိုင်သာယာမြို့နယ်ဆေးရုံ)၊ မောင်အောင်မြတ်ကို (Huawei Co.,) ဒေါက်တာခင်မြတ်မြတ်ခိုင်၊ မမေဖြူခင်(အလုပ်သင်ဆရာဝန်)၊ မောင်ရဲဝေလင်း၊ မောင်မင်းကောင်းသာ (Dip.Maritime Tech:)၊ မသီရိအောင်တို့၏အဘွား ဒေါ်ရင်ရွှေသည် ၁၂-၁၀-၂၀၁၅(တနင်္လာနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၀-၂၀၁၅ (ဗုဒ္ဓဟူးနေ့)တွင် ပေါင်းတည်မြို့၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမြေးများ**

---

## ဦးဝင်းအောင်

**အသက်(၆၁)နှစ်**

**ကြည့်မြင်တိုင်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ တိုက်(၁၁)၊ အခန်း(၂၅)၊ ပန်းလှိုင်အိမ်ရာနေ(ဦးထင်အောင်-ဒေါ်သန်းသန်း)တို့၏သား၊ ဦးသိန်းဟန်-ဒေါ်အေးကြိုင်တို့၏သားသမက်၊ (ဦးထွန်းလှအောင်)-ဒေါ်လှလှတင်၊ ဦးခင်စိုး-(ဒေါ်ခင်ညွန့်အောင်)၊ ဦးစိုးအောင်-ဒေါ်ဖြူဖြူဝင်းတို့၏ ညီ/မောင်၊ (ဦးကျော်အောင်)-ဒေါ်ဝင်းမြင့်၊ ဦးဇော်အောင်-ဒေါ်ညိုညိုထွန်းတို့၏ အစ်ကိုကြီး၊ (ဦးသိန်းဦး) ဦးဇော်မင်းဆွေ-ဒေါ်စိုးစိုးဟန် (Yoma Ahlo ne)၊ ဒေါ်သီတာအေးဟန် (KMA) တို့၏အစ်ကို၊ ဒေါ်ဆွေဆွေဟန်၏ ချစ်လှ စွာသောခင်ပွန်း၊ မပွင့်ပွင့်ဝင်းအောင် (F&N Foods Pte.Ltd)၊ မောင်ဇင်ကိုဝင်းအောင် (Sae Paing Co.,Ltd) တို့၏ ချစ်လှစွာသော မွေးသဖခင်ကျေးဇူးရှင်သည် ၁၄-၁၀-၂၀၁၅ (ဗုဒ္ဓဟူးနေ့) ညနေ ၅း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၀-၂၀၁၅ (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၀-၁၀-၂၀၁၅ (အင်္ဂါနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

Hot Line No-0930500100

# ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် နိုင်ငံတော်တည်ဆောက်နိုင်အောင် ကြိုးစားဆောင်ရွက်

**နေပြည်တော်　အောက်တိုဘာ ၁၆**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM)ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ ဟိုတယ်မက်စ်၌ကျင်းပရာ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။ **(ယာပုံ)**

အခမ်းအနားသို့ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်း၊ ဦးသိန်းဇော်နှင့် အဖွဲ့ဝင်များ၊ တပ်မတော်မှ ကိုယ်စားလှယ်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဗိုလ်ချုပ်ထွန်းထွန်းနောင်၊ ဗိုလ်ချုပ်မင်းနောင်၊ လွှတ်တော်မှကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့မှ ခေါင်းဆောင်များ၊ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာနမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။




အစည်းအဝေးတွင် ဒုတိယသမ္မတက ယနေ့အစည်းအဝေးသည် NCA တွင် ပါဝင်သည့် သဘောတူညီချက်များအတိုင်း စာချုပ်အကောင်အထည်ဖော်မှု၏ ပထမဆုံး စတင်သည့် ခြေလှမ်းသာဖြစ်ပါကြောင်း၊ ယခုအဆင့်မှနေ၍ ရှည်လျားသည့် ခရီးကို နှစ်ဖက်စလုံးက လျှောက်လှမ်းကြရဦးမည် ဖြစ်ပါကြောင်း။

စာမျက်နှာ ၉ ကော်လံ ၅ သို့

# ပြည်ပသို့ ဆန်တင်ပို့မှု တန်ချိန်အကန့်အသတ်မရှိ တင်ပို့နိုင်

**ရန်ကုန်　အောက်တိုဘာ ၁၆**

ပြည်တွင်းမှ ဆန်တင်ပို့မှုကို ယခုလလယ်ပိုင်းမှစတင်ကာ တန်ချိန်အကန့်အသတ်မရှိ တင်ပို့ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ဆန်စပါးအသင်းချုပ်တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ပြည်ပဆန်တင်ပို့မှုကို ဩဂုတ်လအတွင်းက ရပ်ဆိုင်းခဲ့ပြီး စက်တင်ဘာ ၁၅ ရက်က ပြန်လည်ခွင့်ပြုခဲ့သော်လည်း တန်ချိန်အကန့်အသတ်ဖြင့်သာ တင်ပို့ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ ယခု အောက်တိုဘာ ၁၅ ရက်မှစတင်ကာ တန်ချိန် အကန့်အသတ်မရှိ တင်ပို့ခွင့်ရရှိခဲ့ပြီး တင်ပို့မှုအများဆုံးဖြစ်သည့် တရုတ်နိုင်ငံတွင် စပါးထွက်ရှိချိန်ဖြစ်သည့်အတွက် တင်ပို့မှုလျော့ကျလာနိုင်သည့် အခြေအနေရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စက်တင်ဘာ ၁၅ ရက်မှ အခုရက်ပိုင်းအထိ ဆန်နဲ့ဆန်ကွဲ တန်ချိန် ခြောက်သိန်းကျော်တင်ပို့ထားလျက်ရှိပြီး ယခုနှစ်အတွင်းမှာ ခန့်မှန်းချက်တန်ချိန် တစ်သန်းနီးပါးခန့် တင်ပို့သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။ ၂၀၁၄ ခုနှစ်တွင် တင်ပို့တန်ချိန် ၁ ဒသမ ၈ သန်းတင်ပို့ခဲ့ပြီး ယခုနှစ်တွင် တန်ချိန်ငါးသိန်းခန့်လျော့ကျသွားနိုင်ကြောင်း သိရသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့

**သ တ င်း အ ညွှ န်း**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်သစ်သံအမတ်ကြီးနှင့် ကိုရီးယားနိုင်ငံသံအမတ်ကြီးတို့အား လက်ခံတွေ့ဆုံ

စာမျက်နှာ » ၉

# မာရှယ်လ် နှင့် ပိုချက်တီနိုတို့ တစ်လတာအကောင်းဆုံးကစားသမားဆုနှင့် နည်းပြဆုများဆွတ်ခူး




မန်ယူတောင်ပံတိုက်စစ်မှူးမာရှယ်လ်နှင့် စပါးနည်းပြ ပိုချက်တီနိုတို့သည် စက်တင်ဘာလအတွက် ပရီမီယာလိဂ်အကောင်းဆုံးကစားသမားဆုနှင့် နည်းပြဆုများအသီးသီးဆွတ်ခူးခဲ့ကြကြောင်းသိရသည်။

မာရှယ်လ်သည် စက်တင်ဘာလအတွင်း စုစုပေါင်းပရီမီယာလိဂ်ပွဲစဉ်လေးပွဲဝင်ရောက်ကစားခဲ့ရာ သွင်းဂိုး သုံးဂိုးအထိ သွင်းယူနိုင်ခဲ့ပြီး လီဗာပူးအားအနိုင်ရရှိသော ပွဲစဉ်၌ ခြေစွမ်းအပေါ် လွင်ဆုံးကစားနိုင်ခဲ့သည်။ လီဗာပူးအားသုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သောပွဲစဉ်တွင် လူစားဝင်ကစားသမားအဖြစ်ဝင်ရောက်ကစားပြီး တစ်ဂိုးသွင်းနိုင်ခဲ့သလို ဆောက်သမ်တန်အား သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသော ပွဲစဉ်၌လည်း နှစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ မန်ယူက ပြင်သစ်လူငယ်ကစားသမား မာရှယ်လ်အတွက် စုစုပေါင်းကုန်ကျစရိတ်ပေါင် ၅၈သန်းအထိ ကျခံကာ ခေါ်ယူခဲ့ခြင်းဖြစ်ပြီး ပြောင်းရွှေ့ကြေးနှင့် ထိုက်တန်သော ခြေစွမ်းမျိုးပြသနိုင်ခဲ့သူဖြစ်သည်။

စပါးနည်းပြ ပိုချက်တီနိုကမူ မန်စီးတီးအား လေးဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိသော ပွဲအပါအဝင် စက်တင်ဘာလအတွင်း နိုင်ပွဲသုံးပွဲနိုင်ရလဒ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းကြောင်း ယခုကဲ့သို့အကောင်းဆုံးနည်းပြဆု ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။ ယခုရရှိခဲ့သော အကောင်းဆုံးနည်းပြဆုမှာ ပိုချက်တီနိုအတွက်ဒုတိယအကြိမ်မြောက်ရရှိသောဆုဖြစ်ပြီး ဆောက်သမ်တန်နည်းပြအဖြစ်ဆောင်ရွက်စဉ်က ပထမအကြိမ်ရရှိခဲ့ဖူးသည်။ **[မေလှဲသင်း]**










themirror.npt@gmail.com
www.facebook.com/themirrordaily

# 4TV ၏ တစ်ပတ်တာကြည့်ရှုစရာအစီအစဉ်ကောင်းများ
## (၁၇-၁၀-၂၀၁၅ မှ ၂၃-၁၀-၂၀၁၅ အထိ)

Vol.1 No-40

အပတ်စဉ် စနေနေ့တိုင်း TV Guide မှ စီစဉ်ထုတ်ဝေသည်။

မြန်မာပြည်အနှံ့ ကြည့်နိုင်ပြီ
4TV DTH ၂၆ ဝလောင်းနှင့်
ရုပ်သံဖမ်းစက် SATELLITE RECEIVER
အရည်အသွေးမြင့်ရုပ်သံလိုင်းပေါင်းများစွာ ခံစားကြည့်ရှုနိုင်သည်

# သီတင်းကျွတ်အထူးအစီအစဉ်

သီတင်းကျွတ်အခါသမယမှာ တန်ဖိုးရှိလှသော ဂါရဝတရားရဲ့ သင်္ကေတအဖြစ်
**4TV လက်ဆောင်ခြင်း** ကို လူကြီးသူမဆရာသမားများအား ကန်တော့ကြ၍ ကုသိုလ်ယူနိုင်ကြပါသည်




**4TV HD RECEIVER + 4TV ANTENNA (သို့) 4TV ဝလောင်းဗန်း + မဟာတေဇီတရားခွေ DVD ၂ခွေ + TV GUIDE**

# 45,000 Ks.

**October 10 to November 10 2015**

အမြို့မြို့အနယ်နယ်ရှိ 4TV SHOWROOM များတွင် ဝယ်ယူရရှိနိုင်ပါသည်။ **HOTLINE 01-2306166**

## 4TV ၏တစ်ပတ်တာကြည့်ရှုရာအစီအစဉ်ကောင်းများ

( ၁၇ - ၁၀ -၂၀၁၅ မှ ၂၃ - ၁၀ -၂၀၁၅ အထိ)

| High Definition ရုပ်သံလိုင်းများ | ရုပ်ရှင် ရုပ်သံလိုင်းများ |
|---|---|
| MRTV-4 HD, Channel 7 HD, Nat Geo Wild HD, National Geographic, HBO HD, Fox HD, Fox Movies, Fox Action Movies, Diamond HD, M-HD, 4 HD, 4 Ladies | Fox Movies, HBO, Fox Family Movies, FOX CRIME, Cinemax, 4 Cinema, 4 Cinema, 4 Drama, 5 Special, 5 Series, 5 Plus, 5 Movies |

### (စနေနေ့) ၂၀၁၅ · ၁၀ · ၁၇

8:25 AM Million Dollar Arm — Fox Movies HD




7:05 PM Shoot 'Em Up — CINEMAX




for CINEMA 2

07:51 AM ဓါးပဲ့ရှာ ဒွေး၊ စိုးမြတ်သူဇာ၊ မြတ်ကေသီအောင်
09:45 AM ချစ်တဲ့သူငယ်လေး ကောင်းမှူး၊ မေဝင်းမောင်
11:49 AM သစ္စာနှင့်ဆီမီးစီရင်ရာ နေမင်း၊စိုးမြတ်သူဇာ
01:51 PM အပျော်ဆွဲ နေတိုး၊ သက်မွန်မြင့်
06:04 PM အမုန်းတကယ်လက်ထပ်ခြင်း ထွန်းထွန်း၊စိုးပြည့်သဇင်
08:12 PM မချိုမချဉ်ချစ် ပြေးဝေစိုး၊အိန္ဒြာကျော်ဇင်

### (တနင်္ဂနွေနေ့) ၂၀၁၅ · ၁၀ · ၁၈

7:00 PM Avengers: Age of Ultron — 4 HD




7:36 PM Backcountry — For Cinema




for CINEMA 2

12:01 PM ငါသူတပါးမယောကျ်ားမိန်းမ ရန်အောင်၊လွှင်မိုး မေသန်းနု၊ထက်ထက်မိုးဦး
02:04 PM ခဝဉ်မိ မိုးဒီ၊ ခင်မိုမိုအေး ဆုပန်ထွာ၊ ချိုက်
04:09 PM မချစ်တတ်သူချင်း နေတိုး၊သင်ဇာဝင့်ကျော် ဆုပန်ထွာ
05:59 PM ငယ်သူမို့မသိပါ လူမင်း၊ ချစ်သုဝေ
08:12 PM မင်းနဲ့မှချစ်တတ်ပြီ ဒွေး၊ အိန္ဒြာကျော်ဇင်

### (တနင်္လာနေ့) ၂၀၁၅ · ၁၀ · ၁၉

1:35 PM Charlotte's Web — HBO HD



9:10 PM Cesar Chavez — Fox Movies




for CINEMA 2

04:24 PM လိမ်ဥတူးသူများ ညီနန္ဒာ၊သင်ဇာဝင့်ကျော်
06:27 PM ခတတ်သိမ်းမဲ့ခတတ် မိုးဒီ၊ရွက်တယ်၊ခင်စိုးပိုင်
08:25 PM နှလုံးသားရှင်ကြွင်း မင်းဦး၊စိုးပြည့်သဇင်
10:11 PM ချစ်ခြင်းခွဲသဲစဉ် ရန်အောင်၊နေပယ်၊ထွန်းအိန္ဒြာဗို

### (အင်္ဂါနေ့) ၂၀၁၅ · ၁၀ · ၂၀

10:20 PM Prince Of Persia: The Sands Of Time — Fox Action Movies




1:25 PM Kings Man : The Secret Service — 5 Movies



for CINEMA 2

01:24 PM အငြိုးမြစ် ရွှမ်း၊ မောကျာ
03:29 PM တူဖိုးဝေမခိုင်း နိုင်နိုင်း၊ ဂျူဝင်
05:31 PM မိုးခဲမောင်မောင် သီဟတင်စိုး၊ ခင်မာဦး
07:36 PM ရွာလျော့ကြီးရွာပုံတော် စည်သြိုး၊ ဗိုင်းရာနိုင်သိန်း

### (ဗုဒ္ဓဟူးနေ့) ၂၀၁၅ · ၁၀ · ၂၁

7:00 PM Out of the Dark — 4 HD



3:25 PM Stuart Little — Fox Family Movies




for CINEMA 2

01:57 PM ကဇေဝမ္ဘဲနိုင်ငံနဲ့ ခန့်စည်သူ၊ နန္ဒာလှိုင်
03:59 PM အိုးမှတ်ချိုရှင် မင်းမော်ကွန်း၊ နေရှာ
06:06 PM သေမင်းနိုင်ငံမှာသုံးတဲ့ဒိုက်ဆံ ပြေခင်၊ ခေါ်ခေါ်အောင်
07:55 PM ချီလိမ် ပြေတီဦး၊ အိန္ဒြာကျော်ဇင်

### (ကြာသပတေးနေ့) ၂၀၁၅ · ၁၀ · ၂၂

7:30 PM Let's Eat — M-HD



9:36 PM For Greater Glory — For Cinema




for CINEMA 2

10:01 AM လေလှိုင်းချစ်သူ ပြေတီဦး၊ သက်မွန်မြင့်
11:59 AM ချစ်တဲ့သက်က ရန်အောင်၊ မြတ်ကေသီအောင်
01:49 PM ကောင်ရ ရွှမ်း၊စိုးပြည့်သဇင်

### (သောကြာနေ့) ၂၀၁၅ · ၁၀ · ၂၃

11:50 AM Brick Mansions — HBO HD




6:10 PM Wild Card — 5 Movies




for CINEMA 2

09:58 AM လေဗီဝင်စ် ပြေတီဦး၊စိုးမြတ်သူဇာ
12:20 PM ဇာတ်နှ် ခိုင်ကိုး၊သင်ဇာဝင့်ကျော်
02:15 PM ပလေဝ်လွှတ်နေတယ် မေလှုံ၊ဒီနိုးဆပ်
04:06 PM မယ်သီတာလိုမိန်းကလေး ရန်အောင်၊မိုးမြင့်အောင်

www.facebook.com/4tvmyanmar ဆက်သွယ်ရန် : 01- 2306166

## 4TV ၏ တစ်ပတ်တာကြည့်ရှုရာ အစီအစဉ်ကောင်းများ (၁၇-၁၀-၂၀၁၅ မှ ၂၃-၁၀-၂၀၁၅ အထိ)

### EDU Activity

EDU

ခေတ်မီလူပ မိခင်ဘဝ
သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး
ဒေါက်တာစိုးလွင် ဟောပြောပွဲ (၂)
18-10-2015 (Sunday) 9:30 AM/PM



### KBS WORLD THE PRESIDENT

Monday To Thursday
9:30 PM

၂၀၁၂ ခုနှစ်မှာ ၁၈ ယောက်မြောက် သမ္မတအဖြစ် အရွေးချယ်ခံဖို့ ဝင်ရောက်ယှဉ်ပြိုင်တဲ့ ဂျန်အီလ်ဂျွန်း (ရှိုင်ဆူးဂျောင်)အကြောင်း ရိုက်ကူး တင်ဆက်ထားပါတယ်။ ဂျန်အီလ်ဂျွန်းဟာ သာမန်ပညာရေးမိသားစုကနေ မွေးဖွားလာပေမဲ့ ဂုဏ်သတင်းကြီးတဲ့ တက္ကသိုလ်တစ်ခုကနေ ဥပဒေဘွဲ့နဲ့ ကျောင်းပြီးခဲ့ပါတယ်။ နိုင်ငံက စစ်အုပ်ချုပ်ရေးလက်အောက်မှာ ရှိနေစဉ် ဂျန်အီလ်ဂျွန်းဟာ ကျောင်းသားလှုပ်ရှားမှု ခေါင်းဆောင် တစ်ဦးဖြစ်ခဲ့ပြီး ဘဝမှာ တစ်ကြိမ်သာ ကြုံရတဲ့ ကိစ္စတစ်ခုမှာ ပါဝင်ခဲ့ရပါတယ်။ သူဟာ ကိုရီးယားရဲ့ နိုင်ငံတော်သမ္မတဖြစ်ဖို့ စိတ်ကူးအိပ်မက်မက်ခဲ့တယ်။ အဲဒီ ကတည်းက လူ့အခွင့်အရေး ရှေ့နေအဖြစ် အလုပ်လုပ်ခဲ့ပါတယ်။ အခုတော့ ဂျန် အီလ်ဂျွန်းဟာ သူ့ရဲ့ခေါင်းဆောင်မှုအောက်မှာ သဘောတရားလူတန်းစားအရေးနဲ့ ဒေသတွင်းမှာ ရှိနေ တဲ့ ပဋိပက္ခတွေကို ဖြေရှင်းအောင်နိုင်ဖို့ စိတ်ကူး အိပ်မက်မက်ရင်း ၂၀၁၂ ခုနှစ် သမ္မတရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ပါတော့တယ်။




### K Pop Tasty Road

4 HD LADIES

(22.10.2015)
Every Wed, Thursday (8:00 pm)






Global Trend ထစ်ရှုဖြစ်လာသော korea နိုင်ငံရဲ့ အစားအသောက် နေထိုင်မှုပုံစံ ဝတ်စားဆင်ယင်မှုပုံစံ fashion တို့ကို NS YoonG နှင့် Eli တို့က တင်ဆက်ပေးမယ့် အစီအစဉ်တစ်ခု ဖြစ်ပါတယ်။







### BUNDESLIGA 2015-2016

**MATCHDAY(9)**

LIVE ON FOX

Oct 17 / 07:50 PM
FC Schalke vs Hertha Berlin

Oct 17 /10:50 PM
Eintract Frankfurt vs Borussia Monchengladbach

LIVE ON FOX 2 / FOX 2HD

Oct 17 / 00:50 AM
FSV Mainz vs Borussia Dortmund

LIVE ON FOX 3 / FOX 3HD

Oct 17 / 07:50 PM
SV Werder Bremen vs FC Bayern Munich

## 2014-15 ISTAF SUPERSERIES SEPAKTAKRAW

SuperSeries

**MENS TEAMS**

| GROUP A | GROUP B |
| --- | --- |
| India | Japan |
| Myanmar | Korea |
| Philippines | Malaysia |
| Thailand | Singapore |

**Womens Teams**

| Group A | Group B |
| --- | --- |
| Japan | Malaysia |
| Korea | Myanmar |
| Vietnam | Thailand |

**အောက်တိုဘာလ ၂၀ရက်နေ့ကနေ ၂၃ရက်နေ့ အထိ ထိုင်းနိုင်ငံ က အိမ်ရှင်အဖြစ်ကျင်းပမယ့်**
**2014-15 ISTAF Superseries**
**ပိုက်ကျော်ခြင်းပြိုင်ပွဲကြီး**

ဒီပွဲစဉ်များကို for Sports ရုပ်သံလိုင်းကနေ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမှာဖြစ်ပြီး အောက်တိုဘာလ ၂၂ ရက်နေ့နဲ့ ၂၃ ရက်နေ့များမှာ ယှဉ်ပြိုင်ကစားမဲ့ အမျိုးသား ပိုက်ကျော်ခြင်း ပြိုင်ပွဲကြီး ရဲ့ အကြိုဗိုလ်လုပွဲ တတိယနေရာ လုပွဲနဲ့ ဗိုလ်လုပွဲစဉ်များအပြင် အမျိုးသမီး ပိုက်ကျော်ခြင်း ပြိုင်ပွဲကြီးရဲ့ ဗိုလ်လုပွဲစဉ်များ ကို for Sports ရုပ်သံလိုင်းကနေ တိုက်ရိုက်ထုတ်လွှင့်ပြသပေးသွားမှာဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါတယ်။

**21 October 2015**

Group A
1:30 pm
Men

Myanmar vs Thailand

Group B
4:10 Pm
Women

Myanmar vs Thailand

